# မင်္ဂလမြို့ဝမြို့

# ဝိပဿနှဝဒဃဆွဲချုပ်ကြီး၏

## တရားစဂ

စတုတ္ထတွဲ



ဩဝါဒစရိယ မဟာနာယက

(သက်တော်-၇၀) (သိက္ခာတော်-၅၁)

ဉာဏစာဂီ-မဟာထေရ် ဆရာတော်၏ပုံ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

# မော်လမြိုင်မြို့၊ ဝိပဿနာ အဖွဲ့ချုပ်ကြီး၏

# ဟောရေးစာ စတုတ္ထတွဲ

## (ကျမ်းဦးအစ၊ နိဒါနကထာ)

## (၁) အဆင့်ဆင့် မြင့်မြင့်တက်ရန် ကျေးဇူးပြု

အရာရှိကြီးတဦးက ဆင်းရဲသားတဦးကို (၁) မြို့ပိုင်၊ မြို့အုပ်ရာထူးကိုပေးသည်။ (၂) ဒုတိယဝန်ထောက်ရာထူးကို ပေးသည်။ (၃) တတိယ အရေးပိုင် ရာထူးကို ပေးသည်။ (၄) စတုတ္ထ တိုင်းမင်းကြီး ရာထူးကိုပေးသည်။ (၅) ပဉ္စမ အတွင်းဝန်ရာထူးကိုပေးသည်။ (၆) ဆဋ္ဌမ ဝန်ကြီး ၄-ပါး ထဲကတခုခု ရာထူးကိုပေးသည်။ (၇) သတ္တမ နန်းရင်းဝန်ဆိုတဲ့ ဝန်ကြီးချုပ်ရာထူးကိုပေးသည်။ (၈) အဋ္ဌမ သမတကြီး ရာထူးကိုပေးသည်။ ဒီလိုပေးတော့ ရာထူးရသောသူက ပေးသောသူကို တဘဝလုံးမမေ့နိုင်အောင် အထူးပင်ကျေးဇူးတင်သည်။ အဲဒါတွေဟာ တဘဝချမ်းသာတဲ့ရာထူးပါဘဲ။

ယခုဉာဏစာဂီ ပေးနေသော ရာထူးတွေကတော့ အာစာရအရိယာ၊ ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဓအရိယာ၊ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ရသော လောကုတ္တရာ ထဲကပရမတ္ထ ရာထူးပေးတာမို့ တသံသရာလုံး ယနေ့ကစ၍

ပါတဲ့ လုလုယူကြပါ၊ အတင်းယူကြပါ၊ ငွေကောင်းကောင်း နိဗ္ဗာန်အထိပင် အတက်သာရှိသည် အကျမရှိတဲ့ ရာထူးတွေ နှင့် အရယူကြပါ၊ လက်မလွှတ်တမ်းယူကြပါ၊ ၂၄-သင်္ချေ၊ ကုဋေ (၆၀) ဗိုလ်ခြေတသိန်းတို့၏ရာထူးယူနည်းပါတဲ့။ ။ စေတနာရှိရှိ၊ ဂရုဏာပြည့်ပြည့်နှင့် မိမိ၌ရကြီး အကျိုးမျှော် ၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်၊ အရယူကြပါလေ။

## (၂) တစ်နံ့ပါတ်နှင့်မြင့်မြင့်တက်ချင်ကြသလား

တစ်နံ့ပါတ်နှင့် မြင့်မြင့်တက်ချင်ကြပါလျှင် ယခုပြမည့် တစ်ပါတ်တွေကိုကြည့်ကြပါ။ (၁) ဝိသယခေတ် ခေါ်တဲ့ စကြာဝဠာ အနန္တမှာ ဘုရားတဆူဟာ တစ်နံ့ပါတ်ပါတဲ့။ (၂) ၃၁-ဘုံမှာ မဟာဗြဟ္မာကြီးတဦးထဲသာ တစ်နံ့ပါတ် ပါတဲ့။ (၃) နတ်ပြည် ၂-ထပ်မှာ သိကြားမင်း တဦးဟာ တစ်နံ့ပါတ်ပါတဲ့။(၄) အပါယ်နယ်၊ လူ့နယ်၊ စာတုမဟာ ရာဇ်နယ်၊ တာဝတိံသာနယ်၊ ရှင်းနယ် ၄-မျိုး၌ မန္ဓာတ် မင်းဟာ တဦးဟာ တစ်နံ့ပါတ်ပါတဲ့။ (၅) ၄-ကျွန်းမှာ စကြာမင်းဟာတစ်နံ့ပါတ်ပါတဲ့။ (၆)ကမ္ဘာဦးလူ့ပြည်မှာ မဟာသမတမင်းတဦးဟာတစ်နံ့ပါတ်ပါတဲ့။ (၇) ကောင်း ကင်ပျံငှက်တို့တွင် ရွှေဟင်္သာငှက်မင်းဟာတစ်နံ့ပါတ်ပါတဲ့။ (၈) တောသုံးတောင်တွင် ကေသရာဇာ ခြင်္သေ့မင်းဟာ တစ်နံ့ပါတ်ပါတဲ့။ (၉) သမုဒ္ဒရာမှာ အာနန္ဒာငါးမင်းဟာ တစ်နံ့ပါတ်ပါတဲ့။ (၁၀) တောင်တို့တွင်မြင့်မိုရ်တောင်ဟာ

တစ်နံ့ပါတ်ပါဘဲ။ (၁၁) စကြာဝဠာမှာ နေမင်းဟာ တစ်နံ့ပါတ်ပါဘဲ။ (၁၂) ညမှာလမင်းဟာ တစ်နံ့ပါတ်ပါဘဲ။ (၁၃) တောင်ကျွန်းမှာ ကေရာဇ်မင်းဟာတစ်နံ့ပါတ်ပါဘဲ။ (၁၄) တပြည်၊တနိုင်ငံမှာ ပဒေသရာဇ်မင်းဟာ တစ်နံ့ပါတ်ပါဘဲ။ (၁၅) ၁၄-ဘုံ ကမ္ဘာပျက်ရာ၌ မီးဟာဘစ်နံ့ပါတ်ပါဘဲ။(၁၆) ၁၇-ဘုံ ကမ္ဘာပျက်ရာ၌ရေဟာတစ်နံ့ပါတ်ပါဘဲ။(၁၇) ဘုံ ၂၀၊ ကမ္ဘာပျက်ရာ၌ လေဟာ တစ်နံ့ပါတ်ပါဘဲ။(၁၈) (၁၅၀၀)ကိလေသာကို ဖျက်ရာ၌ ဝိပဿနာဓါတ်မီးဟာတစ်နံ့ပါတ်ပါဘဲ။[ဈာယေထဘိက္ခဝေ၊ ကိလေသေ၊ ဝိပဿနာ့အဂ္ဂိနာ] ဈာနသံယုတ်ပါဠိတော်။(အနက်ကား) ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ ၁၅၀၀-ကိလေသာ အကုသိုလ်တို့ကို။ ဝိပဿနာအဂ္ဂိနာ၊ ဝိပဿနာမီးဖြင့် ဈာယေထ၊ မီးရှို့၍ ဈာပနဖြင့်ပြာချ၍ ဖြစ်ကြပါကုန်လော့။

## (၃) ၃၁-ဘုံမှကျွတ်လွတ်ချင်ပါလျှင် (တစ်)ကိုအားထုတ်ကြပါ

၃၁-ဘုံမှာ အတ္တကလွှမ်းမိုးသည်၊ ။လောကုတ္တရာမှာ အနတ္တကလွှမ်းမိုးသည်။

၃၁-ဘုံမှာ သုခကလွှမ်းမိုးသည်။ ။လောကုတ္တရာမှာ ဒုက္ခကလွှမ်းမိုးသည်။

၃၁-ဘုံမှာ နိစ္စက လွှမ်းမိုးသည်။ ။လောကုတ္တရာမှာ အနိစ္စကလွှမ်းမိုးသည်။

၃၁-ဘုံမှာ သခ်တခေါတ်က လွှမ်းမိုးသည်။ ။လောကုတ္တရာမှာ အသခ်တခေါတ်ကလွှမ်းမိုးသည်။

၃၁ ဘုံမှာ သခ်တ ဓမ္မာက လွှမ်းမိုးသည်။ ။လောကုတ္တရာမှာ အသခ်တဓမ္မာကလွှမ်းမိုးသည်။

၃၁-ဘုံမှာ ပညတ်က လွှမ်းမိုးသည်။ ။လောကုတ္တရာမှာ ပရမတ်ကလွှမ်းမိုးသည်။

၃၁-ဘုံမှာ ထယ်၊ ဒြပ်၊ ပုံစံ၊ သဏ္ဌာန်က လွှမ်းမိုးသည်။ လောကုတ္တရာမှာ သဘောတရားကလွှမ်းမိုးသည်။

ယခုပြတာတွေကား (တခု) က လွှမ်းမိုးနေကြပုံတည်း။ အဲဒါကိုနမူနာယူ၍ အရာရာတိုင်း (အေဝမ်း) တစ်နံပါတ်၊ ပသမတန်း၊ ပြိုင်ဘက်မရှိ၊ ယှဉ်ဘက်မရှိ၊ တုဘက်မရှိဟူသော (တစ်) ကို အချကြီးစားကြပါရန် သတိပေးနှိုးဆော်အပ်ပါသတည်း။

## နိဒါန်းစကား

(၄) ပြိတ္တာတွေ၌ ဒါနမဝင်လို့ အန္တရာယ်နှင့် ဒုက္ခကို ခံစားနေကြရသည်။ အမျှပေးဝေတဲ့လူကအမျှပေးဝေတော့ သူတပါး၏ဒါနဟာ ပြိတ္တာတို့ထံသို့ရောက်လာတော့ ချက်ချင်းသက်ငင်းနတ်ဖြစ်၍ ဘုံနဲ့၊ ဗိမာန်နဲ့၊ နတ်သြဇာနဲ့၊ နတ်နဲ့ ဆိုင်ရာတွေနဲ့ရ၍ နတ်ကဲ့သို့ဖြစ်ကြရသည်။ (၅၀) ဝတ္ထုရှိပါသည်။

(၅) သီလခေါတ်ဝင်တော့ အပါယ်တံခါးပိတ်ပြီး အ

ပါယ် ၄–ဘုံမှကျွတ်လွတ်၍၊ လူ့ဘုံမှကျွတ်လွတ်၍၊ နတ်ဘုံ၌ ၁၁၅–မျိုးနဲ့နေကြရသည်။

(၆) မေတ္တာကထိသို့ အဲ့ဩစရာများကို ကြည့်ရှု ရန်ဟု ရာဇဂြိုဟ်စသော ၁၆–တိုင်း၊ ၁၆–ပြည်မှလာကြသည်။ ၎င်းတို့ကို သူဌေးကြီးကရော၊ သူဌေးကတော်စန္ဒပဒုမာကရော၊ သူဌေးသား ဓနဥ္စယကရော၊ ချွေးမတော်သုမနကရော၊ သူဌေးကျွန် ပုဏ္ဏကရော၊ မိမိတို့၏တန်ခိုးကို ပြသပေးကြသည်။ ဆိတ်ရုပ်ပဒေသာမင်မှ ထွက်ထွက်ပြသမျှကို မြင်ကြရသည်။ ၎င်းပြည်သားတွေ ပြန်မည်ပြုတော့ အချို့ကို ဆင်တလေး ပေး၊ အချို့ကို မြင်းတလေးပေး၊ အချို့ကို လှည်းတပြည့် ပေး၊ အချို့ကိုတထမ်းပေး၊ အချို့ကိုတရွက်ပေး၍ အိမ်သို့ ပြန်စေသည်။ ကမ္ဘာကိုကယ်ပုံ ဆယ်ပုံတည်း။

ဝိပဿနာ အားထုတ်သဖြင့် အမြတ်များ ရကြသည်မှာ (၁) ငွေတကျပ်ရင်းလျှင် ကျပ်အသချေ်အမြတ်ရကြသည်။ (၂) နှမ်းတလုံးရင်းလို့ မြင့်မိုရ် တောင်ကြီးမျှ ရကြသည်။ (၃) နှင်းတလုံးရင်းလို့သမုဒ္ဒရာရေမျှရကြသည်။ (၄)ဇီးစေ့ မျှရင်းလို့ စကြာဝဠာ အပြည့်မျှရကြသည်။ (၅) ကြယ်မျှ ရင်းလို့ နေမင်းကြီးလောက် ရကြသည်။ (၆) လူလောက် ရင်းလို့နတ်လောက်ရကြသည်။ (၇) မျောက်လောက် ရင်း လို့ ဇနပဒကလျာဏီလောက် အမြတ်ရကြသည်။ ဒါသီ၊ထ ကြောင့်အမြတ်ရသည်မှာ ပြတ်တောင်း၊ပြတ်တောင်းနဲ့ပါ၊ ဝိပဿနာကြောင့် အမြတ်ရသည်ကား ယနေ့ကစ၍ နိဗ္ဗာန်

အထိ အဆက်မပြတ်ဘဲရကြပါသည်။ ပညတ်နဲ့ ပရမတ်ဟာ အဲဒါတွေလောက်ကွာခြားပါသည်။

## ဝိပဿနာကြောင့် တသံသရာလုံး အမြတ်ရသွားပုံမှာ

(က) စကြာယာဉ်၊ ချာန်ယာဉ်၊ မဂ်ယာဉ်သုံးပါး

၁။ (စိတ်) စိတ်ကိုသတိခြံထဲ၌ထဲ့သော် စိတ်နဲ့သတိတွဲမိ၍ အရိယာလူ၊ အရိယာနတ်၊ စကြာမင်း၏ ဘဝတွေ၊ ရွှေမိုယ်း-ငွေမိုယ်းရွာတာတွေ၊ ရွှေအိုး-ငွေအိုးပေါ်တာတွေ၊ ရွှေတောင်-ငွေတောင်ပေါက်တာတွေ၊ ရွှေပဒေသာ-ငွေပဒေသာပင်ပေါက်ထာတွေ၊ ဣစ္ဆာသယရွှေအိုးကြီး ရတာတွေ၊ အဓိသီလသိက္ခာ၊ အဓိသီလသာသနာ၊ ဝိနည်းငါးကျမ်း၊ ကမ္မပစ္စယော၊ ကမ္မဝိပါကော၊ အစိန္တိယော၊ သီလဝိသုဒ္ဓိနှင့် ၃၃-မျိုးလဲရသေးသည်၊ စကြာယာဉ်စီးရပါပြီ။

၂။ (စိတ်) စိတ်ကိုသတိ၊ သမာဓိခြံ ၂-ထပ်၌ထဲ့သော် သတိ၊သမာဓိ၊စိတ် ၃-ပါးတွဲမိ၍ အရိယာနှင့် ပြဟ္မာ-၂၀၊ သမထ-၄၀၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ချာန် ၉-ချာန် မြေလျှိုး၊ မိုးပျံ၊ တန်ခိုးချာန်၊ ဘဝင်္ဂ၌နေ၊ ရှေးကမ္ဘာ ၄၀-မြင်ရ၊ နောက်ကမ္ဘာ-၄၀ မြင်ရ၊ ကမ္ဘာ (က၄၀၀၀)နှင့် နေရ၊ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသာသနာ၊ သုတ္တန်၊ ပိဋကတ်၊ ချာနပစ္စယော၊ ဣဒ္ဓိဝိသယော၊ အစိန္တိယော၊ စိတ္တဝိသုဒ္ဓိ ၃၃-မျိုးလဲရသေးသည် ချာန်ယာဉ်ကိုစီးရပါပြီ။

၃။ (စိတ်) စိတ်ကို သတိ၊ သမာဓိ၊ ပညာ ခြံ ၃-ထပ် ထဲ့သော် လောကုတ္တရာနယ်၌ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်ပါရ၊ အဓိပညာသိက္ခာ၊ အဓိပညာသာသနာ၊ အဘိ ဓမ္မာပိဋကတ်၊ မဂ္ဂပစ္စယော၊ ဉာဏဝိသယော၊ အစိန္တိယော ဒိဋ္ဌိဝိသုဒ္ဓိနှင့် ၁၃-မျိုးလဲရသေးသည်၊ မဂ်ယာဉ်ကိုစီးရပါပြီ။ ၁၃-မျိုးကို ပညာသိ တရားစာ၌ရင်း၊ ကိစ္စ-ကရဏီယ စာ စောင်၌ရင်း၊ ဇယားနှင့်တကွပြခဲ့ပါပြီ။ ရင်းစာ ၂-အုပ်ကို ရှာ၍ကြည့်ကြပါလေ။ ယခုပြသော (၁) (၂) (၃) ဆင့် ကား စူဠသောတာပန်အကျိုး၊ မဂ်ငယ်အကျိုး၊ အရိယာ ငယ်အကျိုး၊လောကုတ္တရာငယ်အကျိုး ဝိပဿနာ၏အခြေခံ ရသောက်မြစ်ကိုပြပါသည်၊သာသနာတော်ကြီး(၅၀၀၀) စေ့ပေမဲ့ သာသနာမကွယ်တော့ပါ။ အပါယ်သို့ မကျရ တော့ပါ။ ဆင်းရဲနဲ့မနေရတော့ပါ။ အယုတ်ဆုံးပင် စကြာ မင်းဘဝနဲ့၊မန္ဓာတ်မင်းဘဝနဲ့၊ ပဒေသရာဇ်မင်းဘဝနဲ့၊တာဝတိံသ ရာလုံးရရပြီး ကမ္ဘာကိုကယ်၍သာသနာပြု၍ဆန့်တက်လျက် သွားတော့မည်။

(ဝိ×ပဿနာ)၌၊ ဝိ-ဆိုတာ နိဗ္ဗာန်ဘဲ။ ပဿနာက မြင်အောင်ကြည့်တာဘဲ။၂-ခုပေါင်းစပ်တော့(ဝိပဿနာ) နိဗ္ဗာန်ကို မြင်အောင် ကြည့်တဲ့တရား။ ဒါန-သီလ-သမထ ဟာ ရုပ်သာပြောင်း၍ နာမ်မပြောင်းပါ။ ဝိပဿနာဟာ ရုပ်ရော-နာမ်ရော ပြောင်းတယ် (ဝိပဿနာ)၌ ဝိဟာ

သမုစ္ဆေဒ ပဟာန် ပါဘဲဟူ၍ သဲအင်း သာသနာပိုင်၏ ဉာဏ် ကောက်ကျမ်း၌ပြသည်။

## (၉) သာကီဝင်မင်းမျိုးများ ဇာတိတပါးနှင့် အရောမခံကြပါ

ပရမတ်များ၊ ပညတ်နှင့် အရောအနှော မခံကြပါ။ ငါတို့၏ဂေါတမမြတ်စွာဘုရားမပွင့်ရသေးမီအနှစ်တထောင်ကျော်တုံးက ကပ္ပိလ ဒေဝဒဟကောလိယ ဆိုသော သာကီဝင်မင်းမျိုးတို့ထံသို့ ဟိုပဉ္စာလရာဇ်မင်းတပါးက သမီးတော်တပါးလောက်ရရန် တောင်းလာသည်။ ရလျှင် မင်းသမီးကို ဘောင်ညာဝံဒေဝီမဟေသီ နှင်း၍ထားပါမည်တဲ့။

အဲဒီအခါ ဘယ်အမျိုး ဇာတိနဲ့မှ မရောချင် မနှောချင်သော သာကီဝင်မင်းများက [ကုလ္လာလာမှန် နတ်ရေကန်တွင် မတန်မထောက် ကန်စွန်းနွယ်လာ၍ မပေါက်ချင်နှင့်ဟူ၍] ဇာတိမာန်ဖြင့် မချေမငန့် စကားကို ပြောကြားမိခဲ့ရာ စစ်ကြီးဖြစ်ကြ၍ သာကီဝင်တွေ ရှုံးပြေးရသဖြင့် တိုင်းပြည် ၃-ပြည်ပျက်ရသည်။ ပြေးသော (အဘိရာဇာမင်း) သည်။ မဇ္ဈိမဒေသ အိန္ဒိယ၌ မနေတော့ဘဲ စုရုံးမိရာ လူတစုနှင့် မြန်မာပြည်တဲ့သို့ဝင်လာပြီးတော့ (သင်္ကဿရဋ္ဌ)တကောင်းပြည်ကြီးကိုတည်ထောင်၍ စိုးစံလေသည်။

ကျန်တစုတို့လည်း ပြန်စု၍ သာကီဝင် ၃-ပြည်ထောင် တည်၍ပင်ရင်းဌာန၌ အသစ်တဖန် တည်၍နေကြပြန်သည်။

## (၁၀) အရောမခံ သဘောညက်
## နိဗ္ဗာန်ရမည်တည်း

ဒုတိယအကြိမ်၌ မဟာနာမ်မင်း၏ လက်ထက်တော်၌ ကောသလတိုင်း သာဝတ္ထိပြည်မှ ကောသလမင်းဟာ ဝပ္ပ လပြည်သို့ မိဖုရားမြောက်ထားလို၍မင်းသမီးတပါး တောင်း ပြန်သည်၊မင်းသမီးအစစ်ကိုတော့မပေးဘဲ (ဝသဘခတ္တိယာ) ကိုမင်းသမီးပြု၍ပေးကြသည်။ရင်းမှ (ဝိဋ္ဋူဘ) မင်းသားကို ဖွါးသည်။အရွယ်သို့ရောက်လာတော့ ဘိုးတော် စသည်တို့ကို ဖူးမြော်ရန် (ဝိဋ္ဋူဘ) ရောက်လာသည်။ ၎င်းအပြန်တွင် (၎င်းထိုင်သော နေရာကို နွားနို့ရေဖြင့် ဆေးကြောကြ သည်။ဒါကို ဝိဋ္ဋူဘကသိ၍ ငါကားမင်းဖြစ်သော် သာကီ ဝင်တို့၏သွေးဖြင့်ဆေးမည်ဟု ရန်ညှိုးထားသည်။ ဝိဋ္ဋူဘ မင်းဖြစ်သော် စစ်အင်္ဂါလေးပါးချီလာပြီး သာကီဝင်တို့ကို သတ်ပြန်သည်။ဒုတိယအကြိမ်၌မသေဘဲ ကျန်ရှိသောမင်းတို့ တွင် အချို့ကား ပြည်ဟောင်း၌ ပြန်၍နေကြသည်။ (ဇေ ရာဇာမင်း)ကား မပြန်တော့ဘဲ မြန်မာပြည်မလည်အရပ်သို့ ရောက်လာရာ (နာဂသိန္ဒ) မိဖုရားနှင့်မျိုးတူ ရိုးတူ ပေါင်း ဖက်၍ တကောင်းပြည်ကို ပြုပြင်၍ စိုးစံကြသည်။ (မရော တာ ၂-ကြိမ်တည်း။

## (ပညတ်စိတ်နှင့် ပရမတ်စိတ်မရောနှောပါ)

ဤပမာအတူ အချို့စိတ်များဟာ ပညတ်နဲ့တွဲဖက်၍နေ ကြသည်၊(ပုထုဇဉ်တွေပါဘဲ) အချို့သောစိတ်များကတော့

ပခုမတ်နှဲ့သာတဲ့ဖက် ပေါင်းဖက်၍နေကြသည်။ (အရိယာ ဇတ္တပါဘဲ) လောကုတ္တရာ,မဂ်,ဖိုလ်,နိဗ္ဗာန်က ပြောသည်။ အိုဗျ....မဂ်,ဖိုလ်,နိဗ္ဗာန်ကို လိုချင်ကြသော စိတ်တို့ မဂ်,ဖိုလ်, ကိုလိုချင်ကြပါလျှင် စိတ်နှဲ့ပညာတ်နှင့်မတွဲပါနှင့် ခွဲနေကြပါ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည့်တဲ့။(စိတ်နှဲ့ပရမတ်နှင့်)တွဲတွဲနေလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို မှုချပင်ရတော့မည် မလဲ့ပါဘူးတဲ့။

| ပညတ်နိုင်ငံ မလွန်ဆန် နိဗ္ဗာန်မရပါ | ၂၄- |
| --- | --- |
| ပညတ်ပရမတ် မရောစပ် ဆတ်ဆတ်ဒိဋ္ဌိကွာ | သင်္ချေကု |
| ဒိဋ္ဌိလဲကွာ မဂ်သောတာ ခေမာရမည်သာ။ | ဋ္ဌေ(၆၀) |

ဖိုလ်ခြေတသိန်းတို့ဟာ စိတ်နှဲ့၊ ပညတ်နှဲ့ မရောဘဲခွဲခွါပြီးနေ ကြသဖြင့်(မဂ်ရ၊ ဖိုလ်ရ၊ သောတာပန်ရ၊ အရိယာရ၊ လော ကုတ္တရာကိုရပြီးနေကြသည်။)

(၁၁) ပုထုဇဉ်လေးမျိုးကို အရိယာရှစ်မျိုးဖြစ်အောင် (သင်္ခါရမို့)ပြုပြုပြင်ပြင်နှင့် တစ တစမြင့်တက်စေ၍ လော ကုတ္တရာ၌ နေစေကြရမည်။ လူ, နတ်, ဗြဟ္မာကို သင်္ခါရမို့ ပြုပြင်ပြီးအရိယာဘဝသို့ ရောက်စေကြရမည်။ ဥပမာ ကျေး သား ငလေးတောင်မှပြုပြင်၍ပေးက ကိုကို'မမနှင့် ဆိုတတ် ပါသည်၊ မျောက်တောင်မှ ပြုပြင်၍ပေးက (လူ့လု-ပပ ကပြတတ်ပါသေးသည်။ဆင်၊မြင်း'ကျွဲ နွားတောင်မှ ပြုပြင် ၍ပေးက ရုန်းတတ်ပါသေးသည်။(လူ နတ်,ဗြဟ္မာတို့ကား) သတိနှဲ့ သမာဓိနှဲ့ ပညာနှဲ့သာ ပြုပြင်၍ပေးပါလျှင် အရိယာ ဖြစ်ဘို့ သောတာပန်ဖြစ်ဘို့ လောကုတ္တရာရဘို့ မဂ်ဖိုလ်ရဘို့

ကားသေချာ၍နေပါသည်။ (၃၁)ဘုံ၌ ပြုပြင်၍တက်ကြတာ များ သခင်မျှမကပါ။အနန္တမကတော့ပါ။

(၁၂) ရှေးရှေးတုန်းက သူဌေးလေးဦးဟာ ရသေ့ လေးပါးကို ကိုးကွယ်၍နေကြတယ်။ ဆရာရသေ့အသီးသီး က ညွှန်ပြတာကို လိုက်မိကြ၍ တဦးက နဂါးမင်း ဖြစ်သွား သည်။ တဦးလဲ ဂဠုန်မင်းဖြစ်သွားသည်။ တဦးလဲကောရပ္ပ မင်းဖြစ်သွားသည်။ တဦးသဲသိကြားမင်း ဖြစ်သွားသည်။ ဆရာကစောင်းတော့ မကောင်းသောဘဝ၌ ဖြစ်ကြရပုံကို သတိပြုကြပါတော့။

(၁၃) မယားက သောတာပန်၊ လင်က ဗြဟ္မာကို ကိုးကွယ်၍နေသော ပုဏ္ဏားလင်းမယားရှိကြတယ် သေခါ နီးလာတော့လင်ပုဏ္ဏားက မယားအား အရှင်သာရိပုတ္တရာ ကိုပင့်၍ပေးပါဟုပြောသည်။အတန်တန်ပြောပါများတော့ ပင့်၍ပေးသည်။ အရှင်သာရိပုတ္တရာမထေရ်ကြီး ရောက်လာ တော့ ပုဏ္ဏားဟာ ဗြဟ္မာကို ကိုးကွယ်နေတယ်။ ပုဏ္ဏားကို ဗြဟ္မာ့ပြည်သို့ပို့မှသင့်မည်ဟု သဘောထား၍ သမထကို ညွှန်ပြတယ်။ပုဏ္ဏားဟာ သေခါနီး ကပ်ကပ်ကလေးမှာ သမထ ရမိတော့။ချာန်ကိုရ၍ သေလျှင်ဗြဟ္မာဖြစ်၍သွားလေသည်။ ဗြဟ္မာ့ပြည်မှာ အရိယာတွေ (ပေါများလှသည်။) ပုဏ္ဏား ဗြဟ္မာမှာ ပုထုဇဉ်မျှသာဖြစ်၍ အရိယာဗြဟ္မာတွေထဲသို့ဝိုင်း ဝင်ခွင့်မရတော့ပါ။ သါ၍အရှက်တကွဲအကျိုးနဲ့ရသည်။ ဒါ ကိုဘုရားသိ၍ချစ်သားသာရိပုတ္တရာပုဏ္ဏားကိုဘယ်ဘုံ၌ထါး

၁၈၀၃

ခဲ့သနည်းဟု မေးတော့ ဗြဟ္မာ့ပြည်၌ ထားခဲ့ပုံကိုလျှောက်ကြားသည် ဘုရားက ကဲကဲ ခပ်မြန်မြန်လိုက်သွား၍အရိယာဖြစ်အောင် ပြုပေးတော့ဆိုမှ သွား၍ (ဝိပဿနာကို ပြပေးရာ)အရိယာဖြစ်၍အရိယာဗြဟ္မာထဲ၌ အတူနေခွင့်ကိုရ၍ အထက်မဂ်ဖိုလ်သို့မြန်မြန်-ဆန်ဆန်တက်နိုင်တော့သည်။ဥပမာကိုထောက်၍ (ပေးမဲ့ပေးလျှင် အရိယာ ဖြစ်အောင်သာ) ဝိပဿနာစစ်စစ်ကို ပေးပြီးချွတ်ကြပါ၊ လွှတ်ကြပါ၊ ထွက်မြောက်စေကြပါဟု ဥပမာပြခဲ့ပါသည်။

(၁၄) ပညတ်အမှားကို လက်ခံသောတရားနဲ့ ပရမတ်အမှန်ကို လက်ခံသောတရားကို ပထမခွဲသိကြပါ။ အထယ်ရှိ ဒြပ်ရှိ၊ပုံစံရှိ၊သဏ္ဍာန်ရှိ၊အရှေ့၊ အတို၊ လေးဒေါင့်၊ ၃-ဒေါင့် အဝိုင်းစသော ပညတ်တို့ကို (၁) ဝိညာဉ်သိ၊ စိတ္တဝိပ္ပလ္လာသ ၄-ပါးက (၂) သညာသိ၊သညာဝိပ္ပလ္လာသ လေးပါးက (၃) ဒိဋ္ဌိသိ၊ဒိဋ္ဌိဝိပ္ပလ္လာသလေးပါးက (၄) ဝိတက်သိ၊ ဥဒ္ဓစ္စ၊ အာရုံပြား သမာဓိပျက်က (၅) သုတမယဉာဏ်သိ၊ ပညတ်က (၆) စိန္တာမယဉာဏ်သိ၊ဥဒ္ဓစ္စ၊အာရုံထွေပြား၊သမာဓိပျက် ၆-ပါးက လက်ခံသွားကြသည်။ ×× သဘော၊ပရမတ်၊ဓါတ်သဘာဝကို သဘိက၊သမာဓိက၊ပညာက၊လက်ခံထားသည်။၃၁-ဘုံမှာ ဤသို့ပင် ပါတီစွဲ ၂-ခုရှိနေကြသည်။ ပညတ်ကိုလိုက်မိလျှင် ၃၁-ဘုံပို့ခံရသည်။ ပရမတ်ကိုလက်ခံလျှင် နိဗ္ဗာန်သို့ ပို့ပေးသည်။

## (၁၅)(က) လွယ်လွယ်-ကူကူတရားယူကြပါ

ဒုက္ခသယ်လုလင်ပျိုမတရားရသောဝတ္ထု

လုလင်ပျိုမကလေးတဦးဟာ သူ၏ ခင်ပွန်းက နှင်ချ မောင်းထုတ်ခံရသဖြင့် စိတ်ငြင်ပြီး ကျောင်းသို့ ရောက်လာ သည်။

ဘုန်းကြီးက။ ။ဖြစ်ပုံ၊ စနစ်စုံကိုမေးကြည့်တော့။

ဒကာမကလေးက အားလုံးပြန်၍ လျှောက်သည်။

ဘုန်းကြီးက။ ။ကုသိုလ်ကံမကောင်းတုန်းမှာ ကုသိုလ် ကံအကောင်းဆုံးနှင့် တားဆီးရတယ်တပည့်မရဲ့။

(မ) အကုသိုလ်ဝင်တုန်းမှာ အကောင်းဆုံး ကုသိုလ် နဲ့ တားဆီးရမည်ဆိုဘာကို သဘောကြလှပါပြီ ဘုရား။ အကောင်းဆုံး ကုသိုလ်ဆိုတာ ဘယ်ဟာကုသိုလ်ပါလဲ ဘုရား။

ဘုန်း။ ။ဝိပဿနာကုသိုလ်ခေါ်တဲ့ရှုတဲ့ကုသိုလ်၊ မရမတ် ရှုတဲ့ကုသိုလ်ကဲ့။

(မ) အဲဒီကုသိုလ်ဟာ တပည့်တော်မတို့နှင့် တန်ပါရဲ့ လားဘုရား။

ဘုန်း။ ။တန်လို့ အိန္ဒိယပြည်မှာ ၁၆-တိုင်း၊ ၁၆-ပြည် ကရော၊ နတ်ပြည်က,နတ်သမီးတွေရော၊ ကျင့် ကြံ အားထုတ် ကြတယ်ကဲ့။ အရိယာတွေ ဖြစ်ကြတယ်ကဲ့။

(မ) အားထုတ်လို့ကော အရိယာ ဖြစ်နိုင်ပါရဲ့လား ဘုရား။

ဘုန်း။ ။အားထုတ်ရင် အရိယာဖြစ်နိုင်တာပေါ့ကွဲ့။

(မ) တပည့်မ ကြားဘူးတာကို လျှောက်ပါရစေ။ ဝိပဿနာဆိုတဲ့ပရမတ်တရား။ ဓါတ်တရားဟာ သိင်္ငြိမ်းခဲရင်း လှတယ်။ ဒီလိုလူတွေနဲ့ မတန်ဘူး၊ မသင့်ဘူး၊ မလျှော်ဘူး၊ မတော်ဘူးဟု ကြားဘူးပါသည်ဘုရား။

ဘုန်း။ ။အပဒါန်ပါဠိတော်ကြီးထဲမှာ(ပဉ္စဝဿေဟိ ဝေဒိတံ။)တဲ့ကွဲ့။ ငါးနှစ်အရွယ် သေးငယ်ပေမဲ့ ရဟန္တာတွေဖြစ်နိုင်ပါသတဲ့။ (သတ္တဝဿေဟိဝေဒိတံ)တဲ့။ ၇-နှစ်အရွယ်သေးငယ်ပေမဲ့ရဟန္တာဖြစ်နိုင်ပါသတဲ့။ တပည့်မတို့မှာ အသက် ၂၀-ထဲတောင် ရောက်နေပြီဟာ သာ၍ဖြစ်နိုင်တာပေါ့။ဘုန်းကြီးက နားလယ်အောင် လွယ်လွယ်-ကူကူ ရတဲ့တရားကိုဟောပြမည်။

(၁၆) (ကာ) ခန္ဓာထဲမှ ထွက်ပေါ်၍ ပြတာကိုရှုပါ။ ဒီလိုရှုနေလျှင်(၁)သွားနေရင်း။(၂)ရပ်နေရင်း။(၃ ထိုင်နေရင်း။ (၄)လျောင်းအိပ်နေရင်း။ (၅)ပါးစပ်နဲ့ကိုက်စားနေရင်း။ (၆)လက်နဲ့ဖွဲ့ဖဲ့ စားနေရင်း အဲဒီဣရိယာပုထ်ခြောက်မျိုးနဲ့ဘဲ မဂ်ဖိုလ်ကို ရနိုင်ပါတယ်။ မရနိုင်ဘူးဟု မပြောကောင်းပါ။ မဆိုကောင်းပါဘူးတဲ့။

လွယ်လွယ်–ကူကူတရားယူကြပါ

## (၁၇) (ကိ) မဂ်ဖိုလ်ရနိုင်ပုံ ပါဠိ သာဓက ၃-ကျမ်း ပြမည်

(က) ယဿ၊ သဒ္ဒါဗလဝတီ၊ ဝိပဿနာစ၊ အာရဒ္ဒါ တဿ၊ဂစ္ဆန္တဿ၊တိဋ္ဌန္တဿ၊နိသီဒန္တဿ၊နိပဇ္ဇန္တဿ၊ ခါဒန္တဿ

ဘုဥ္ဇန္တဿ၊ မဂ္ဂဖလ၊ ပဋိဝေဓေါ နာမ၊ နဟောတိ တိ၊ နဝတ္တဗ္ဗံ။]
ဧကာဒသ အင်္ဂုတ္တိုရ်ဋီကာကြီး နံပါတ်-၃၅၈၊ ကြောင်းရေ
၄ ဆဋ္ဌမှုမှ ယူပြသည်။

(ခ) ယဿ၊ သဒ္ဓါဗလဝတီ၊ ဝိပဿနာစ အာရဒ္ဓါ၊
တဿ ဂစ္ဆန္တဿ၊ တိဋ္ဌန္တဿ၊ နိသီဒန္တဿ၊ နိပဇ္ဇန္တဿ၊ ခါဒန္တဿ
ဘုဥ္ဇန္တဿ၊ မဂ္ဂဖလပဋိဝေဓော နာမ နတ္ထီတိ နဝတဗ္ဗေါ။] မူလ
ပဏ္ဏာသဋီကာ မဟာသာရောမ မသုတ်အဖွင့်မှ ယူပြသည်။
နံပါတ်-၁၇၈၊ ကြောင်းရေ-၄ ဆဋ္ဌမှု။

(ဂ) ယဿ သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ၊ အာရဒ္ဓါ၊
တဿ၊ ဂစ္ဆန္တဿ တိဋ္ဌန္တဿ၊ နိသီဒန္တဿ၊ နိပဇ္ဇန္တဿ၊ ခါဒန္တဿ
ဘုဥ္ဇန္တဿ၊ မဂ္ဂဖလပဋိဝေဓော နာမ နဟောတီတိ နတ္ထိ။ ။ပုဂ္ဂ
လပညတ်ကထာမှ ယူပြသည်။ နံပါတ်-၂၉၊ ကြောင်းရေ-၂၁
ဇုံမှု။ နံပါတ်-၃၂၊ ကြောင်းရေ-၇ ဆဋ္ဌမှု။

ယခုပြသော ပါဠိ၊ ပါဠိ ၃-ကျမ်း၊ ၃-ပုဒ်ကိုကြည့်သော်
အကြင် အားထုတ်သော ယောဂီမှာ အားထုတ်ခြင်း၊ လုလ္လ
ဥဿာဟတစု၊ သဒ္ဓါတရား အားကြီးထက်သန်၍ နေခြင်းက
တစု။ ဤ ၂-ခုသော အင်္ဂါနှင့်ပြည့်စုံ၍ နေပါမူ ထိုယောဂီ
ဟာ သွားနေစဉ် ဣရိယာပုထ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်
လျောင်း၍နေစဉ်၊ ခဲနေစဉ်၊ စားနေစဉ်၊ ဣရိယာပုထ်တိုင်း
မှာပင် တခုခုသော ဣရိယာပုထ်၌ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကား ရရှိ
တော့မည်။ မလွဲတော့ဘူးတဲ့။ ၎င်းဣရိယာပုထ်၌ မဂ်၊ ဖိုလ်၊
နိဗ္ဗာန်ကို မရဘူးဟူ၍ ပြောလဲမပြောအပ်ပါ။ ထင်လဲမထင်

မှားအပ်ပါ။ ဗုဒ္ဓဘာသာချင်းချင်းမို့ တင်းတင်းကြီး အားပေးရုံသာကျန်ရှိပါသည်။

(၁၈) (ကီ) ဉာဏစာဂိမတေရ်က (၁)ပက်လက်လှန်ရင်းဖြစ်စေ။ (၂) ဘယ်ဘက်စောင်းရင်းဖြစ်စေ။ (၃)ညာဘက်စောင်းရင်းဖြစ်စေ။ (၄)အလျှားမှောက်ရင်းဖြစ်စေ။ (၅)ပတ်လက်ကုလားထိုင်နဲ့ဖြစ်စေ။ (၆)နံရံမှီခြေဆင်း၍ဖြစ်စေ။ (၇)နံတိုင်မှီကာ ရပ်၍ဖြစ်စေ။ (၈) မိမ္မထိုင်၊ ယောကျ်ားထိုင်နဲ့ဖြစ်စေ။ (၉)စကြံနှိလျှောက်ရင်းဖြစ်စေ၊ ဝိပဿနာကို အားထုတ်ကြပါ။ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရကြမှာပါဘဲဟု။ရဲရဲကြီးအားပေးနေပါသည်။ (ဝစသာမနသာစေ ဝါဝန္ဒာမေတော၊ တထာဂတော၊ သယနေဂမနေစာပိ။) ပရိတ်ကြီး ပါဠိတော်အရ။ နမူနာပြနေပါပြီကော။

(၁) ဝိပဿနာ ကုသိုလ်ဘုရင်သည်။ အကုသိုလ်တွေ၊ ကိလေသာဘွေရော၊ ကာမာဝစရကုသိုလ်တွေ၊ ရူပါဝစရကုသိုလ်တွေ၊ အရူပါဝစရကုသိုလ်တွေကို (၇) ဘဝဘဲနှင့် စုပြုံပြီး အကျိုးပေးကြ၊အကယ်၍ (၇) ဘဝနဲ့စုပြုံပြီးမပေးလျှင်။အဟောသိကံ၊ဖြစ်ကြစေဟု ဈာပနပြာချသည်။ (၂) ဝိပဿနာစိတ္တံ တန္တိန္တံ၊ တပေ့ါကံ၊ တပ္ပဘာရုံ ကရောတိ။ ဓါတ်ဟာ နိဗ္ဗာန်သို့စီးဝင်ခြင်း။ ညွှတ်ခြင်း၊ ကိုင်းရှိုင်းခြင်းဖြစ်စေသည်။ (၃) (ဝိပဿနာသုခတော၊ ဥတ္တရိသုခံနာမ နတ္ထိ။) သံယုတ်အဋ္ဌကထာ ဝိပဿနာသုခဟာ ၃၁ ဘုံမှာ အကြီးဆုံးဖြစ်သော သုခပါဘဲတဲ့။ ယူထားကြပါ။

(၁၉) (က) တရားဆိုတာ ငြုပ်သီးတမျိုးပါကွဲ့။ ခုစားခုဘဲစပ်၍သဘောကိုပြပါတယ်။ သံပုရာသီးမျိုးပါကွဲ့ ခုစားခုဘဲချဉ်၍သဘောကိုပြပြနေပါတယ်။ တမာလိုတရားပါကွဲ့၊ခုစား ခုဘဲခါးခါးပြီးသဘောကို ပြပြနေပါ။ဆားလိုပါဘဲကွဲ့။ခုစား အခုဘဲငံငံပြီးသဘောကို ပြပြနေပါတယ် သကြားလိုပါဘဲကွဲ့။ခုစားခုဘဲချိုချိုပြီး သဘောကိုပြပြနေပါတယ်။ဝက်သွားလိုဘဲကွဲ့။ခုစား-ခုဘဲ အီအီပြီးသဘောကို ပြပြနေပါတယ်။ဘဲဥ-ကြက်ဥဆိမ့်ဆိမ့်ပြီးသူ၏သဘောကိုပြနေပါတယ်(သဘောဟုတ်မှလောကုတ္တရာ)ပါဘဲတပည့်မ။

(၂၀) (က) ငြုပ်သီးသံပုရာသီး တမာ၊ဆား၊သကြား ဝက်သွား၊ ဘဲဥ၊ ကြက်ဥတို့ဟာ အထယ်ရှိ၊ ဒြပ်ရှိ၊ ပုံစံရှိ၊ သဏ္ဍာန်ရှိကြသဖြင့် အတ္တပညတ်ဟု ခေါ်ပါတယ်။ ။စပ်ခြင်း၊ ချဉ်ခြင်း၊ စားခြင်း၊ ငံခြင်း၊ ချိုခြင်း၊ အီခြင်း၊ ဆိမ့်ခြင်းတို့ဟာ သဘောမျှသာရှိတာမို့ ပရမတ်ဟု ခေါ်ရပါသည်။ ယခုပြတဲ့ ပဌမက ပညတ်ကို ပညတ်ဘဲလို့သိပါ၊ ဒုတိယပြတဲ့ စပ်၊ချဉ်၊ ခါး၊ ငံ၊ ချို၊အီ၊ ဆိမ့်၊သဘောများကိုတော့ ပရမတ်မို့ ပရမတ်ဟု ခွဲခွဲသိကြပါ၊ ဒီပုံသိလျှင်။

ပညတ်၊ပရမတ် မရောစပ် ဆတ်ဆတ်ဒိဋ္ဌိကွာ။
မရှိတာသိ ရှိတာသိ ဒိဋ္ဌိ ပျောက် ကြောင်းသာ။
ပညတ်၊ပရမတ် ခွဲသိကတ် ဆတ်ဆတ်မဂ်သောတာ။
ပညတ်တခြား မဂ်တခြား ပိုင်းခြား အရိယာ။
သဘောဟုတ်မှ လောကုတ်ရ မုချအရိယာ။

(၂၂) (ကာ) (ဘုရင်မေး၊ နေ့ခြင်းကြီး) ဒီစကားပုံ ကိုယုံကြည်ပါရဲ့လား ယုံကြည်ပါတယ်ဘုရား။

ဘုရင်။ ။ဆိုတာ သိပ်ပြီးအာဏာရှိတယ်။ ဩဇာရှိတယ် သီပေါမင်းဟာ (မောင်ထုပ်)ကို မင်းသားဟု မေးလိုက် တော့ [ယနေ့ဝင်မြို့စား မင်းသား မောင်တုပ်ဟူ၍ မန္တလေး တမြို့လုံးမှာ ထင်ပေါ်ကျော်စော၍ နေပါတယ်ဘုရား။

(ဘုန်း) ဘုရင်ဆိုတာ သားနဲ့ မယားနဲ့ ကာမဂုဏ်နဲ့ လူ ၏ဘဝပါဘဲကွဲ့။ အဲဒီလိုပုဂ္ဂိုလ်က မေးတာတောင်မှနေ့ချင်း ညချင်းကြီး သေးပါလျှင် ဒါနထိပ်က သီလထိပ်က၊ သမထ ထိပ်က၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်စျာန်ကိုးစျာန်နဲ့ (စရဏ တရားငါးပါး)စရဏတရား ၁၅-ပါးတို့၏ထိပ်က၊ ဝိပဿနာ တရားကမေးပါမူ ခုချက်ချင်း (အရိယာ သောတာပန်ပါ ဘဲ။)

(၂၂) (ကဲ) (ဘုရားမေးချက်ချင်းကြီး) စကားပုံ၊ သူတောင်းစား၊ စဏ္ဍာလ၊ ကလေးကိုပင် ဘုရားကမေးပြီး ရှင်ပြုထားတော့ လူ့ပြည်ကလူများက နတ်ပြည်ကနတ်များ က ဗြဟ္မာ့ ၂၀-က ဗြဟ္မာများက (၃၁)ဘုံက သတ္တဝါတွေ က ရှင်ငယ်ကိုပင် (ဘုရားထူးကြရတယ်။) ရိုသေကြ၊ ကိုင်း ရှိုင်းကြ၊ ဂရုဂါရဝ ပြုကြရတယ်။ သက္ကစ္စပဏာမပြုကြတယ်။ တနိုင်ငံလုံး မျက်စိအမြင်ပါဘဲကွယ်။

(၂၃)(ကော) နန္ဒမင်းသားနဲ့ သုဇာတာ ဗျိုင်းမကို ဥပမာပြုပါ။ နန္ဒမင်းသားကို မြတ်စွာဘုရားက တာဝတိံ

သာပြည်သို့ ဒေသစာရီ ကြွ၍ရအောင်ဟု ခေါ်တော့နန္ဒ မင်းသားက စျာန်တန်ခိုးမရှိလို့ မလိုက်နိုင်ဘူးတဲ့ မြတ်စွာ ဘုရားကသင့်မှာမရှိပေမဲ့ ငါ့မှာရှိတဲ့သူနှင့်တွဲ သွားလျှင်နတ် ပြည်ရောက်မှာပေါ့တဲ့။နောက် တွဲသွားတော့နန္ဒမင်းသား ဟာ နတ်ပြည်သို့ ရောက်သေးတယ်။ သုဇာတာ ဗျိုင်းမလဲ သိကြားမင်းနဲ့ တွဲသွားတော့ သုဇာဘာဗျိုင်းမဟာ နတ်ပြည် သို့ရောက်သွားတယ်။ ဒါသက်သေတွေပါဘဲ။ယခုလဲ စိတ်နဲ့ ဓါတ်နဲ့ တွဲရှုလျှင် အရိယာ သောတာပန်၊ မဂ်ဉာဏ် လောကုတ္တရာထဲသို့ရောက်မှာပေါ့။

(၂၄)(ကော်) ဘုရားကတာဝန်ခံပုံ။ ။အာမခန်တာ ခံပုံ တရားဘော်၏ ဂုဏ်တော် ၆-ပါးမှာ (၁) သံဒိဋ္ဌိကော ခုကျင့်-ခုမြင်ရသော လောကုတ္တရာ။ (၂) အကာလိကော ခုကျင့်-ခုဘဲရသော လောကုတ္တရာ။ (၃) ဧဟိပဿိကော၊ မယုံလျှင်လာလုပ်ကြည့်ပါ။ချက်ချင်းရသော လောကုတ္တရာ။ (၄)ဩပနေယျိကော၊ ခုကျင့်ခုဘဲ ကပ်ဆောင်တဲ့ လောကုတ္တရာ။(၅) ပစ္စတ္တံဝေဒိတဗ္ဗော၊ မိမိကျင့်မှ မိမိဘဲရသော လောကုတ္တရာ။ (၆) သွာက္ခာတော၊ ကိုယ်တွေ့နှင့် စာတွေ့ ညီညွတ်လှသော လောကုတ္တရာ လွယ်ကူတာချည်းဘဲနော်။

## (၂၅)(ကံ) လွယ်လွယ်-ကူကူနဲ့ အရိယာ ၄-မျိုးကိုရကြပုံ

နှာသီးဖျား၌ လေဆွက်လျှင် တခါသိ၊ ၂-ခါထွက်သိ၊ စသည်ဖြင့် (သတိ-သမာဓိ) ရရုံကလေးနှင့် (အာစာရ

အရိယာဖြစ်သွားပါပြီ။) (၂)ခြေဖျားစသည်၌ သေ-ပူသိ စသည်ဖြင့် ရုပ်နာမ် ၂-ပါးစီ တွဲတွဲပေါ်နေတော့ (ဒဿန အရိယာ) ဖြစ်သွားပါပြီ။ (၃) သေ-ပူသိ၌ ၄-ခုလုံးမှာ အဆယ်မပါ၊ဒြပ်မပါ၊ပုံစံမပါ၊ သဏ္ဌာန်မပါ၊ငါ၊သူ၊လူ၊နတ် မပါဘဲ။ (သဘာဝမျှ)ကိုသာ တွေ့ရပါသည်။ မူလကနဦးက တော့ မျက်စိအမြင်မှာ လူမြင်၊ နတ်မြင်၊ ဗြဟ္မာမြင်၊ အဆယ်မြင်၊ ဒြပ်မြင်၊ ပုံစံမြင်တို့ကား အမှားပါတကားဟု (၁) အမှန်လဲသိလာပြီ။(၂)အမှားလဲသိခဲ့ရပြီ။ဤပုံသဘော ပြောင်း၊ မာနပြောင်း၊ စိတ်ပြောင်းလာတော့ (လိင်္ဂအရိ ယာဖြစ်သွားပါပြီ။) (၄)သေ ပူသိတို့ဟာ ပေါ်ပျက် ပေါ် ပျက်နဲ့ မမြဲပုံ၊ဆင်းရဲသပုံ၊အစိုးမရပုံ ဘို့ကိုမါ တွေ့ပါတော့ (ပဋိဝေဓအရိယာဖြစ်သွားပါပြီ။)

(၂၆)(ကါး) နှာသီးဖျား၌ သတိထားတယ်....ခြေဖျား ၌ သေပေါ်တယ်။ ခွဲစိပ်ပြတော့-

(၁) နှာသီးဖျား၌ ကာမဇော၊ သေ၌ အပ္ပနာဇော ပြောင်းလာပုံ။

(၂) နှာသီးဖျား၌ သင်္ခါရ ခြေဖျား သေ ဝိသင်္ခါရ ပြောင်းလာပုံ။

(၃) နှာသီးဖျား၌ ပညတ်၊ ခြေဖျား၌ သေ၊ ပရမတ် ပြောင်းလာပုံ။

(၄) နှာသီးဖျားပုထုဇဉ်သိ၊ ဖျေခြား သေ၊အရိယာသိ ပြောင်းလာပုံ။

(၅) နှာသီးဖျားဌ်အတ္တာ၊ ခြေဖျားသော်၊အနတ္တာပြောင်းလာပုံ။

(၆) နှာသီးဖျားဌ် ဥဝ-ဘုံပွို၊ ခြေဖျား သော်၊ နိဗ္ဗာန်ပွို ပြောင်းလာသည်။

(၇) နှာသီးဖျားဌ် လောကီ၊ ခြေဖျား သော်၊ လောကုတ္တရာ ပြောင်းလာသည်။

အဲဒါသံသရာထဲမှ စ,စပြီးထွက်ထွက်လာကြရပုံပြသည်။

(၂၇)(ခ)ပညတ်၊ပရမတ်၊မရောစပ် ဆတ်ဆတ်ဒိဋ္ဌိကွာ။
မရှိတာသိ၊ ရှိတာသိ၊ ဒိဋ္ဌိပျောက်ကြောင်းသာ။
ပညတ်၊ ပရမတ်၊ မရောစပ် ဆတ်ဆတ်သောတာပန်။
ပညတ်၊ ပရမတ်၊ မရောစပ် ဆတ်ဆတ်မဂ္ဂဉာဏ်။
ပညတ်၊ပရမတ်၊မရောစပ် ဆတ်ဆတ်လောကုတ္တရဉာဏ်။
ပညတ်၊ ပရမတ်၊ မရောစပ် ဆတ်ဆတ် အရိယာဉာဏ်။

(၂၈) (ခါ) ဝိပဿနာမကျင့်သူများ ဝိပဿနာ ကျင့်သူများ။

ငွေတကျပ်စည်းစိမ်ရ။ ။ကျပ်ပေါင်း အသခြေ် စည်းစိမ်ရ။

နှမ်းတလုံးမျှ စည်းစိမ်ရ။ ။မြင့်မိုရ် တောင် လောက် စည်းစိမ်ရ။

နှင်းတပေါက်မျှ စည်းစိမ်ရ။ ။သမုဒ္ဒရာ ရေမျှ စည်းစိမ်ရ။

ဥ ဂ ၆ ၄

ဇီးခစေ့မျှစည်းစိမ်ရ။ ။စကြာဝဠာ အပြည့် လောက်စည်းစိမ်ရ။

မျောက်မျှစည်းစိမ်ရ။ ။ဇနပဒကလျှာဏီမျှစည်းစိမ်ရ။

ကြွယ်မျှစည်းစိမ်ရ။ ။နေမင်း,လမင်းမျှစည်းစိမ်ရ။

လူမျှစည်းစိမ်ရ။ ။နတ်လောက်စည်းစိမ်ရ။

အဲဒါမရှိလို့မဝိနိုင်ဘာပါ။ ။ဒါကတော့ဝရှိလို့ဝိနိုင်ကြတာပါ။

## (၂၉) (ခ) အိမ် ၆-လုံးရ၊ တိုက် ၆-လုံးရ၊ နန်းတော် ၆-လုံးရကြပုံ

| ၆-ဌာန | လူ | နတ် | ဗြဟ္မာ | မဂ် | ဖိုလ် | နိဗ္ဗာန် |
|---|---|---|---|---|---|---|
| ရုပ်နာမ် | အိမ် | အိမ် | အိမ် | အိမ် | အိမ် | အိမ် |
| ကြောင်းကျိုး | တိုက် | တိုက် | တိုက် | တိုက် | တိုက် | တိုက် |
| စွ၊ကွ၊တ္တ၊ | နန်း | နန်း | နန်း | နန်း | နန်း | နန်း |

(၃၀) (ခ) ဤပုံစံကိုကြည့်လျှင် ဝိပဿနာကိုအားထုတ်တော့ ခန္ဓာထဲမှ ဧသိဟု ရုပ်နာမ်ကို တွေ့ရလျှင် လူ၊ နတ်၊ ဗြဟ္မာ၊မဂ်၊ဖိုလ်၊ နိဗ္ဗာန်ဆိုတဲ့ခြောက်ဌာနၥ် နိဗ္ဗာန်အထိမင် အိမ်ပိုင် ခြောက်လုံးနဲ့ နေသွားရမည်။ ဧကော၊ အကြောင်း၊ သိကာ၊ အကျိုးဘဲဟုခဲ့သိလျှင် လူ၊ နတ်၊ ဗြဟ္မာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ၆-ဌာနၥ် တိုက်ပိုင် ၆-လုံးရ၍ နေနေသွားရမည်။ ဧသိပျက်၊ ပူသိပျက်ဟု အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုတွေ့လျှင် လူ၊ နတ်၊ ဗြဟ္မာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ၆-ဌာနၥ် ယနေ့က ဇ၍

နိဗ္ဗာန် အသိပင် ထီးပိုင်၊ နန်းပိုင်၊ ကြင့်နန်းပိုင်နဲ့ နေနေသွား ကြရတော့မည်။

(၃၁) (ခု) ○နှာခံအတွက် ဝဝ,ဖြိုးမှိုး
○ရုပ်အတွက် ဝဝ,ဖြိုးဖြိုး

ဝိကို ကြည့်ဘော့အပေါ်က ○တလုံးဝိုင်းဝိုင်း၊ စက်စက် ပြည့်ပြည့် နှက်နှက်နှင့် နိဗ္ဗာန်အထိ ရှင်ပြု၊ မြေ သာယာ၍ တက်သွားမည်၊ ။အောက်က○တလုံး ဝိုင်းဝိုင်းစက်စက် ပြည့်ပြည့်နှက်နှက်နှင့် နိဗ္ဗာန်အထိ တက်သွားမည် ဝိသာခါ ကိုကြည့်ကြပါ။

(၃၂) (ခူ) [ဧ]ဂ၊၂ဂ၊ ပဒေသာပင်ရ၊ [သိ]၃၉၊၅၂၊ ၁၂၁၊ ပဒေသာပင်တွေ ရသွားမည်။ ။ခန္ဓာထဲမှ သေိ၊ဟု ပေါ်ပြုတော့ ထေ၌အင္ဂကလာပ် ဂ-ပါးမို့ ပဒေသာပင်က ရှစ်ပင်ပါ။ ရုပ် ၂ဂ-ပါးမို့ (၂ဂ) ပင်ရမည်။ (သိ)၌ စေတ သိက် ၃၉-ပါးမို့ ပဒေသာပင် ၃၉-ပင်၊ ၅၂-ပါးမို့ ၅၂-ပင်၊ ၁၂၁-ပါးမို့ ၁၂၁-ပင်ရသွားမည်။

(၃၃) (ခေ)သောတာပန် ၃၊သကဒါဂါမိ ၃၊ အနာဂါမ်-၃၊ ရဟန္တာ-၃၊ ဝိပဿနာပါ ဖြစ်ရပုံမှာ

| | | | |
|---|---|---|---|
| ဝိပဿနာ | မဂ် | ဖိုလ် | သောတာပန် ၃-မျိုးရသည်။ |
| ဝိပဿနာ | မဂ် | ဖိုလ် | သကဒါဂါမ် ၃-မျိုးရသည်။ |
| ဝိပဿနာ | မဂ် | ဖိုလ် | အနာဂါမ် ၃-မျိုးရသည်။ |
| ဝိပဿနာ | မဂ် | ဖိုလ် | ရဟန္တာ ၃-မျိုးရသည်။ |

ဝိပဿနာ ၄-မျိုးကို မဂ် ၄-မျိုး၊ ဖိုလ် ၄-မျိုးနှင့် အတူ

ထားကြပုံ၊ မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်၊ ရှင်းအဋ္ဌကထာ ရှင်းဋီကာ၊ မူလပဏ္ဏာသအဋ္ဌကထာ၊ သာရသင်္ဂဟအဋ္ဌကထာ ငါးကျမ်း၌ ပါဠိနှင့်ဖွင့်ပြကြပါသည်။

## (၃၄)(ခ)ဝိပဿနာလေးပါးနဲ့ မဂ်ဖိုလ်တို့ဟာ တအိမ်ထဲနေကြရပုံ

| ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် |
|---|---|---|---|---|---|---|
| ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ | ၃၅ |
| ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ |

ယခုပြသော မဂ္ဂဝီထိ၌ ပရိကမ်၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူ၊ မဂ်၊ ဖိုလ်၊ ဖိုလ်ဟု ၇-လုံးမြင်ရသည်။ အစပရိကမ်ဆိုတဲ့ ဝိပဿနာမှာဘဲ စရဏတရား ၁၅ ပါး၊ စရဏတရား ၃၅-ပါးက အခြေခံပမာ၊ အခြံအရံပမာဖြင့်ဝန်းရံ၍ခစားပြီးနေကြရသည်။ဥပစာ၊ အနုလုံ၊ဂေါတြဘူ၊မဂ်၊ဖိုလ်၊ဖိုလ်၌ ပရိကမ်ကဲ့သို့ပေါ်ပြကြပါလေ၊ အတူတူပါဘဲ။

| | ၁ | ၂ | ၃ |
|---|---|---|---|
| (၁၅) | စာဝင် | သိက္ခာဝင် | ဓါတ်တလုံးဝင် |
| (ခေါ်) | ဘုရားတဆူ | ဘုရား ၁၀၀၀ | ဘုရားအသင်္ချေဝင်ပြီ |
| | ပရိယတ္တိ | ပဋိပတ္တိ | ပဋိဝေဓသာသနာ |
| | အန္တရတကပ် | အံ(၂၃၂၉၆) | အံ (၇၉၃၆၀၀၀) |

ခန္ဓာထဲ၌စာတလုံးဝင်လာတော့ ဘုရားတဆူဝင်ပြီ၊ ပရိ

ယတ္တိသာသနာရပြီး အန္တတကပ်နေရမည်။ (၂) သိက္ခာပုဒ် တခုထဲဝင်တော့ ဘုရား (၁၀၀၀) ဝင်ပါပြီ၊ ပဋိပတ္တိ သာသနာကိုရပါပြီး၊ အန္တကပ်ပေါင်း (၂၃၂၉၆) အထက်နေရမည် (၃) ဓါတ်တလုံးထဲ ဝင်ဦးတော့ ဘုရားအသချေမျှ ဝင်နေပါပြီ၊ ပဋိဝေဓ သာသနာကို ရပါပြီ၊ အန္တရ ကပ်ပေါင်း (၇၉၃၆၀၀၀) မျှ နတ်ပြည်မှာခံ့နေသွားရမည်။ ကမ္ဘာနှင့် ဆိုသော် (၃၁၀၀၀) နေသွားနိုင်ပါသည် မကျတော့ပါဘူး။

(၃၆) (ခေါ်) အားရစရာပြသနာစာစောင်အတိုင်း ထပ်၍ပြရပါလျှင် ဝိပဿနာသမားတွေမှာ ၃၁- ဘုံ၌အမြတ်ဆုံးသုခနှင့်၊ အတုမရှိသော သုခကြီးနှင့်၊ ဈာန်ထက် မြင့်မြတ်သောသုခနှင့်၊ (အ) ၁၂-လုံးနှင့်၊ ၃၅-ဌာနနှင့်၊ ၆၇-ဌာနနှင့်၊ ၁၀၅-ဌာနနှင့်၊ (၁၀၀၀) ကျော်ဌာနနှင့်၊ ၁၉-ဌာနနှင့်၊ ၁၄-ဌာနနှင့်၊ ၉-ဌာနနှင့်၊ ၃-ဌာနနှင့်၊ ၃-ဌာနနှင့်၊ ၄-ဌာနနှင့် ၆-ဌာနနှင့်၊ ၇-ဌာနနှင့်၊ ၇-ဌာနနှင့်၊ ၇-ဌာနနှင့်၊ ဘုရင့်၊ ဘုရင်မြင့်မြတ်ကြီးကျော်၍ဆန်တက်လျက်သွားမည်။

(၃၇)(ခ) မြွေဘဝနှင့်ရုပ်သံ၊ နာမ်သံ၊ ကြားရ၊ နတ်ဖြစ် မဂ်ဖိုလ်ရသည်။

| | | |
|---|---|---|
| နွားဘဝနှင့်ရုပ်သံနာမ်သံကြားရ | ရှင်း | ရှင်း |
| ပါးဘဝနှင့်ရုပ်သံနာမ်သံကြားရ | ရှင်း | ရှင်း |
| ဆင် | ရှင်း | ရှင်း |
| မြင်း | ရှင်း | ရှင်း |
| မျောက် | ရှင်း | ရှင်း |

| | | |
|---|---|---|
| ကြေးသား | ၄င်း | ၄င်း |
| ကြက်မ၊ ကိုးဘဝနဲ့ | ၄င်း | ၄င်း |
| လင်းနို့သားငါးရာသီဟိုဠ်ကျွန်း | ၄င်း | ၄င်း |
| လင်းနို့သားငါးရာဇမ္ဗူ | ၄င်း | ၄င်း |

## အားရစရာ ဝိပဿနာ

(၃၇) (ခါး) ၁။ [ဝိပဿနာသုခတော၊ ဥတ္တရိသုခံ နာမနတ္ထိ။] သံယုတ်အဋ္ဌကထာမှ (အနက်ကား) ဝိပဿနာသုခတော၊ ဝိပဿနာသုခထက်။ ဥတ္တရိ၊ ပိုလွန်သော။ ဝါ။ မြင့်မြတ်သော သုခံနာမ၊ ချမ်းသာခြင်းမည်သည် နတ္ထိ၊ မရှိပါပေတဲ့၊ ၃၁-ဘုံမှာဖြင့် ဝိပဿနာသုခဟာ ဘုရင်ပါဘဲ၊ အမြင့်ဆုံးပါဘဲတဲ့။

(၃၉)(ဂ) ၂။ [ဝိပဿနာသုခ၊ သဒိသဿ၊ သုခဿ၊ အဘာဝါ] အင်္ဂုတ္တိုရ်အဋ္ဌကထာ။ (အနက်ကား) ဝိပဿနာသုခ၊ သဒိသဿ၊ ဝိပဿနာ ချမ်းသာနှင့်တူသော။ သုခဿ၊ ချမ်းသာ၏။ အဘာဝါ မရှိခြင်းကြောင့် ဥတ္တရိတရံ၊ (၃၁) ဘုံကချမ်းသာတွေထက်အလွန့်အလွန်မြင့်မြတ်၏။ ဝိပဿနာသုခနှင့်တူသောသုခပင်မရှိပါ။ ဒါကြောင့် ဝိပဿနာ သုခဟာ အလွန့်အလွန်မြင့်မြတ်ပေသည်တဲ့။

(၄၀)(ဂါ) ၃။ [ဈာနသုခတော၊ ဝိပဿနာသုခန္တိ] ဧကအင်္ဂုတ္တိုရ်ဋီကာကြီးမှ။ (အနက်ကား) ဈာနသုခတော၊

ဈာန် ၉-ပါးချမ်းသာထက်။ ဝိပဿနာသုခံ၊ ဝိပဿနာချမ်းသာခြင်းသည် အဓိကာ၊ လွန်ကဲ၏။ သမထ၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊ ဈာန်ကိုးဈာန်၊ မြေလျှိုး၊ မိုးပျံ တန်ခိုး ဈာန်၊ ဗြဟ္မာဖြစ်၊ ဘဝဂ်မှာနေရ၊ ရှေးကမ္ဘာလေးဆယ်ကို မြင်ရ၊ ကမ္ဘာပေါင်း(၈၄၀၀၀)နေရသောဈာန်ချမ်းသာတွေထက် ဝိပဿနာချမ်းသာက မြင့်မြတ်၍နေပါသည်။

(၄၁)(ဂ) ၄။ ဝိပဿနာပွါးသို့ (အ) ၁၂-လုံး ရ၍ နိဗ္ဗာန်ဝင်ရသည်မှာ အစိန္တေယျအကျိုး၊ အပ္ပမေယျအကျိုး၊ အသင်္ချေယျအကျိုး၊ အနန္တအကျိုး၊ အပ္ပရိမာဏအကျိုး၊ အပ္ပရိစ္ဆိန္နအကျိုး၊ အမြင့်ဆုံးအကျိုး၊ အမြတ်ဆုံးအကျိုး၊ အကြီးဆုံးအကျိုး၊ အကောင်းဆုံးအကျိုး၊ အသာဆုံးအကျိုး၊ အဘိုးတန်ဆုံးအကျိုးဟူ၍ (အ) ၁၂-မျိုးနှင့် နေနေပြီး မြင့်တက်သွားရသည်။ (ဗုဒ္ဓမှာအစိန္တေယျာ) စသောပါဠိ ၁၂-ပုဒ်ကိုကြည့်ကြပါ၊ မြင့်တက်၊ ဆန်တက်၍ သွားပါသည်။

(၄၂)(ဂ) ၅။ ဝိပဿနာကြောင့် (၃၅) ဌာန ရတယ်ဆိုတာ နတ်ပြည်က ၆-ဌာန။ ဗြဟ္မာပြည်က ၂၀-ဌာန။ မဂ် ၄-ပြည်၊ ဖိုလ် ၄-ပြည်၊ နိဗ္ဗာန်ဟူ၍ (၃၅) ဌာန အပိုင်ရရှိသွားသည်။

(၄၃)(ဂ) ၆။ ဝိပဿနာကြောင့် ၆၇-ဌာန ရရှိတယ်ဆိုတာ (၁) သူဌေးဘဝအနန္တ။ (၂) သူကြွယ်ဘဝအနန္တ၊ (၃) ပဒေသရာဇ်။ (၄) ကေရာဇ်။ (၅) စကြာဝတေး။ (၆)

မန္တာဘ်။ (၇) စာတုမဟာရာဇ်။ (၈) တာဝတိံသာ။ (၉) ယာမာ။ (၁၀) တုသိတာ။ (၁၁) နိမ္မာနရတိ။ (၁၂) ပရနိမ္မိတဝသဝတ္တီ။ (၁၃) ဗြဟ္မာပါရိသဇ္ဇာ။ (၁၄) ဗြဟ္မာပုရောဟိတာ။ (၁၅) မဟာဗြဟ္မာ။ (၁၆) ပရိတ္တာဘာ။ (၁၇) အပ္ပမာဏာဘာ။ (၁၈) အာဘဿရာ။ (၁၉) ပရိတ္တာသုဘာ။ (၂၀) အပ္ပမာဏာသုဘာ။ (၂၁) သုဘာကိဏှာ။ (၂၂) ဝေဟပ္ဖိုလ်။ (၂၃) အသညသတ် (၂၄) အဝိဟာ (၂၅) အတပ္ပါ။ (၂၆) သုဒဿာ။ (၂၇) သုဒဿီ။ (၂၈) အကနိဋ္ဌာ။ (၂၉) အာကာသာနဉ္စာယတနဘုံ။ (၃၀) ဝိညာဏဉ္စာယတနဘုံ။ (၃၁) အာကိဉ္စညာယတနဘုံ။ (၃၂) နေဝသညာနာသညာယတနဘုံ။ (၃၃) ဝိဇ္ဇာ ၃-ပါး။ (၃၄) အဘိညာဉ် ၆-ပါး။ (၃၅) သမာပတ် ၈-ပါး။ (၃၆) ဈာန်ကိုးဈာန်။ (၃၇) ပဋိသမ္ဘိဒါ ၄။ (၃၈) မဂ်-၄။ (၃၉) ဖိုလ်-၄။ (၄၁) အပါယ်တံခါးပိတ်ခြင်း။ (၄၂) ဆင်းရဲသံသရာပြတ်ခြင်း။ (၄၃) ဘုံစဉ်စံခြင်း။ (၄၄) သိဒ္ဓိကြီးကိုးတန်ရခြင်း။ (၄၅) လှချင်တိုင်းလှ။ (၄၆) ချောချင်တိုင်းချော။ (၄၇) ပေါချင်တိုင်းပေါ။ (၄၈) ငွေးချင်တိုင်းငွေး။ (၄၉) ဧချင်တိုင်းဧ။ (၅၀) တိုးချင်တိုင်းတိုး။ (၅၁) တက်ချင်တိုင်းတက်။ (၅၂) မြင့်ချင်တိုင်းမြင့်။ (၅၃) မြတ်ချင်တိုင်းမြတ်။ (၅၄) ကြွယ်ချင်တိုင်းကြွယ်။ (၅၅) ကမ္ဘာ့သခင်။ (၅၆) ကမ္ဘာ့ဘုရင်။ (၅၇ ကမ္ဘာ့အရှင်ထာဝစဉ်ဖြစ်ရ။(၅၈) ရွှေမိုး-ငွေမိုးရွာ။(၅၉) ရွှေအိုး-ငွေအိုးပေါ်။

(၆၀) ရွှေအဘောင်-ငွေအဘောင်ပေါက်။ (၆၁) ရွှေပဒေသာ ငွေပဒေသာပင်ပေါက်။ (၆၂)အစိနွေ့ယျူဒ ကျိုး။(၆၃) အပွမေယျ ကျိုး။ (၆၄)အသင်္ချေယျအကျိုး၊ (၆၅)အနန္တ အကျိုး (၆၆) အပ္ပမာဏအကျိုး။(၆၇) အပရိစ္ဆိန္နအကျိုး အားဖြင့်။ (၆၇) မါးသော အကျိုးကို ဝိပဿနာကပေး၍ မြင့်တက်စေပါသည်။

(၄၄)(ဂူ) ၇။ ဝိပဿနာရှုတော့(၁၀၅)ဌာနရသည် (၁၀၅)ဌာနဆိုတာ(၁)ပငြိုး၊ ငါးကား ပြောနိုင်ခြင်း။ (၂) ဘယ်ဝိပါက်မှ မလိုက်ခြင်း၊ (၃) အမိဝမ်း၌ မနေရ ဥပပါတ်နဲ့ဖွားရခြင်း။ (၄) နတ်သမီးတွေဟာ ၁၆-နှစ်အရွယ် ၌ဖြစ်၍ သေအထိနေသွားရခြင်း။ (၅) နတ်သားများလဲ နှစ်ဆယ်နဲ့ သေအထိ နေသွားရခြင်း။ (၆) နတ်တွေမှာ ဆံဖြူ-သွားကျိုးအိုခြင်းမရှိ။ (၇)ကိုးဆဲ့ခြောက်ပါးသော ရောဂါဝေဒနာမရှိ။(၈)သေတော့လဲအလောင်းကောင်ကြီး မကျန်ရစ်။ (၉) ဘယ်မှာထိုင်ထိုင် ဘုံဗိမာန်ပေါက်ရခြင်း။ (၁၀)နေစရာ ဘုံဗိမာန်ပေါက်ပေးရခြင်း။ (၁၁) စားစရာ နတ်သုဒ္ဓါ ပေါ်ပေးရခြင်း။ (၁၂) အဝတ်အကျီ လုံချည် ပေါ်၍ပေးရခြင်း။ (၁၃)တန်းဆာ ဒွါရယာတွေပေါ်ပေး ရခြင်း။(၁၄)လှည်းအစီး ၆၀-တိုက်လောက်သော အဝတ် ရခြင်း။(၁၅)ဘာဘဲစားစားအသားအရေသာ ဖြစ်ရခြင်း။ (၁၆) အချိန်မှန်မှန် မစားလျှင် သေရခြင်း။ (၁၇) နှပ်

တံတွေး အန်ဖတ်မရှိ။ (၁၈)ကျင်ကြီးအိမ်မရှိ။ ကျင်ကြီးလဲ မရှိ။(၁၉)ကျင်ငယ်အိမ်မရှိ။ကျင်ငယ်လဲမရှိ။ (၂၈)သေခါ နီး၌ နိမိတ်ငါးပါးထင်ရခြင်း။ (၂၁)မိုင်တရာခံ့ ပစပ်မှ ကြာညိုနံ့ထွက်ရခြင်း။(၂၂)မိုင်တရာခံ့မှ ကိုယ်မှ စန္ဒကူး အနံ့ထွက်ရခြင်း။ (၂၃)ကိုယ်မှ တန်းဆာမှ၊ ဝတ်မှ ဗိမာန် မှ လေးဌာနမှ မိုင်တရာလောက် လင်းနေရခြင်း။ (၂၄) ၎င်းအခရောင် လေးပါးကြောင့် မီးရောင်-နေရောင် မလို ခြင်း။ (၂၅)မိုးမရွာရ၊ နှင်းမကျရခြင်း။ (၂၆)အပူအေးမျှ တခြင်း။ (၂၇)ရွှေမြေတွေဖြစ်၍ မြူဖုံမရှိ။ (၂၈)လေကတ် မျက်လှည်းလှဲပေးရ၏။ (၂၉) အိပ်ရာထဲ၌ ပေါ်လာလျှင် လင်မယားဖြစ်။ (၃၀) ပေါင်ပေါ်ဖြစ်လာလျှင် သားသမီး ပါတဲ့။(၃၁)ကျေးကျွန်တို့နေရာ၌ဖြစ်လျှင် ကျေး ကျွန် နတ် ပါတဲ့။ (၃၂)တိရစ္ဆာန်မရှိပါ၊ ဖန်ဆင်းမှ တိရစ္ဆာန်ဖြစ်ရ သည်။(၃၃)ပန်းခူးလျှင် ညွတ်၍ကျလာရသည်။ ပြီးမှပြန်၍ ထောင်ရသည်။ (၃၄)တန်ခိုးဖြင့် သွားလာ နိုင်ကြသည်။ (၃၅)နတ်အချင်းချင်း ၄-ဆ၊ ၄-ဆစီအသက်ရှည်ကြသည်။ (၃၅)တဆင့်နှင့်တဆင့်လည်း ဆယ်ဆစီပို၍အကျိုးပေးကြ သည်။ (၃၇)ကံအတိုင်းနေရာတွေ ပေါ်ပေါ်ပေးကြသည်။ (၃၈)ကာမဂုဏ်ခံစားလျှင် သုက်သွေးမထွက်ရပါ။ (၃၉) နတ်အသားကို လူအသားနှင့်ထိလာလျှင် ၃-နှစ်မျှမမျှော်မေ့ အောင် နူးညံ့သိမ်မွေ့သည်။ (၄၀) ခိုခြေအဆင်း ကဲ့သို့ လှပသည်။(၄၁)လူနှင့်နတ်မှာ မျောက်နှင့် ဇနပဒကလျာကို

လောက် အလှအပကွာခြားသည်။ (၄၂)အနှစ်ငါးဆယ်မှာ တရက်။ အနှစ်တရာမှာတရက်။ အနှစ် နှစ်ရာမှာ တရက်။ အနှစ် ထောင့်ခြောက်ရာမှာတရက်။ နတ် ၆-မျိုးနှင့်နေကြသည်။ (၄၃)တိဟိတ်တော့ပေါများစွာဖြစ်ကြသည်။ (၄၄) မျက်ဖျားရေနှင့် သမုဒ္ဒရာကရေလောက် ညီးစိမ်ခြင်းကွာခြားသည်။ (၄၅)သလိုပ်မရှိ၍အသံများ ချိုသောယာသည်။ (၄၆)နတ်တဦး၏ကိုယ်ဟာကိုးမိုင်ခဲ့လောက်ကြီးမားသည်။ (၄၇)လူ့ပြည်သို့ ဆင်းလ လျှင် မိုင်တရာလောက် နီးက အပုတ်နံ့လှိုင်သည်။(၄၈)လူ့ပြည်သို့လာလျှင် အကျန်းဆုံးဖန်ဆင်း၍လာရသည်။ (၄၉)အနှစ်ငါးဆယ်မှတကြိမ်စား (၁၀၀)မှ တကြိမ်။ (၂၀၀)မှတကြိမ်။ (၄၀၀)မှ တကြိမ်။ (၁၆၀၀)မှ တကြိမ်စားကြသည်။ (၅၀)နတ်များလာလျှင် မွှေးထုံကြိုင်လာသည်။ (၅၁) ထကြွတမျိုး လက်ာအတိုင်း နတ်ကိုးမျိုးရှိကြသည်။(၅၂)သီလကြောင့်နတ်များဖြစ်ကြရသည်။(၅၃)ဒါနကကြယ်။သီလကတာရာ။သမထက နက္ခတ်ဝိပဿနာက လ-နေဗိမာန်နှင့်နေကြသည်။ (၅၄)လူ့ပြည်မှယူဇနာ-၄၂၀၀၀ ကောင်းကင်၌နေကြသည်။(၅၅)ဗိမာန်တွေမှာလဲ ၁၂-ယူဇနာ၊ယူဇနာ-၃၀ စသည်ဖြင့်နေကြသည် (၅၆)လိုရာ-လိုရာ ဖန်ဆင်း၍အသုံးပြုကြသည်။ (၅၇)လူ့, နတ်,ဗြဟ္မာသို့ အိမ်လယ်နိုင်ကြသည်။(၅၈)ရတနာ ၇-ပါး။ ရတနာကိုးပါး၊ရတနာဆယ်ပါးကိုအသုံးပြုကြသည်။(၅၉) (၆၇)မျိုးမှာ (၁၀၅)မျိုးစီနှင့် ၄-ဆစီ ၄-ဆစီ တက်၍နေ

ကြသည်။ (၆၀)နတ်သုဒ္ဓါဘုတ်ကိုစားကြသည်။ (၆၁)မုညဖလူပစ်ဝိတပုဂ္ဂိုလ်တွေမို့ အရောင်အဝယ်မပြုကြပါ။ (၆၂) တာဝတိံသာ၌ ကင်းငါးတန်ချ၍နေကြသည်။ (၆၃)ဘယ်အလုပ်ကိုမှ မလုပ်ကြပါ။ (၆၄) ဓာမေ သင်ကြားခြင်း မရှိကြပါ။ (၆၅)အချေအရင်းရာ တထောင်စိ စသည်ဖြင့် နေကြသည်။(၆၆)လူတို့အဖနတ်ဘဲ၊နတ်တို့အဖဗြဟ္မာဘဲဟု ထားကြသည်။ (၆၇)ဇွန္ဒာကကြောင်း ဆို့၊အအကျိုးအပဲ မရှိကြပါ။ (၆၈) ဘာဘဲ-ခြားခြား မြင်ထွမ်းနိုင်ကြသည်။ (၆၉) ဒိဗ္ဗသောတနှင့် အဝေးက အသံကြားနိုင်ကြသည်။ (၇၀) နတ်အပေါ်၌ ဗြဟ္မာထိုင်လျှစ် ရင်းနတ်မှာ ဂုဏ်တက်သည်။(၇၁)ဥယျာဉ်ရေကန်မေါ်၍ပေးရသည်။(၇၂) နတ်,ဗြဟ္မာ၌ သုဓမ္မာသဘင်တွေ ရှိထားကြသည်။ (၇၃) လဆန်း ၈ ရက်လပြည့်၊ လကွယ်များ၌ စာရင်းယူကြသည်။ (၇၄)စည်းဝေးပြီးကယ်ဆယ်ရန် စီမံကြသည်။ (၇၅)ရထားဆင်၊မြင်းကို ဖန်ဆင်း၍ စီးနင်းကြသည်။ (၇၆)ကခုန်တီးမှုတ်ရာ၌ လူ့ထက်သာလွန်ကြသည်။(၇၇)လူနဲ့နတ်ပေါင်းလျှင် လူမင်နတ်ဖြစ်ရသည်။ (၇၈)ရှင်ပြုခြင်း ပဉ္စင်းပြုခြင်း မရှိကြပါ။(၇၉)နတ်သက်အတိုင်း သာသနာရှည်ကြသည်။ (၈၀)လူတို့ထက် လျှပ်မြန်စွာ မဂ်ဖိုလ်ရသည်။ (၈၁)စိတ်သွားတိုင်းကိုယ်ပါ။လိုရာသို့ရောက်ကြသည်။ (၈၂)ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြသည်။ (၈၃)လိုတလျှင်ရကြသည်။ (၈၄)ကမ္မဇိဒ္ဓိတန်ခိုး အမျိုးမျိုးရှိကြသည်။(၈၅)

နှမ်းတလုံးနှဲ့ မြင့်မိုရ်တောင်မျှ ကွာခြားကြသည်။(၈၆) နှင်းတပေါက်နှင့် သမုဒ္ဒရာရေမျှ ကွာခြားကြသည်။ (၈၇) ဇီးစေ့နှင့်စကြာဝဠာမျှ ကွာခြားကြသည်။ (၈၈)နတ်တူရိယာ တီးလျှင် ၄-လကြာမှ အသံဆိတ်သည်။ (၈၉) အာသာဝတီနွယ်နီနတ်ပန်းသုံးကြရသည်။(၉၀)နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ကိုအစိုးရသည်။ (၉၁)ရက်၊ လ နှစ် ဘဝပါ ခြားနားကြသည်။ (၉၂)လူ့ပြည်ထက်အလျှင် ဘုံပေါ်ကြသည်။ (၉၃)နတ်ပြည်၌ ဒုရာဇီဝမရှိကြပါ။ (၉၄)ပါဏာတိပါတမရှိကြပါ။(၉၅)အဒိန္နာဒါနမရှိကြပါ။(၉၆)ကာမေသုမိစ္ဆာစာရ မရှိကြပါ။ (၉၇)အဘိဇ္ဈာ ဒါးပြ မရှိကြပါ။ (၉၈)ဗျာပါဒသူတပါးဥစ္စာကို ဖျက်ဆီးမှုမရှိကြပါ။(၉၉) ပဋ္ဌနန္တရိယ မရှိကြပါ။ (၁၀၀) ဘိက္ခုနီဒူသက မရှိကြပါ။ (၁၀၁)လူတို့ မသွားမလာနိုင်သော နေရာ၌ နေကြသည်။ (၁၀၂)လူတို့မျက်စိဖြင့် မမြင်ကြရပါ။ (၁၀၃)လူဝွေ့ထက် အလွန့်အလွန်နူးညံ့၍နေကြသည်။(၁၀၄)ကြောင်းရေ-၃၅ နံပါတ်-၁၃၊ ပိုဒ်ရေ-၈၂ ၌၊ သံဝရပျို့ ယူဇနာတရာ၊ ၄-မျက်နှာ ပြန့်ကြသည်။ (၁၀၅) သံဝရပျို့ နံပါတ်-၃၅၊ ကြောင်းရေ-၈၊ ပိုဒ်ရေ-၇၉ ၌၊ သိကြားမင်းထမင်းအကျိုး ၁၂-ပါးရှိသည်။ အဲဒါတွေဟာ လူတွေထက်၊ နတ်က (၁၀၅)ပါးသာပုံ ပိုပုံ လွန်ကဲပုံ ပြသည်။

(၄၅)(ဧ) ဂ။ ဝိပဿနာကြောင့်(တထောင်ကျော်ဌာန) ရပုံမှာ စာအုပ် ပုံနှိပ်ပြီးဖြစ်၍ ဗုဒ္ဓဗျာဒိတ်တော်မှ

၂၁၅-ပါး၊ ဇိနဗျာဒိတ်တော်မှာ ၃၃၃-ပါး။ ဘုရားဗျာဒိတ်
တော်မှ ၃၁၂-ပါး။ ဗျာဒိတ်တော်မှ ၁၀၀-ဖြစ်၍ ဗျာဒိတ်
တော်ပေါင်း (၁၀၀၀၀) ကျော်လောက် ရရှိကြပါသည်။

(ခ) ၉။ ဝိပဿနာကြောင့် ၁၉-ဌာနရကြတယ်ဆိုတာ
(၁)တိရစ္ဆာန်အားလှူခြင်း။ (၂) လူဒုဿီလအား လှူခြင်း။
(၃)လူသီလဝန္တအားလှူခြင်း။ (၄) ဈာန်ပုံ့ရသော အားလှူ
ခြင်း (၅)သောတာပတ္တိမဂ်အား လှူခြင်း။ (၆) သောတာ
ပတ္တိဖိုလ်အားလှူခြင်း။ (၇)သကဒါဂါမိ မဂ်အားလှူခြင်း။
(၈)သကဒါဂါမိဖိုလ်အားလှူခြင်း။(၉)အနာဂါမိမဂ်အား
လှူခြင်း။ (၁၀) အနာဂါမိဖိုလ်အားလှူခြင်း။(၁၁)အရဟတ္တ
မဂ်အားလှူခြင်း။ (၁၂)အရဟတ္တဖိုလ်အား လှူခြင်း။(၁၃)
ပစ္စေကဗုဒ္ဓါအားလှူခြင်း။ (၁၄)ဘုရားအားလှူခြင်း။(၁၅)
သရဏဂုဏ် တည်သူအားလှူခြင်း။ (၁၆)ငါးပါးသီလရှိသူ
အားလှူခြင်း။(၁၇)မေတ္တာဈာန်ရှိသူဖြစ်ခြင်း။ (၁၈)အနိစ္စ
သညာကိုပွါးနေခြင်း။ (၁၉) အနိစ္စပညာပွါးများနေခြင်း
ဝိပဿနာဟာ (၁၉) နံပါတ်၌ရောက်၍နေပေတော့သည်။
ကျန်သော ၁၈-ဌာနကို လွှမ်းမိုး၍နေပေတော့သည်။ ၁၈-
ဌာနလဲ ဝိဝဋ္ဋကုသိုလ်တွေ ဖြစ်လာရတော့သည်။

(၄၆)(ဂ) ၁၀။ ဝိပဿနာကြောင့် (၁၄) ဌာနကို
ရကြတယ်ဆိုတာ (၁)ဝေလာမပုဏ္ဏား၏ မဟာအသဒိဒါလှူ
ကြီး။ (၂) ၎င်းထက်သောတာပန်တဦးအားလှူခြင်း။ (၃)
သောတာပန်တရာလှူတာထက် သကဒါဂါမိတဦးအား လှူ

ခြင်း။ (၄) သကဒါဂါမိတရားလှူတာထက် အနာဂါမိတဦး
အားလှူခြင်း။ (၅) အနာဂါမိတရားကိုလှူတာထက် ရဟန္တာ
တပါးအား လှူခြင်း။ (၆) ရဟန္တာတရားကို လှူတာထက်
ပစ္စေကဗုဒ္ဓါ တပါးအားလှူခြင်း။ (၇) ပစ္စေကဗုဒ္ဓါတရားလှူ
တာထက်ဘုရားတဆူအားလှူခြင်း။ (၈) ဒါထက်ဘုရား၊ အ
မှူးရှိသောသံဃာတော်လှူခြင်း။ (၉) ၎င်းထက်စတုဒ္ဒိသာ
သံဃာအတွက်ကျောင်းကိုလှူခြင်း။ (၁၀) သရဏဂုဏ်တည်
ခြင်း။ (၁၁) ၎င်းထက်ငါးပါးသီလ ဆောက်တည်ခြင်း၊
(၁၂) ၎င်းထက်မေတ္တာပွါးနေခြင်း။ (၁၃) ၎င်းထက်အနိစ္စ
သညာကို ပွါးများနေခြင်း။ (၁၄) ၎င်းထက် အနိစ္စပညာကို
ပွါးနေခြင်း။ ၎င်းတဆဲ့လေးပါး ထဲက (၁၄) နံပါတ်ဟာ
ကျန်သော (၁၃) တွေ့ထက် မြင့်မြတ်သော ဝိပဿနာမို့
အမြင့်ဆုံးက နေပါသည်၊ အကျိုးပေးရာ၌ ကြီးကျယ်များ
ပြားပြည့်နှက်သည်။

## (၄၇)(ဧဂါ)၁၁ ဝိပဿနာပွါးများလျှင်၉-ဌာနကို ရတယ်ဆိုတာဟာလင်္ကာဇယားကိုကြည့်ပါ

| | |
|---|---|
| ထကြွတမျိုး | ကဆင့်နတ်များ |
| ရှိခိုးတထွေ | ၂-ဆင့်ရနတ်များ |
| နေရာကိုပေး | ၃-ဆင့်ရနတ်များ |
| လှူရေးတခြား | ၄-ဆင့်ရနတ်များ |
| တရားကိုနာ | ၅-ဆင့်ရနတ်များ |
| နားပိုက်ကာနှင့် | ၆-ဆင့်ရနတ်များ |
| နှုတ်မှာဆောင်ထား | ၇-ဆင့်ရနတ်များ |
| စဉ်းစား | ၈ ဆင့်ရနတ်များ |
| ကျင့်ကြံ | ၉-ဆင့်ရနတ်များ |
| ဤကိုးတန်လိုက်ရန်ဒုတုတည်း။ | |

ယခုပြပုံမှာ ထကြွတမျိုး ပြုသော သူဟာ တဆင့်ရ နတ်သားဖြစ်၏။ ထကြွတမျိုး လဲ ပြုတယ်၊ ရှိခိုး တထွေလဲ ပြုတယ်၊ရင်းနတ်များဟာ ၂-ဆင့် ရကြသည်။ ထကြွတမျိုးရော၊ ရှိခိုး တထွေရော၊ နေရာကိုပေးရော၊ ၃-မျိုးပြုလျှင် ၃-ဆင့်ရ နတ်သားများဖြစ်ကြသည်။ ယခုလို တခုတိုး၊ တခုတိုးပြီး တက်တက်သွားရပါသည်။ ဤ၉ (ကျင့်ကြံ)နတ်သားတွေမှာဝိပဿနာယောဂီမို့ ၉-ဆင့်ရ၊ ၉-မျိုးရနတ်သားတွေသာဖြစ်ကြပါသည်။ ဝိပဿနာယောဂီတွေဟာ ထိပ်ကချည်း နေကြရပါသည်။ ကျင့်ကြပါ၊ အားထုတ်ကြပါလေ။

(၄၈) (ဂါ) ၁၂။ ဝိပဿနာပွါးလျှင် (၃)ဌာနနှင့်နေရသည်ဆိုတာ လူ့ထိပ်တန်းကနေကြရမည်။ နတ်ထိပ်တန်းကနေကြရမည်၊ ဗြဟ္မာ့ ထိပ်တန်းက နေကြရမည်။ ဒါနထိပ်

တန်းက၊ သီလထိပ်တန်းက၊ သမထထိပ်တန်းကနေကြရမည် ဟုဆိုလိုပါသည်။

(၄၉)(ဂါ) ၁၃။ ဝိပဿနာ အားထုတ်လျှင် ၃-ဌာန ကိုရမည်ဆိုတာဟာ အနိစ္စ စကြာယာဉ်ပျံနှင့်၊ ဒုက္ခစကြာ ယာဉ်ပျံနှင့်၊ အနတ္တ စကြာယာဉ်ပျံနှင့် နေနေ တက်သွား ကြရပါမည်။

(၅၀)(ဃ) ၁၄။ ဝိပဿနာ အားထုတ်လျှင် ၄-ဌာနနဲ့ နေကြရမည်ဆိုတာ (၁) ပတိရူပဒေသဝါသစက်နှင့် စကြာ မင်းဖြစ်ကြရမည်။ (၂) ပုဗ္ဗေကတစက်နှင့်စကြာမင်းဖြစ်၍ နေကြရမည်။ (၃) အတ္တသမာ ပဏိဓိစက်ရ၍ စကြာမင်း ဘဝနှင့်နေကြရမည်၊ (၄) သပ္ပုရိသူပနိဿယစက်ရ၍ စကြာ မင်းဘဝနှင့်နေကြရမည်။ [လင်္ကာမှာ] [ပဋိရူပေ၊ ပုဗ္ဗေက တာ၊ သမာပဏိဓိ၊ သပ္ပုရိစက်၊ လေးချက်ပြည့်စုံ၊ လူနတ် ဘုံတွင်၊ စက်စုံဖြန့်မိုး၊ အုပ်စိုးအာဏာ၊ မင်းစကြာ၊ သံသရာ လုံးရသတည်း။]

**(၅၁)(ဃာ) ၁၅ ဝိပဿနာပွါးလျှင် ၆ ဌာနစီ၌ အိမ်ပိုင် ၆၊ တိုက်ပိုင် ၆၊ နန်းပိုင် ၆-လုံးရမည်**

| ၆-ဌာန | | လူ့ဘုံ | နတ်ဘုံ | ဗြဟ္မာဘုံ | မဂ် | ဖိုလ် | နိဗ္ဗာန် |
|---|---|---|---|---|---|---|---|
| နာမရူပရသို့ | အိမ် | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | |
| ကြောင်းကျိုး | တိုက် | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | |
| ဓ္ဓ၊က္ခ၊တ္တ၊ရလို့ | နန်း | ၎င်း | ၎င်း | ၎င်း | ၎င်း | ၎င်း | |

သိလောက်စရာရှိ၍မခွဲပါ၊ ရုပ်နာမ်ရလျှင် အိမ် ၆-လုံး

ရရော၊ အကြောင်း-အကျိုးတွေလျှင် တိုက် ၆-လုံးရရော၊ လက္ခဏာရေး ၃-ပါးရလျှင် နန်း ၆-လုံးရရော စံရပါရော တဲ့။

(၅၂) (ဃ) ၁၆။ ဝိပဿနာပွါးလျှင် ခုနစ် ဌာနကိုရ တယ်ဆိုတာ။ သတိသမ္ဗောဇ္ဈင် စကြာရတနာ ရသည်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆင်ပြုံ ရတနာရသည် ဝီရိယ သမ္ဗောဇ္ဈင် မြင်းပြုံ ရတနာရသည်၊ ပီတိသမ္ဗောဇ္ဈင် ပတ္တမြား ရတနာ ရသည်။

ဝိပဿနာပွါးတော့ဗောဇ္ဈင် ၇-ပါးရရှိသည်။ ဗောဇ္ဈင် ၇-ပါးနှင့် စကြာမင်း၏ ရတနာ ၇-ပါးယှဉ်၍ရပုံကိုပြထား သည်။ လောကီရော၊ လောကုတ္တရာ ရာစွယ်စုံရကြပုံကိုပြပါ သည်၊ အားတက်ကြပါလေ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ မိဖုရာကြီး ရတနာရသည်။ သမာဓိ သမ္ဗောဇ္ဈင် သူဌေးကြီးရတနာရသည်။ ဥပေက္ခာသမ္ဗောဇ္ဈင် သားကြီးရတနာရသည်။

လောကီမှာ စကြာရတနာ ၇-ပါးနှင့် နေရ၏။ လောကုတ္တရာမှာတော့ ဗောဇ္ဈင် ၇-ပါးနှင့်နေရသည်။

(၅၃) (ဃ) ၁၇။ ဝိပဿနာပွါးလျှင် တသံသရာလုံး ပြုခဲ့သမျှသော စရဏ ၁၅-ပါး၊ ၃၅-ပါး ကုသိုလ်တွေဟာ ဝိပဿနာ၏အခြွေအရံ၊ အစေခံ၊ ကျေးကျွန်တွေဖြစ်၍ကူညီ ကြတော့သည်။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|
| ပရိ | ဥပ | အနု | ဂေါတြဘူ | မဂ် | ဖိုလ် | ဖိုလ် |
| ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ၃၄ | ၃၅ | ၁၅ | ၁၅ | ၁၅ | ၁၅ | ၁၅ |
| ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ | ခြံရံ |

ပဌမဇယားကိုရှင်းပြမည်၊ ကျန်တာတွေကို သိကြရော ပရိကံဆိုတဲ့ ဝိပဿနာဖြစ်လျှင်ပင် စရဏတရား ၁၅-ပါး၊ စရဏ ာရား ၃၅ ပါး၊ သံဿရာတခွင်ကပြုခဲ့သော ကုသလ ပုညသုစရိုက်တွေဟာရုံးစု၍၊ ပရိကံဝိပဿနာကိုခြံရံ၍ ကူညီ ကြသည် ဝိုင်းမကြသည်၊ ဖေးမကြသည်၊ ဝိုင်းဝန်းကြသည်။ (၂) ဥပစာဉ်ကျပုံခဲ့ပြပါ။ (၃) အနုလုံဉ်ကျပုံပင်။ (၄) ဂေါတြဘူဉ်ကျပုံပင်။ (၅) မဂ်ဉာဏ်ဉ်ကျပုံပင်။ (၆) ပထမ ဖိုလ်ဉာဏ်ဉ်ကျပုံပင်။ (၇) ဒုတိယဖိုလ်ဉ် ကျပုံစံပါဘဲ။ နည်း ပြသည့်အတိုင်းယူတတ်ကြပါလေ။

(၅၄) (ဃ) ၁ဂ။ စာသိဝင်၊သိက္ခာဝင်၊ဝိပဿနာဓါတ် ဝင် မဘူကြပုံမှာ-

| (၁) နံပါတ် | (၂) နံပါတ် | (၃) နံပါတ် |
|---|---|---|
| စာတလုံးဝင် | သိက္ခာပုဒ်တခုဝင် | ဓါတ်တလုံးဝင် |
| ဘုရားတဆူရ | ဘုရား ၁၀၀၀ ရ | ဘုရားအသင်္ချေရ |
| ပရိယသာသနာ | ပဋိပတ်သာသနာ | ပဋိဝေဓသာသနာ |
| အန္တရကပ်တကပ် | ၂၃၂၈၆ အန္တရကပ် | ၇၉၃၆၀၀၀ အန္တရ |
| အန္တရကပ်တကပ် | ၉၁-ကမ္ဘာ | ကမ္ဘာပေါင်း၃၁၀၀၀ |

(၁) နံပါတ်မှာစာ တလုံးဝင်လာသဖြင့် ဘုရားတဆူ တန်ဘိုးကိုရခြင်း၊ ပရိယတ္တိသာသနာကိုရခြင်း၊အန္တရတကပ် လုံး နတ်ပြည်၌နေရခြင်း။ (၂) နံပါတ်မှာ သိက္ခာပုဒ်တခု ဝင်လာလျှင် ဘုရားတဆူ(၁၀၀၀)ရခြင်း၊ ပဋိပတ္တိသာသနာ ကိုရခြင်း၊ အန္တရကပ်ပေါင်း (၂၇၂၈၆) ကပ်မျှနတ်ပြည်၌ နေရသည်၊ ကမ္ဘာအားဖြင့် ၈၁-ကမ္ဘာလောက် နတ်ပြည်၌ နေရသည်။ ကျန်တာဇာယား တိုင်းသိကြပါလေ။

## (၅၅) (ည) မင်္ဂလိရေးလွယ်လွယ်ကလေး

(က) ယဿ၊ သဒ္ဓါဗလဝတိ၊ ဝိပဿနာစ၊ အာရဒ္ဓါ၊ တဿ၊ ဂစ္ဆန္တဿ၊ တိဋ္ဌန္တဿ၊ နိသီဒန္တဿ၊ နိပဇ္ဇန္တဿ၊ ခါဒန္တဿ၊ ဘုဥ္ဇန္တဿ၊ မဂ္ဂဖလ၊ ပဋိဝေဓေါနာမ၊ နဟောတိတိ နဝတ္တဗ္ဗံ။ ကောဒသာ အင်္ဂုတ္တိုရ်ဋ္ဌကထာကြီး နံပါတ်-၃၅၈၊ ကြောင်းရေ-၄။ ဆဋ္ဌမူမှယူပြသည်။

(ခ) ယဿ၊ သဒ္ဓါဗလဝတိ၊ ဝိပဿနာစ အာရဒ္ဓါ၊ တဿ၊ ဂစ္ဆန္တဿ၊ တိဋ္ဌန္တဿ၊ နိသီဒန္တဿ၊ နိပဇ္ဇန္တဿ ခါဒန္တဿ ဘုဥ္ဇန္တဿ၊ မဂ္ဂဖလ၊ ပဋိဝေဓေါနာမ၊ နတ္ထိတိ၊ နဝတဗ္ဗါ။ မူလပဏ္ဏာသဋီကာ မဟာသာရောမမ သုတ်အဋ္ဌကထာမှ ယူပြသည် နံပါယ်-၁၇၈၊ ကြောင်းရေ-၄၊ ဆဋ္ဌမူ။

(ဂ) ယဿသဒ္ဓါစ၊ ဗလာတိ၊ ဝိပဿနာစ၊ အာရဒ္ဓါ၊ တဿ၊ ဂစ္ဆန္တဿ၊ တိဋ္ဌန္တဿ၊ နိသီဒန္တဿ၊ နိပဇ္ဇန္တဿ၊ ခါဒန္တဿ၊ဘုဥ္ဇန္တဿ၊မဂ္ဂဖလပဋိဝေဓေါနာမ၊နဟောတိတိနတ္ထိ။

ပုဂ္ဂလပညတ်ကထောမှယူပြသည်။ နံပါတ်-၂၉၊ ကြောင်းရေ ၁၂ ဇာမူ။ နံပါတ်-၁၂၊ ကြောင်းရေ-၇ ဆင့်မူ။

ယခုပြသော ပါဠိ၊ ပါဠိ ၃-ကျမ်း၊ ၃-ပုဒ်ကို ကြည့်သော် အကြင် အားထုတ်သော ယောဂီမှာ အားထုတ်ခြင်း လုလ္လဥဿဟတစ်ရု၊ သဒ္ဓါတရားအားကြီးထက်သန်၍နေခြင်း ကတစ်ရု၊ ဤ ၂-ခုသောအင်္ဂါနှင့်ပြည့်စုံ၍နေပါမူ ထိုယောဂီဟာ သွားနေစဉ်ဣရိယာပုထ်၊ ရပ်နေစဉ်၊ ထိုင်နေစဉ်၊ အိပ်လျောင်း၍နေစဉ်၊ ခဲနေစဉ် စားနေစဉ်၊ ဣရိယာပုထ်တိုင်း မှာပင် တခုခုသောဣရိယာပုထ်၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကား ရရှိတော့မည်မလွဲဧကန်။ ၎င်းဣရိယာပုထ်၌ မဂ်၊ဖိုလ်၊နိဗ္ဗာန် ကိုမရဘူးဟူ၍ပြောလဲမပြောအပ်ပါ၊ ထင်လဲမထင်အပ်ပါ၊ ဗုဒ္ဓဘာသာ အချင်းချင်းမို့ တင်းတင်းကြီး အားပေးရုံသာ ကျန်ရှိပါသည်။ အဲဒါကြောင့် ဉာဏစာဂီ မဟာထေရ်က (၁) ပက်လက်လှန်ရင်းဖြစ်စေ။ (၂) ဘယ်ဘက် ညောင်းရင်းဖြစ်စေ။ (၃) လက်ဝဲဖြစ်စေ။ (၄)အလျားမှောက်ရင်း ဖြစ်စေ။ (၅) ပက်လက် ကုလားထိုင်နဲ့ဖြစ်စေ။ (၆) နံရံမှီချဆင်း၍ဖြစ်စေ။ (၇) နံတိုင်မှီကာရပ်၍ ဖြစ်စေ။ (၈) မိမ္ပူထိုင်၊ ယောကျ်ားထိုင်နဲ့ဖြစ်စေ။ (၉) စင်္ကြံလျှောက်ရင်း ဖြင့် ဝီပဿနာကို အားထုတ်ကြပါ။ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကိုရကြမှာပါဘဲဟုရဲရဲကြီး အားပေးနေပါသည်။ (ဝစသာမနသာစေဝ၊ ဝန္ဒာမေတော၊ တထာဂတော၊ သယနေဂမနေစာပိ) ပရိတ်ကြီးပါဠိတော်အရ နမူနာပြနေပါပြီကော။ ။(၁)

ဝိပဿနာ ကုသိုလ်ဘုရင်သည် အကုသိုလ်တွေ၊ ကိလေသာတွေရော၊ ကာမာဝစရကုသိုလ်တွေ၊ ရူပါဝစရကုသိုလ်တွေ၊ အရူပါဝစရကုသိုလ်တွေကို (၇) ဘဝထဲနှင့် စုပြုံပြီးအကျိုးပေးကြသည်။ အကယ်၍ (၇) ဘဝနဲ့စုပြုံပြီး မပေးလျှင် အဟောသိကဖြစ်ကြစေဟုဗျာပနပြောချသည် (၂)ဝိပဿနာ စိတ္တံ၊ တန္နိန္န ၊ တပ္ပေါဏံ၊ တပ္ပဗ္ဘာရံ၊ ကရောတိ။ ဓါတ်ဟာနိဗ္ဗာန်သို့ စီးဝင်ခြင်း၊ ညွတ်ခြင်း၊ ကိုင်းရှိုင်းခြင်းဖြစ်စေသည်။ (၃) ဝိပဿနာ သုခတော၊ ဥတ္တရိသုခံ၊ နာမနတ္ထိ။ သံယုတ်အဋ္ဌကထာ ဝိပဿနာသုခဟာ ၃၁-ဘုံမှာ အကြီးဆုံးဖြစ်သော သုခပါဘဲတဲ့၊ ယူထားကြပါ။

ခင်ပွန်းကအိမ်မှနှင်ထုတ်ခံရသော တမည့်မကလေးဟာ ဝိပဿနာတရားက လှိုင်လှိုင်ပိုင်ပိုင်ရ၍ ပီတိသောမနဿနှင့် နေလေသည်။ သူ၏ခင်ပွန်းက မိမိမှားမှန်းသိ၍ လာခေါ်လျှင် မလိုက်ချင်ပါ၊ တဦးဦးနဲ့သာ လက်ထပ်၍ နေပါဟု ငြင်းသည်။ မရမကတောင်းပန်တော့ ဒီလိုနေရမှ ဒီလိုကျင့်ရမှ လိုက်မည်ဟုပြောလျှင် ခင်ပွန်းက အားလုံးတာဝန်ခံ၍ ခေါ်သွားလေသည်။ ၎င်းဟာ ယနေ့အထိ ဝိပဿနာရော၊ အိမ်အမှုရောပြု၍နေလေသည်။ အားထုတ်လို့တဘဝလုံးချမ်းသာရပုံပြသည်။

ဒုက္ခသယ်လုလင်ပျိုမဝတ္ထုပြီး၏။

# မြန်မလာတရားတော်ကြီးတံခါးပိတ်

## တြင်းကြေ နဝင်းကြေ တရားနှင့်နေထိုင်သွားလာကြပါ

(အဲဒါပထမဦးစွာ ပုထုဇဉ်များကျင့်ရမည်။)

(၅၆) (၁) ပထမတြင်းကြေကား ဘုရား တရား သံဃာကိုးကွယ်နေရမည်။ ဘုရားဆိုတာ ဆရာဇီဝကနှင့် တူသည်။ ပညာရှိရှိ ဆေးဖော်ပေးသော သူတော် သူမြတ်ကြီးသာတည်း။ တရားဆို ရောဂါဝေဒနာကို ကင်းပျောက်စေနိုင်သော ဆေးတော်ကြီး ပါဘဲ။ သံဃာတော်ဆိုတာ ရှင်းဆေးတော်ကြီးကို စားသုံးသဖြင့် (၁၅ ၀) ကိလေသာ ရောဂါပျောက်ပြီးသော သူတို့တည်း။ ဤအခိုပ္ပါယ်ဖြင့် ရတနာ ၃-ပါးကို ကိုးကွယ်ကြပါ။

(၅၇) (၂) ဒုတိယ တြင်းကြေကား ဗုဒ္ဓဿ ပူဇေတဝန္တော၊ မြတ်စွာဘုရားတွေအားပူဇော်လျှင် တန်ခိုးတေဇော်အာနုဘော် ကြီးမားမည် X ဓမ္မဿပူဇံ ပညာဝန္တော၊ တရားတော်အား ပူဇော်လျှင် ဉာဏ်ပညာပဋိဘာန် ကြီး မားမည်။X သံဃဿပူဇံ၊ ဘောဂဝန္တော၊ သံဃာတော်အား ပူဇော်လျှင် ပစ္စည်းဥစ္စာဘောဂနေကြွယ်ဝမည်။သို့ကြောင့် ဘုရား တရား သံဃာအား ပူဇော်ကြပါလေ။

(၅၈)(၃) တတိယတြင်းကြေကား(ဒါနတောဘောဂေါ။) ဒါနပြုခြင်းကြောင့် စည်းစိမ်ဥစ္စာ ကြွယ်ချမ်းသာမည်။x(သီလတော သုဂတိ။) သီလရှိခြင်းကြောင့် အရာရာတိုင်း ချမ်းသာ၍နေမည်။x (ဘာဝနာတောနိဗ္ဗုတာ။) သမထ ဝိပဿနာကို ပွါးများခြင်းကြောင့် နိဗ္ဗာန် မဂ်ဖိုလ်ရမည်။

(၅၉) (၄) စတုတ္ထတြင်းကြေကား (ဗုဒ္ဓေါပေဘဝေယျ။)ငါသိသလိုသိစေမည်။ (မုတ္တောမောစေယျ။) ငါလွတ်သလိုလွတ်မည်။(တိဏ္ဏောတာရေယျ။)ငါကူးမြောက်သလိုကူးမြောက်စေမည်၊

(၆၀)(၅) ပဉ္စမတြင်းကြေကား(ကံလမ်းဒါန သီလလူ့ပြည် နတ်ပြည်ရဘို့ပါဘဲ။(ကမ္မပစ္စယော) ပါ။(ကမ္မဝိပါကော အစိန္တိယျော။) ကံ၏အကျိုးပေးဟာ အစိန္တေယျပါဘဲ၊ ဈာန်လမ်း။ သမထ-၄၀၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်ဈာန်ကိုးဈာန်တည်း။(ဈာနပစ္စယော)ပါ။ (ဈာနဝိသယော အစိန္တိယျော။) တန်ခိုး၏ အရာဟာလဲ အစိန္တေယျပါဘဲ။ (ဉာဏဝိသယော အစိန္တိယျော။) ဉာဏ်ပညာ ဝိဇ္ဇာကိုဟာ အစိန္တေယျပါဘဲ။

(၆၁) ဆဌတြင်းကြေကား--

| | | |
|---|---|---|
| ပညတ် အာရုံ | ရုပ်နာမ်အာရုံ | နိဗ္ဗာန်အာရုံ |
| ကိလေသာစိတ် | ဝိပဿနာစိတ် | မဂ်စိတ် ဖိုလ်စိတ် |

ကိလေသာ စိတ်များဟာ ပညတ်အာရုံကို အာရုံပြု၍

နေကြသည်။ ဝိပဿနာ စိတ်များဟာ ရုပ်နာမ် အာရုံကို အာရုံပြုနေကြသည်။ မဂ်စိတ်၊ ဖိုလ်စိတ်တွေဟာ နိဗ္ဗာန်အာရုံကို အာရုံပြု၍နေကြသည်။ အလုပ်မှာ (ဧကောဓမ္မောပါ။) ဧကောဓမ္မော ဖြစ်ပုံကား (ရုပ်နာမ်ကို ဝိပဿနာရှုခြင်းတခုထဲနှင့်နေသွားရုံမျှနှင့် ကိလေသာ၏ အာရုံဖြစ်သော ပညတ်ကိုပယ်ခြင်း၊ လွန်မြောက်ခြင်း၊ အကျိုး ၈ ပါး။ မဂ်စိတ် ဖိုလ်စိတ်၏ အာရုံဖြစ်သော နိဗ္ဗာန်ကိုညွတ်ခြင်း၊ ကိုင်းခြင်း ရှိုင်းကိုင်း၊ စီးဝင်ခြင်းအကျိုး ၃-ပါးကိုရ၍ တခုပြု ၃-ခုရတော့သည်။ ယခုအခမ်း၌ ပြောင်း ၆-ကြိမ်ပြသဖြင့် ၃×၆ လီ (၁၈) ဖြစ်၏။ တစ်နည်းရော ကိုးခုဖြစ်၏။ ၎င်းကိုးခုမှ။ ၃×၃-ကြိမ်ပါ၍။ ကိုးနဝင်း၊ ၃-ပြောင်း။ ဝါ၊ ၃-ပြောင်း ကိုးနဝင်းကြေသော တရားတည်း။ အဲဒါကို ပုထုဇဉ်များဟာ အားမွေးသလို အားဖြည့် ကျင့်ရမည်။ ပုထုဇဉ်ကျင့်ဘို့ ကြောင်းခကြနာင်းကြေတည်း။

## (၆၂) ပုထုဇဉ်များ ဒုတိယကျင့်ရန်မှာ

(၁) ဧကောဓမ္မော။ (၂) ကောယနော။ (၃) ကေဂ္ဂတာ
(၁) တောခုဘဲ။ (၂) တောခုဘဲ။ (၃) တောခုဘဲ။
(၄) အတ္တတောကေ်ံတည်း။
(၄) တောခုဘဲ။ (တခုစီကျင့်ကြပါ။)
(၁) ဥပမာပြမည် ဘုရားဟာ တဆူသာပွင့်၍ တစ်အတုလ်နဲ့နေသည်။ (၂) နိဗ္ဗာန်လဲတခုသာရှိ၍ အကုလံနဲ့နေသည်။ (၃) လမင်းလဲတခုထဲပါ။ (၄) နေမင်းလဲတခုထဲပါ။ (၅)

စကြာမင်းလဲ တပါးထဲ ပေါ်ရတယ်။ (၆)သိကြားမင်းလဲ တဦးရှိရတယ်။ (၇)ဗြဟ္မာမင်းလဲ တဦးထဲရှိရတယ်။ (၈) မြင့်မိုရ်တောင်လဲ တခုထဲရှိရတယ်။ (၉)တောသုံးတောင်ကို အစိုးရတဲ့ ကေသရာဇာခြင်္သေ့မင်းဟာ တခုထဲပါ။ (၁၀) ငှက်တို့၏မင်းဖြစ်သော ရွှေဟင်္သာမင်းဟာတခုထဲပါ။(၁၁) ရေ၌မင်းဖြစ်နေသော ငါးကြီးအာနန္ဒာဟာ တခုထဲပါ။ (၁၂)လူ့ပြည်ကိုခံသော ၂-သိန်း၊၄-သောင်း အထုရှိသော မြေအထုဟာတခုထဲပါ။ (၁၃)၎င်းကိုခံထားသော ၄-သိန်း ၈-သောင်းအထုရှိသော ရေအထုဟာ တခုထဲပါ။ (၁၄) ၎င်းကို ခံထားသော ၉-သိန်း၊ ၆-သောင်း အထုရှိသော လေအထုဟာ တခုထဲပါ။ (၁၅)သာသနာပိုင်ဟာတပါးထဲ ပါ။(၁၆)ဂိုဏ်းချုပ်ကြီးဟာ တနေရာ၌တပါးထဲပါ။(၁၇) ဂိုဏ်းအုပ်ကြီးဟာလဲ တနေရာ၌တပါးထဲပါ။ (၁၈)ဂိုဏ်း ထောက်ကြီးဟာလဲ တနေရာ၌တပါးထဲပါ။ (တစ်နံပါတ်) ဆိုတာပြိုင်ဘက်မရှိတော့ပါ၊ဒါ့ကြောင့်(၉)ဆို တစ်ကိုသာ အားထုတ်ကြပါ။ (တစ်နံပါတ်) နိဗ္ဗာန်ရမည်။

## (၆၃) ဂေါတမမြတ်စွာ တခုထဲ ဘုရားဟောထားပုံမှာ

[ဧကောဓမ္မောဘိက္ခဝေ၊ ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။] ဧက အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှ ယူပြသည်။

(၁) (ဧကောဓမ္မောဘိက္ခဝေ။)ဖြင့် ဓါတ်တရားတခု

ထဲကို။နိဗ္ဗာန်မရမချင်း ကျင့်ကြံနေပါတဲ့။ (၂)ဘာဝိတော ဖြင့် ပွါးများ၍နေပါတဲ့။ (၃)ဗဟုလီကတော ဖြင့်၊ တနဂ်နွေ၊ တနလာ၊ အင်္ဂါ စသည့်နေ့တိုင်း ကျင့်ကြံ၍ သွားကြပါတဲ့။ (၃)အဘိညာယဖြင့် သစ္စာလေးတန်၊ ရုပ်နဲ့နာမ်ကို ကောန်တွေ့သွားမည်တဲ့။ (၅)သမ္ဗောဓါယဖြင့် မဂ်လေးပါး ဖိုလ်လေးပါးကိုရမည်တဲ့။ (၆) နိဗ္ဗာနာယသံဝတ္တတိ ဖြင့်၊ သဉပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်ကိုရမည်တဲ့။

## (၆၄)။ ကောယနော တလမ်းထဲသွားကြ ဘုရားဟောမှာ

[ကောယနော အယံဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ၊ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ၊ အတ္ထင်္ဂမာယ ဉာယဿ၊ အဓိဂမာယ၊ နိဗ္ဗာနဿ၊ သစ္ဆိကိရိယာယ၊ ယဒိဒံစတ္တာရော၊ သတိပဋ္ဌာနာ။] မဟာသတိပဋ္ဌာနသုတ်တော် နံပါတ်-၂၀၉၊ ကြောင်းရေ-၁၈ စံသရက္ခမူမှ။ ။(၁) ကောယနော အယံဘိက္ခဝေမဂ္ဂေါ၊ ဖြင့် (ခေါ်စား သံချုပ်ဆိုတဲ့ ဓါတ် သတိပဋ္ဌာန်း နည်းအတိုင်း အားထုတ်ရသော တကြောင်းတည်းသော မဂ္ဂင်၈-ပါး လမ်းကိုပြပါသည်။ (၂)သတ္တာနံ ဝိသုဒ္ဓိယာ ဖြင့်၊ သတ္တဝါတွေ၏စိတ်၌ အကုသိုလ်မှ ကိလေသာမှ သန့်ရှင်းစင်ကြယ်ရခြင်းကိုပြပါသည်။(၃)သောကပရိဒေဝါနံ သမတိက္ကမာယ ဖြင့်။သောကတွေ ပရိဒေဝတွေမှ လွန်သွားပုံ၊ လွတ်မြောက်နေပုံ ကိုပြပါသည်။(၄)ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဖြင့်

ချုပ်၏ဆင်းရဲခြင်းတွေ ချုပ်ခမ်းခြင်းကို ပြပါသည်။ (၅) ဉာယဿအဓိဂမာယဖြင့်၊ မဂ်,ဖိုလ်,ရသွားပုံကို ပြပါသည်။ (၆) နိဗ္ဗာနဿသစ္ဆိကိရိယာယဖြင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ပုံကိုပြပါသည်။ (၇) ယဒိဒံစတ္တာရောသတိပဋ္ဌာနာဖြင့် ဓါတ်သတိပဋ္ဌာန် အားထုတ်လို့ဟုပြပါသည်။

(၆၅) ကေဂ္ဂတာ တအာရုံထဲနှင့် နေကြရမည်ဟုပြပါ သည်။[ဋီကာကျော်၌ ကေဂ္ဂတာ] ဂြိုဟ်ကိုကြည့်ပါ။ တခု သော အာရုံကို စိတ်တခုထဲ ထားနေတာဟု ဆိုပါသည်။ (သမာဓိ ဘိက္ခဝေ ဘာဝေထ။) နိဒါနဝဂ္ဂ သံယုတ်ပါဠိ တော်။ချစ်သားတို့ စိတ်တခုဖြင့် တအာရုံထဲဖြစ်တဲ့ သမာဓိ ကိုမဖြစ်မနေရ ဖြစ်အောင်အားထုတ်ကြပါတဲ့။ (သမာဟိ တော ယထာဘူတံ ပဇာနာတိ။) နိဒါနဝဂ္ဂ သံယုတ်ပါဠိ တော်။ ။စိတ်တခု အာရုံတခုထဲမို့ သမာဓိရ၍တည်ကြည် သည်ရှိသော်။ယထာဘူတဉာဏ်ရ၍ အမှန်အကန်သိပြီဟူ၏။

(၆၆) [အတ္တတောကော် ဗျဉ္ဇနတောနာနာ။]အဂုံတ္တိုရ် ဋီကာ တတိယ နံပါတ်-၂၆၊ ကြောင်းရေ-၂၃ ဆဋ္ဌမှု။ အတ္တတော၊ အနက်သဘောအားဖြင့်။ ကော်၊ တခုထဲရှိ၏။ ဗျဉ္ဇနတော၊ သဒ္ဒါအားဖြင့်။ နာနာ၊အထူးထူးအပြားပြား ရှိနေသည်။ အကျဉ်းချုပ် ပြမည်။ ပညတ်နည်းအားဖြင့်။ စကြာဝဠာ၌ရှိတာတွေကို တခုစီ-တခုစီ အသခြေ်ဖေါ်င်း အသခြေ်လောက်ရေးပြီး သဒ္ဒါထားပါ။ ၎င်းပါဠိအသခြေ် အသခြေ်ကို အနက်ပေးတော့ (ဓါတ်သဘောဟု တနက်ထဲ

ရသည်။ ဓါတ်သဘောတခုထဲကို မြဲမြဲ, စွဲစွဲ၊ သဲသဲ,မဲမဲ ရှုမှ ဉာဏ်စဉ်တက်ခြင်း၊ ဝိသုဒ္ဓိစဉ် တက်ခြင်းဖြစ်၍ မဂ်,ဖိုလ်ရမည်တည်း။

## (၆၇) ခုရှု,ခုတွေ့သော ပရမတ္ထ ဝိပဿနာနည်း

[လေ×ဩော်×အနံ့×အသံ။] ယခုပြသော ပရမတ်တရား၊ ဓါတ်တရား၊ ကလာပ်တရား လေးမျိုးလုံးမှာ(ပရမတ္ထဓမ္မာ သဏ္ဍာနရဟိတာ။) ဟူသော ဘုရားဟော ပါဠိအရဖြင့် အထယ်မရှိ၊ ဒြပ်မရှိ၊ ပုံစံမရှိ၊ သဏ္ဍာန် မရှိသောကြောင့် ပရမတ္ထအစစ်အမှန်ကိုတွေ့၍ နေပုံတည်း။[ဓမ္မာဟိသဘာဝေါ။]ပါဠိအရ လေ၊ ဩော်၊ အနံ့၊ အသံ ဤလေးမျိုး၌၊(သဘာဝသာရှိ)၍ ပရမတ္ထတရားပါဘဲ။[ဓမ္မာနိသတ္တာ၊နိဇီဝသဘာဝေါ။]ပါဠိအရ။ ဤသဘောတရားလေးမျိုး၌ သတ္တဝါလဲမရှိပါ။အသက်လိပ်ပြာလဲမရှိပါ။သဘောမို့(ဓမ္မ)ပါဘဲ၊ တရားပါဘဲ။

(၆၈) တနည်း၊ နံနက် ၆-နာရီက ညနေ ၆-နာရီအထိပင် မိမိ၏ခန္ဓာကိုယ်၌ သတိ သမာဓိထားပြီးရှာသော် ဓါတ်ကြီးလေးပါး၊ ရွရွ၊ မွမွ၊ ပွပွ၊ ကြွကြွ၊ လှုပ်လှုပ်၊ သုတ်သုတ် ရှိန်ရှိန်၊ ရှိန်းရှိန်း၊ ဖြိုးဖြိုး၊ ဖြင်းဖြင်း စသော သဘောရုပ်တရားတွေကိုသာတွေ့ရပါသည်။၎င်းအထဲ၌ ငါသူလူနတ်စသော အမှားတွေကွာသည်။ ဝိဇ္ဇာရပြီး ဒိဋ္ဌိကွာပုံတည်း။

(၆၉) တနည်း၊ နံနက် ၆-နာရီမှ ညနေ ၆-နာရီ အ

ထိုင် မိမိ၏ခန္ဓာကိုယ်၌ သတိ၊ သမာဓိ ထားပြီး ရှုသော် လိုချင်လောဘ၊စိတ်ဆိုးဒေါသ မသိမောဟ၊ မနာလိုဣဿာ နှာခေမျာ၊ မစ္ဆေရ၊ မှာ ခြင်းဒိဋ္ဌိ၊ ငိုက်သန်းခြင်း၊ ထိနမိဒ္ဓ၊ ပူပန်ခြင်း၊ ကုက္ကု၊ ယုံမှားခြင်း၊ ဝိစိကိစ္ဆာ၊ သဒ္ဓါ၊ သတိ၊ သမာဓိ၊ပညာ စသောသဘောတရား။(စေတသိက်)ပရမတ် တို့ကိုတွေ့ရပါသည်။ ၎င်းတို့၌သဘောသာရှိ၍ ငါသူလူနတ် စသောအမှားတွေမပါ၍ ဝိဇ္ဇာရ၏၊ ဒိဋ္ဌိကွာပြီတည်း။

(၇၁) တနည်း၊ နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ ပင်မိမိ၏ ခန္ဓာကိုယ်၌ သတိ သမာဓိထားပြီးရှုသော် မြင်ခြင်း၊ကြားခြင်း၊နံခြင်း၊အရသာသိခြင်း၊ ကိုယ်ထိ၍ ပူ၊ အေး၊ နူး ညံ့ ကျန်းတာသိခြင်း၊ကြံစီသိစသောသဘောပရမတ်(စိတ် တရား)တို့ကိုတွေ့ရပါသည်။ ၎င်းသဘောတရားတို့၌ ငါသူ လူနတ်စသောအမှားမရှိ၍ဝိဇ္ဇာလဲရ၍၊ဒိဋ္ဌိလဲကွာသွားပါပြီ။

(၇၁) တနည်း၊ မိမိ၏နား ၂-ဖက်ကို လက် ၂-ဖက်နှင့် ပိတ်ပြီး နားထောင်၍ကြည့်ကြပါ။ နားထဲ၌ ဝုံးဝုံးနှင့် ဝါယောဓါတ်အနိစ္စတွေ။X ညှင်းညှင်း-စစ်စစ် နှင့် အာပေါ ဓါတ် အနိစ္စတွေ။X ရှိရှိစသည်နှင့် တေဇောဓါတ် အနိစ္စ တွေ။X ဒုဒုစသည်နှင့် ပထဝီဓါတ် အနိစ္စတွေကို လူတိုင်း တွေ့ရမည်။ယခုပြသော(သဘောတရားတွေ)ဟာ အထယ် ဒြပ်၊ ပုံစံ၊ သဏ္ဌာန်တွေမပါ၍ (ပရမတ္ထမ္မှာ၊ သဏ္ဌာနရဟိ တာ။)ပါဠိနှင့်ညီညွတ်၍နေပါပြီ။ (၎င်းသဘောတရားတွေ ဟာ)သဘောမျှသာရှိတာမို့။ (မ္မော နိသတ္တ၊ နိဇီဝသဘာ

ဝါ။)ပါဠိနှင့် ကိုက်ညီ၍နေပါသည်။ ယခုဖော်ပြတာတွေ ဟာ ပရမတ္ထတရားကို ကိုယ်တွေ့ရှာနည်းနှင့် တကွသော (တွေ့ရပုံ-ရှုရပုံ)သဘောရောပါဠိရော၊ ညီစွာထုတ်ပြတာ ပါ။ဤကားပြီး တက်တက်သွားပုံကို (တန်ခိုးပြာဋိဟာ) ပြ ခန်း(အိပ်ဆောင် ကျမ်း ၅-ကျပ်၊ ၀-ပြားတန်နှင့် ဆက် လက်၍ ရှုပွါးတက်ရောက်ကြပါလေ။

(၇၂) (၁)နံပါတ် (၂)နံပါတ်

| အန္တပုထုဇဉ်၄-မျိုး | အရိယာများ |
|---|---|
| ဒုဂ္ဂတိ၊ သုဂတိ၊ | ပညတ္တိကြည် စူဠမဏ္ဍိသောတာပန် |
| ဒွိဟိတ်၊ တိဟိတ် | ဒိဋ္ဌိ,စိစိကြည်....မဟာသောတာပန် |
| အတ္ထပညတ်-၉၊ သဒ္ဒ | ကာမဗျာပါနှပါး.... သကဒါဂါမ် |
| ပညတ်-၆၊ ပုဂ္ဂလ အ | ကာမဗျာကုန်စေ....အနာဂါမ် |
| စားစား။ | အကု ကိလေ ကုန်ခမ်း....ရဟန္တာ |
| | စိတ်၊စေသိက်၊ရုပ်ကုံခမ်း၊ ပရိနိဗ္ဗာ |

(၁) နံပါတ် အန္တပုထုဇဉ်ဆိုတာ ရုပ်နာမ်၊ ခန္ဓာ၊ဓါတ် သစ္စာ၊ အာယတန စသည်တို့ကို ဗိတ်ဗိတ်သား မသိကြဘဲ။ ဒုဂ္ဂတိ အဟိတ်ဖြစ်နေခြင်း။ အပါယ် ၄-ပါးတွေ သုဂတိ အဟိတ်၊ နား၊ နွား၊ မျက်စိ၊ချို့တဲ့သောပုထုဇဉ်တွေ၊ဒွိဟိတ် ၂-ပါးနှင့်ပဋိသန္ဓေနေကြသော ပုထုဇဉ်တွေ၊တိဟိတ် ဟိတ် ၃-ပါးနှင့် ပဋိသန္ဓေနေကြသော ပုထုဇဉ်တွေ ဤလေးစုတို့ ဟာ အတ္ထပညတ် ၉-ပါးနှင့်သာ သဒ္ဒပညတ် ၆-ပါးနှင့်သာ

ပုဂ္ဂလပညတ် အစားစားနှင့်သာ နေကြသည်။ (ပညတ္တိ ထပေတွာ။) ဟု စာကပြထားပေမဲ့ပညတ်ကိုမခွါဘဲ ကိလေသာ၏ အာရုံဖြစ်တဲ့။ ၎င်းပညတ်တွေနှင့်သာ သံသရာရှည်လျားရှိလာခဲ့လေသည်။

(၂)နံပါတ် အရိယာများဆိုတာ (က) ပညတ္တိ ထပေတွာမို့၊ ပညတ်တွေကိုရှောင်ကြဉ်ပြီးတော့ (ပရမတ်ဓါတ်သဘော)မျှကိုသာရှုကြတဲ့။ စုဋ္ဌသောတာပန်များ၊ မဋ္ဌိမသောတာပန်များပါဘဲ။ (ခ) ဒိဋ္ဌိ ဝိစိကိစ္ဆာကို ကြဉ်လျှင် မဟာသောတာပန်ပါ။ (ဂ) ကာမ၊ ရာဂ၊ ဗျာပါဒ နဲပါးခေါင်းပါးလျှင် သကဒါဂါမ်ပါ။(ဃ)ကာမ ရာဂ ဗျာပါဒ ကုန်သွားလျှင် အနာဂါမ်ပါ။ (င) အကုသိုလ် ကိလေသာ ကုန်ခမ်းသွားလျှင် ရဟန္တာပါ။ (စ)စိတ်တွေ၊ စေတသိက်တွေ ရုပ်တွေ၊ ချုပ်ငြိမ်းသွားလျှင် ပရိနိဗ္ဗာန်ပါဘဲ။ ဒီလို အရိယာ ခြောက်ဆင့်ကို တွေ့ရပါသည်။ ၎င်းပြင်၊ အရိယာဖြစ်၍အဆင့်ပေါင်းများစွာ တက်တက်သွားပုံကို(ဒို့ဘုရားအစနှင့် ဒို့တရားအစ။) ကျမ်း၌(သေီ)ကိုမှတည်၍ တက်ပုံ ရောက်ပုံ၊ မြင့်ပုံ ကြီးကြီးလာပုံ ကုန်ခမ်း များများရေးပြထားခဲ့ပါပြီ ၎င်းကျမ်း၌ ရှုကြည့်ကြပါလေ။

(၇၃) ဒါန' သီလ၊ သမထ၏ အာနုဘော်တန်ခိုးတော်သာသနာ့ခေတ်မှာကြည့်တော့ လူ့ပြည်မှာလူတွေအပြည့်ပင်ရှိကြတယ်။ ဒါနက ပို့တင်ထားတာပါဘဲ။ ဒီဒါနဟာ ဒိဋ္ဌိ၊ဝိစိ အဝိဇ္ဇာ၊တဏှာ၊မာနတို့ကိုမပယ်ရသေးပါဘူး။(၂)

သာသနာပခေတ်တွင် နတ်ပြည်ကို ကြည့်တော့လဲ နတ်ပြည်မှာ နတ်တွေပြည့်ရှိနေပါတယ်။ သီလကပို့တင်ထားတာပါ။ ဒီသီလဟာ ဒိဋ္ဌိ ဝိစိ အဝိဇ္ဇာ တဏှာ မာနတို့ကို မပယ်ရသေးပါဘူး။ (၃)သာသနာပ ခေတ်တွင် ဗြဟ္မာ ၂၀-ကိုကြည့်တော့ ဗြဟ္မာ ၂၀-မှာ ဗြဟ္မာတွေဟာပြည့်ရှိနေကြပါတယ် သမထကပို့တင်ထားတာပါဘဲ။ ဒီသမထဟာ ဒိဋ္ဌိ ဝိစိအဝိဇ္ဇာ တဏှာ မာနတို့ကို မပယ်ရသေးပါဘူး။ (ဒိဋ္ဌိ ဝိစိ အဝိဇ္ဇာ မာနတို့ကို) မပယ်ရသေးသော ဒါန သီလ သမထ တောင်မှ သူနှင့်ဆိုင်ရာ လူပြည် နတ်ပြည် ဗြဟ္မာပြည်တို့ ပို့တင်ထားနိုင်သေးလျှင် ဒိဋ္ဌိ ဝိစိ အဝိဇ္ဇာ တဏှာ မာနတို့ကို ဓါတ်နှင့်ပယ်ပြီးမှုပြုသော ဒါန သီလ သမထတို့ကား (လောကုတ္တရာနယ်က မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်သို့ပို့တင်တော့မည်ဆိုတာ လူတိုင်းဉာဏ်ဖြင့် သိနိုင်ပါတော့သည်။ (ဒါသီသ ၄င်းငါးပါးခွါ၍ လောကုတ္တရာထဲ ဝင်ကြနေထိုင်ကြပါတော့။

(၇၄) အရင်က နတ်၊ ဗြဟ္မာဖြစ်လျှင် အောက်သို့ ပြန်ပြန်လာသေးသည်။ ။ဓါတ်ရှုပြီးမှ နတ် ဗြဟ္မာ တွေဟာ ပြန်ပြန်မလာတော့ပါ။

တဿ၊ တတ္ထ ဗုဒ္ဓမိန့်မှာ
ဝိကိုပ္ပါးက ငါးရနိစ္စာ
မဂ်ဖိုလ် နိ နတ် ဖြစ်လတ်အရိယာ
အညွံ့စား နှိုင်းထားဥပမာ။

[တဿ၊ တတ္ထ၊ သုခိ
နော၊ မေ့ပဒါနိ၊ ပိလ
ဝတ္တိ၊ ဒန္တော ဘိက္ခဝေ၊
သတုပ္ပါဒေါအထခေါ

သောသဒ္ဓော ဝိသေသဘာဂီ အဿ။] စတုက အင်္ဂုတ္တိုရ် ပါဠိတော် နံပါတ် ·၄၂၂၊ ကြောင်းရေ-၉ ဟံမူမှ။ ချစ်သားတို့ လူ့ပြည်မှာ နေတုန်းက ဝိပဿနာကို အားထုတ်နေခဲ့သော ထိုသူအား ထိုနတ်ပြည်၌ ချမ်းသာစွာ တရားအစုတို့သည်၊ ပေါ်လာကြရကုန်တော့သည်။ ချစ်သားတို့ ငါဟာ နတ်သို့ရောက်နေပြီဟုသတိရခြင်းသည်၊ နောက်ကျသေး၏။ နှေးနှေး·ကွေးကွေး ဖြစ်ရသေး၏။ စင်စစ်မှာမူကား ထိုသူဟာ အရိယာဖြစ်ခြင်း၊ နတ်ဖြစ်ခြင်း၊ မဂ်ရခြင်း၊ ဖိုလ်ကိုရခြင်း၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်း၊ အကျိုးငါးပါး ဝိသေသကိုရ၍ ပရိနိဗ္ဗာန်အထိ ဆန်တက်သွားတော့မည်။ အရင်တုံးက ဒါသီသပြု၍ နတ်ဗြဟ္မာဖြစ်လျှင် အောက်ဘုံသို့ပြန်ကာ ပြန်ကာ လှည့်လှည့်လာသေး၏။ အကြောင်းကား ငြိကကပ်ခြင်း၊ ဓါတ်ကိုမမိခြင်း။ ပုထုဇဉ်ဘဝမို့ ပြန်ပြန်လာနေတာပါ။ ယခုမှာ ပရမတ် ဓါတ်ကလာပ်ကို ရှုနိုင်သော အဆင့်အတန်းသို့ ရောက်နေသော အရိယာဘဝမို့ အရိယာနတ်၊ အရိယာဗြဟ္မာဖြစ်၍ ပြန်ပြန်မလာတော့ပါ။ တက်သွားမည်။ ဓါတ်ဝိပဿနာကြောင့်မပြန်လာဘဲ၊ နတ်ဗြဟ္မာရပြီတဲ့၊ ၎င်းပြင် ဘာများခြားနားပါသလဲဟု မေးကြ မြန်းကြပါမူကား အောက်ပါအတိုင်း ဖြေကြပါ။

(၇၅) ငါးဆယ်တရက် နတ်သက်တမှဟာ
တရာတရက် နတ်သက်ဝတိံသာ
နှစ်နဲ့ရက်များ ကွာခြားနေရှာ
လူကနတ် ဓါတ်ကပ်ပို့နေတာ။

လူနဲ့နတ်များ ဟာ အဘယ်မျှ ကွာခြားပါသ လဲ။ ဒါန နဲ့ သီလ ဟာ အဘယ်မျှ ကွာခြားပါသလဲဟူမူ။ လူ့ပြည်မှာ အနှစ် ပေါင်း ငါးဆယ်ဟာ စတုမဟာရာဇ် နတ်ပြည်မှာတရက် ထဲရှိပါသေးတယ်။ ရက်ကိုသိလျှင် လနှင့် နှစ်ကို သိနိုင်ပါပြီ လူ့ပြည်ကအနှစ်တရာဟာ တာဝတိံသာပြည်၌တရက်ထဲပါ လူ့ပြည်က အနှစ် နှစ်ရာဟာ ယာမာနတ်ပြည်၌ တရက်ထဲ ပါ။ လူ့ပြည်က အနှစ်-၄၀၀ ဟာ တုသိတာ၌တရက်ထဲပါ လူ့ပြည်က အနှစ်(၈၀၀)ဟာ နိမ္မာနရတိနတ်ပြည်၌တရက် ထဲပါ။ လူ့ပြည်က အနှစ်(၁၆၀၀)ဟာ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်၌ တရက်ထဲရှိပါသေးတယ်။ ၎င်းနတ်၏ရက်ပေါင်း (၃၀)ကို တလဟူ၍၎င်း။ ၎င်းနတ်၏ (၁၂)လကို နှစ်ဟူ၍ ၎င်း သိကြပါ။ တွက်ပြကြပါ။ နတ်နဲ့လူဟာ အသက်တန်း ရက်ရော၊ လရော၊ နှစ်ရော ဤမျှကွာခြားပါသည်။

(၇၆) လူ့အရောင်ဆဲ့နှစ်ဝ ဟတ္တာသိပါ။
လေးရောင်နတ်က ဆဲ့နှစ်ဝ ယူဇနာ။
ဗြဟ္မာတချောင်း ကြာပေါင်းထောင်ပါ
ဝိပဿက သီဝအထိပါ။

လူများနဲ့ နတ်များဟာ အဆင်းအရောင်မှာလဲ အလွန်

ကွာခြားပါသေးတယ်။ ကွာခြားပုံကိုပြရပါမူ ယသော်ဓရာ မယ်မဒ္ဒီ၊ မယ်ဘဒ္ဒါ၊ ဇနပဒကလျာဏီ၊ ဥမ္မာဒန္တီ၊ ပဒုမဝတီ၊ အာသကံာ၊ ဘဒ္ဒါစုံတွဲတို့ အရောင်အဆင်းဟာ(၁၂)တောင် တိုက်ခမ်းထဲ၌ မီးမထွန်းဘဲနှင့် ထိန်လင်း ပါးပသည် X နတ်များ၏ အသားရောင် တန်ဆာရောင်၊ အဝတ်ရောင် ဗိမာန်ရောင် ၄-မျိုးတို့ဟာ (၁၂)ယူဇနာအထိ ထိန်လင်း ဝင်းပြောင်၍ နေပါသည်။ (မိုင်အားဖြင့်) (၁၆၂)မိုင် ရောက်အောင် ပြောင်ပြောင် ဝင်းဝင်း၊ ထိန်လင်းနေပါ သည်၊ ဗြဟ္မာ၏အရောင်မှာတော့ ရင်းဗြဟ္မာဟာ လက်ဇာ ချောင်းဆောင်လျှင် စကြာဝဠာတထောင်အထိ ဝင်းပြောင် ထိန်လင်းပါတယ်။ လက်ဆယ်ချောင်းထောင်လျှင် စကြာ ဝဠာ တသောင်းအထိ ဝင်းပြောင် ထိန်လင်းပါတယ်။ တကိုယ်လုံးရပ်လျှင် ဘယ်အထိ လင်းမည်နည်း သိကြပါ။ ဝိပဿနာဉာဏ်အရောင်ကား နိဗ္ဗာန်အထိလင်းနေပါသည်။ သာမကမှာ [စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ။] ထောက်ဆကြပါ၊ တနည်း။ (ပဘဿရမိဒံ စိတ္တံ။) ထောက်ဆကြပါ။ တနည်း (သဗ္ဗတောပဘံ။) ထောက်ဆကြပါ။ ဗိမာန်တွေ၊ ဘုံတွေက ကောင်းကင်ကပြပြပြီး လာကြခဲ့ကြဟု ခေါ်ခေါ်နေပါ တယ်။

(၇၇) ကြယ်၊ တာ၊ နက္ခတ်၊ လမြွတ်လေးဖြာ။
ဒါန သီလ သမထ ဝိပ ။
လူ့ပြည်ကကြည့် မြင်သိအရာ။
နတ်ဘုံက ပြသ ဗိမာန်ပါ။

ညအခါ၌ ကောင်းကင်ကို ကြည့်သော် (ဆီနှင်း၊ မြူတိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးအင် ကင်းစင်ရှိနေပါမူ။ ကောင်းကင်၌ လက်လက်တွေ့ ပြည့်ရှိနေသည်။ မှုံမှုံမွှားတွေကား ဒါနကြယ်၊ ဗိမာန်တွေပါ။ ၎င်းထက်လက်သော ကိုးလုံးဟာ သီလတာရာဗိမာန်တွေပါ။ ၎င်းတို့ထက်လက်သော ၂၇-လုံးတို့ကား သမထ နက္ခတ် ဗိမာန်တွေပါ။ (လ-နေ) တို့ကား ဝိပဿနာ ဂြိုဟ် ဗိမာန်တွေပါ။ ၎င်းတို့က အရောင်းပြပြပြီး ခေါ်ခေါ်နေကြတယ်။ လာခဲ့ကြပါ။ တက်ခဲ့ကြပါတဲ့ဗျား။

(၇၈) ဒါန၊ သီလ၊ သမထသုံးဖြာ။
သူတို့သက်သက် တက်ရှုကျရှာ။
ဓါတ်ကဆွဲမှ အမြဲတက်ရှာ။
ပဥမတ် ဆတ်ဆတ်ပြန်မလာ။

သာသနာပ ခေတ်တုန်းက ဒါနနဲ့ လူပြည်သို့ အပြည့် တက် ကြသည်။ သီလနဲ့နတ်ပြည်သို့ အပြည့်တက်နေကြသည်။ သမထဖြင့် ဗြဟ္မာ့ပြည်သို့ အပြည့်တက်နေကြသည်။ ဒါန၊ သီလ၊ သမထ ကံတွေလဲကုန်ရော၊ အားလုံးကျလာကုန်ရော။ သာသနာပခေတ်မှာ ဒီဟာမျိုးချည်းဘဲ။

ယောယခု သာသနာတွင်းခေတ်လဲရောက်ရော။ ဓါတ်နဲ့ ဒါ၊သီ၊ထ တွဲတွဲပြုကြသဖြင့် ၂၂-စုအားလုံးဟာ မပြန်လာ

ကြရမှာတဲ့ဘဲ။ အဆင့်ဆင့်-မြင့်မြင့်တက်ကြ၍ ပရိနိဗ္ဗာန်ပြုကြပြီ။ ပရမတ်ဆို မဖောက်မပြန်တဲ့ (အဝိပရိက) တရားမျိုးပါဘဲ။မဖျက်ဆီးနိုင်တော့ပါ၊မဖောက်ပြန်တော့ပါ။ပရမတ်ကြောင့် ဆန်တက်ပုံ သာဓကမှာ (ပဋ္ဌာနသာ တဂါမိ ၊နိပုဏ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။)ဝိနည်းမဟာဝါ ပါဠိတော်။

## ဓါတ်နာမ်ရုပ် အနုမြူနှစ်ပုံး

(၇၉) အပူနဲ့အေး ဓါတ်ဆိုတော့ ရုပ်ဖြစ်၍ နာမ်ပါတဲ့ ပေါ်လာသည်ကို ပထမသိထားကြပါ။ [နာမရူပေပရိညာတေ၊ အရိယသာဝကဿ၊ နတ္ထိကိဉ္စိဥတ္တရိကရဏီယံ။] နိဒါန ဝဂ္ဂသံယုတ်ပါဠိတော်။ (အနက်ကား) နာမရူပေ၊ နာမ်နဲ့ရုပ်ကို ပရိညာတေ၊သိကနာမ်ဘဲ။ကေရုပ်ဘဲဟု ။ကွဲကွဲ-ပြားပြား၊ ပိုင်းခြား၍ သိခဲ့သည်ရှိသော်။ အရိယသာဝကော၊ အရိယာသာဝကသည်။ဟောတိ၊ဖြစ်၏။အရိယသာဝကဿ အရိယာသာဝကအား။ ဥတ္တရိ၊နာမ်ရုပ်မှအပိုအလွန်။ ကိဉ္စိ၊ တစုံတခုသော။ ကရဏီယံ၊ ပြုဘွယ်ကိစ္စသည်။နတ္ထိ မရှိတော့ပါ။(၃၁)ဘုံမှာဖြင့် သတ္တဝါတွေဟာ(၁)ပညတ္တိ ထပေတွာ အရ။ပညတ်အားလုံးကို ကျော်လွန်စေရမည်။ ပညတ် အားလုံးကို ချန်ထားခဲ့ရမည်၊ ပညတ်နယ်မှ လွန်ခဲ့သော် (က) အာစာရအရိယာဖြစ်ခြင်း။ (ခ)ဒဿနအရိယာ ဖြစ်ခြင်း။

(ဂ)လိင်္ဂအရိယါဖြစ်ခြင်း။(ဃ)ပဋိဝေဓအရိယါဖြစ်ခြင်းနှင့် ပြည့်ပါပြီတဲ့။

(၈၁) (၂)နိဗ္ဗတ္တိတပရမတ္ထဒေသနာ၊ ဝိသေသနာ၊ ဝိဝိဓါဝါပဿတိတိ၊ ဝိပဿနာ အရ။ ပညတ်များလုံးဝမပါလာတော့ဘဲ။ပရမတ်ဆတ်ဆတ် ဓါတ်ဆတ်ဆတ်၊ ကလာပ်ဆတ်ဆတ်၊ သဘာဝတရားဆတ်ဆတ်ကို ရှုရပြီဖြစ်၍ (ပရမတ္ထာ အရိယာ) အဆင့်မြင့်လာပြန်၏။ အဲဒါ (နိဗ္ဗတ္တိတပရမတ္ထဝဒေသနာ)၏ အဓိပ္ပါယ်ပါဘဲ။ တဆင့် မြင့် လာ ပြန် တော့ ဓါတ်၊ကလာပ်၊ပရမတ်ထဲမှ အနိစ္စ၊ဒုက္ခ၊ အနတ္တဟု ဝိသေသထူးဖြင့်ရှုရပြန်သည်။ (အဲဒါ ဝိသေသနာ) အရပါဘဲ။ တဆင့် မြင့်လာ ပြန် သည် မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တရငြီး။ ပရိညာ၊ဝိသုဒ္ဓိ၊ဉာဏ်စဉ် တက်လာတော့သည်။(အဲဒါ ဝိဝိဓါ ပဿတီတိ၊ ဝိပဿနာ၏အရပါဘဲ။

## (၈၁) ရုပ်နာမ် ၂-ပါးရှုလျှင် အားလုံးပါ၍ ကိစ္စပြီးပါသည်

ရုပ်နာမ်ရှုရင်း လက္ခဏာရေး ၃-ပါး၊ ပရိညာ ၃-ပါး သစ္စာလေးပါး၊ ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓါတ်တဆဲ့ရှစ်ပါး။ ဝိသုဒ္ဓိ ၇-ပါး။ သတိပဋ္ဌာန်လေးပါး။သမ္မပဓါန်လေးပါး။ဣဒ္ဓိပါဒ်လေးပါး။ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး။ ဗောဇ္ဈင် ၇-ပါး။ မဂ္ဂင် ၈-ပါး။ ဉာဏ်စဉ် ၁၆-ပါး။ အစုံရုပ်နာမ်ရှုရာ၌ ပါဝင်ပြီးဖြစ်ပါသည်။ ပါဝင်ပုံကို ကျမ်းဂန်များ၌ပြကြသည်။ (အစုံမပါဘူးထင်၍) ကျမ်းဂန်ထဲက

ယူယူပြီး နှမ်းဖြူးကြသည်။ ဆားဖြူးကြသည်။ ဆီဆန်းကြသည်။ အဲဒါအမှားဆုံးဖြစ်၍ နေကြသည်။

## (၇၂) ဓါတ်နာမ်ရုပ်အနုမြူနှစ်ဗုံး တခုထဲ၌ အစုံအလင်ပါရှိနေကြပုံများ

ဥပမာ ပိန္နဲစေ့တခုမှ အပင်အပေါက်လျှင် ၎င်းနှင့်ဆိုင်ရာတွေ အစုံပါလာသည်။ ကျမ်းဂန်အရနှင့် ရေးသားလျှင် အလွန်ကျယ်ဝန်းမည်။ အချုပ်မှာ ပိန္နဲပင်စိုက်ပြီး စောင့်ရှောက်ရုံမျှသာ လူ၏ကိစ္စပါ၊ အစုံပါတို့ ပိန္နဲစေ့က ပြုပြသွားပါလိမ့်မည်။ ။ဥပမာ၊ ထမင်းတခုထဲစားလျှင် ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊ ၆၆-ကောဋ္ဌာသ၊ ၉၆-ကောဋ္ဌာသကို ထမင်းက ပြုပြသွားပါသည်။ ဒါကို စာဖြင့်ရေးသော် အလွန်ကျယ်ဝန်း၍ နေတော့သည်။ ဤဥပမာအတိုင်းပါဘဲ။

(၇၃) အနုမြူ ၂-ဗုံးနဲ့ ရုပ်နာမ်နှစ်ပါး ပုံစံသာကြည့်ကြပါတော့။ ။ဥဗမာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်နေတုံးက ကမ္ဘာတဝှမ်းလုံးကပင် စစ်ကြီးရပ်စဲ သွား ချင်ကြ သည်။ တနှစ်၊ နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ်နှင့် စစ်ကြီးမရပ်စဲသေးပါ။ ခုနှစ်နှစ်ထဲ ရောက်ဘော့ စစ်မပြီးနိုင်၍ စစ်ပြီးသွားအောင်ဟာ(အမေရိကန်က) [၁၉၄၅-ခုနှစ်၊ ဩဂုတ်လ ၆-ရက်နေ့၊ နံနက် ၂-နာရီ၊ ၄၅-မိနစ်အချိန်တွင် ဘီ ၂၉-စက်လေးလုံးတပ်သော (အိနိုလာဂေ) အမည်ရှိသော။လေယာဉ်ပျံနှစ်စင်းဖြင့် ဂျပန်ပြည်ပေါ်သို့

ရောက်လာကြပြီး။ အမြင့်ပေ ၃-သောင်းတထောင်မှ (၁) ဟီရိုယှီမာမြို့ပေါ်၌ အနုမြူတဗုံး၊ ကြဲချလိုက်ရာ ပညာရှိပေါင်းနှင့် လူပေါင်း ၃-သိန်းကျော်လောက် နစ်နာ ဆုံးရှုံးသွားသည်။

တဖန် ၇-မိနစ်ခန့်အကြာ၌ (၂) နဂါဆာကီမြို့ပေါ်၌ အနုမြူပေါ်၌ အနုမြူဗုံးတဗုံးကြဲချလိုက်ရာ ပညာရှိပေါင်းနှင့် လူပေါင်း ၃-သိန်းနီးပါး။ ဆုံးရှုံးနစ်နာရသည်။ ၎င်းအနုမြူဗုံး ၂-ဗုံး ချပြစ်မှ ဒုတိယကမ္ဘာစစ်ကြီး ရပ်စဲပြီးဆုံးသွားတော့သည်။

ဤဥပမာကဲ့သို့ပင် တသံသရာလုံး နေ့မစဲ ညမစဲ စစ်တိုက်လာသော ကိလေသာနှင့် ပါရမီတို့ တိုက်ခိုက်နေကြသော စစ်ပွဲကြီးလဲ ရုပ်နာမ် ၂-ဗုံးနဲ့ ခန္ဓာကိုယ်ထဲသို့ ကြဲချ၍ ရုပ်နာမ်တွေပါမှ (ဝါ) နာမရူပပရိစ္ဆေဒဉာဏ်ကိုရပါမှ စစ်ပွဲရပ်စဲပြီးဆုံး၍သွားတော့သည်။ မဂ်ဖိုလ်ကိုရအောင် ရှုရှုနေခြင်းကား စစ်ပွဲတုန်းက တိုက်ခိုက်ကြတာတွေကို ပြုပြင်တာ ယုတ်သိမ်းတာ အုပ်ချုပ်ရေး ပြုနေကြတာတွေသာဖြစ်ကြသည်။ [ဘာဘဲပြောပြော ရုပ်နာမ်အနုမြူ ၂-ဗုံးချလို့ ကမ္ဘာ့စစ်ကြီး ရပ်စဲ၍သွားကြရသည်။] (ရုပ်နာမ်ကြောင့် သံသာရစစ်ပွဲကြီး လုံးဝရပ်စဲ၍သွားကြရသည်။ ၂၄-သင်္ချေ ကုဋေ(၆၀)ဗိုလ်ခြေတသိန်းတို့ ဓေ-မြမြနှင့် အရိယါဖြစ်ကြတာ သက်သေပါဘဲ။

## (၁၄) ရုပ်နာမ်မလာလျှင် စစ်ပွဲမရပ်သေးပါ

ပညာယပရိဟိနေန
ပဿေလောကံ သဒေဝကံ
နိဝိဋ္ဌံ နာမရူပသ္မိံ
တံ့ဒ သစ္စန္တိ မညတိ။

ယခုပြတဲ့ ဂါထာတော်ပါဠိတော်ကြီးထဲမှ ယူပြသော ဂါထာ၏ စကား အဓိပ္ပါယ်ကို ကြည့်ကြပါ။အို....၁၁-ဘုံသားတို့၊ဝိပဿနာပညာ။ ရုပ်နာမ်ရှုသော နာမရူပ ပရိစ္ဆေဒဉာဏ်မှ ယုတ်လျော့ညံ့ဖျင်းနေကြသဖြင့် ရုပ်နာမ်၌ တဏှာငါ၊ မာနငါ ဒိဋ္ဌိငါ၊အဲဒီငါ ၃-ပါးပူးကပ်ခြင်းကို၊ တသံသရာလုံး ခံစားရှိနေကြရသော (၁၁)ဘုံထဲက လူအကုန်၊နတ်အကုန် ဗြဟ္မာအကုန်ကို ကြည့်စမ်းပါလော။ ၎င်းလူ နတ် ဗြဟ္မာတွေဟာ မြင်တာငါဘဲ။ကြားတာငါဘဲ။နံတာငါဘဲ။စားတာငါဘဲ။ ထိသိတာငါဘဲ။ ကြံသိတာငါဘဲဟု။ တဏှာငါ၊ မာနငါ ဒိဋ္ဌိငါဆိုတဲ့ နူနာရောဂါဆိုးကြီးက စွဲကပ်နေသဖြင့်၎င်းရုပ်နာမ်၌ မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်က မသိမကပ်တော့ပါ။ ၎င်းဒိဋ္ဌိဝိစိ နူနာရောဂါ ကင်းပျောက်မှ လောကုတ္တရာ မဂ်ဖိုလ်ကပ်ရောက်လာတော့မည်တဲ့။

## (၁၅) စကြာမင်း၏သမီးတော် ကုဋ္ဌနူနာရောဂါဆိုးကြီး

ဥပမာ စကြာမင်းကြီး၌ အလွန်တရာမှ လှလှပပ၊ ချောချော၊ မောမော ဂုဏ်ဖော်၍ နေသော သမီးတော် တပါးရှိသည်။ ၎င်းကို အမျိုးကကြီးမားတန်ခိုးကကြီးထွား လှခြင်း ပခြင်း၊ ချောမောခြင်း၊ အကျင့်သီလပြည့်ဝခြင်း၊ သာသာ

ယာယာ ပြောဆိုတော်ခြင်း၊ ပေါင်းသင်းဆက်ဆံရာ၌ ပြေပြစ်လှခြင်း အစရှိသော ဂုဏ်တို့ကြောင့် တရာ့တမါးသော မင်းသားများက၊ သူဌေးသား များက ဝိုင်းဝန်း၍ လက်ဆောင်ပဏ္ဏာပို့သနေကြသည်။ စကြာမင်း၏သမီးတော်ကလဲ တဦးဦးနဲ့နေထိုင်ရန်ရွေးချယ်နေတုန်းဖြစ်သည်။ ဤအတွင်းမှာဘဲ မင်းသမီး၌ ကူဌနူနာစွဲကပ်လာရာ၊ ဘယ်မင်းမှ မယူတော့ပါ၊အယုတ်သဖြင့် အိမ်ရှေ့မင်းသား၊ စစ်သူကြီးသား အမတ်သား၊ ကုန်သည်သား၊ ဆင်းရဲသား၊ ဒွန်းစဏ္ဍားသား၊ စဏ္ဍာလ၊ ဘုရားကျွန်၊ ပန်းမှိုက်သွန်၏ သားများကပင် ရင်းစကြာမင်း၏သမီးတော်ကိုမယူတော့ပါ။ ဘာ့ကြောင့်လဲ ကူဌနူနာရောဂါစွဲကပ်နေလို့ပါ။ ယခုလဲရုပ်နာမ်၌ ဒိဋ္ဌိ၊ ဝိစိကူဌနူနာစွဲကပ်သော် ဘယ်မဂ်မှ၊ ဘယ်ဖိုလ်မှ၊ ဘယ်နိဗ္ဗာန်ကမှယူတော့မည်မဟုတ်ပါ၊ အားလုံးအင်္ဂါများပြည့်ဝငေမဲ့ (နူနာ)တခုကြောင့်ပျက်ရသည်။

## (၈၆) ၇-ကျမ်းလာ ရုပ်နာမ်ကြောင့် ကုဋေနဲ့ ကျွတ်ကြ၊ လွတ်ကြရပုံမှာ

ဓမ္မသင်္ဂဏီကျမ်း၌ပါလာသော ရုပ်နာမ်ကြောင့် ၇-ကုဋေ ကျွတ်ကြသည်။

| | | |
|---|---|---|
| ဝိဘင်း | ရုပ်နာမ်ကြောင့် | ၆-ကုဋေကျွတ်ကြသည် |
| ဓါတုကထာ | ရုပ်နာမ်ကြောင့် | ၆-ကုဋေကျွတ်ကြသည် |
| ပုဂ္ဂလပညတ် | ရုပ်နာပ်ကြောင့် | ၆-ကုဋေကျွတ်ကြသည် |
| ကထာဝတ္ထု | ရုပ်နာမ်ကြောင့် | ၇-ကုဋေကျွတ်ကြသည် |

ယမိုက် ရုပ်နာမ်ကြောင့် ၈-ကုဋေကျော်ကြသည်
ပဋ္ဌာန်း ရုပ်နာမ်ကြောင့် (၈၀)ကုဋေကျော်ကြသည်
အစုစုပေါင်း(၁၁၄)ကုဋေတို့ ကျော်ကြ၊ လွတ်ကြ၊ထွက်မြောက်ကြရသည်။

(၈၇) ဝိနည်း ငါးကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာ ၇-ကျမ်း၊ ပိဋကတ် ၃-သွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မခက္ခန္ဓာပေါင်း (၈၄၀၀၀) ၌ ပါရှိသော ရုပ်နာမ်ကြောင့် ၂၄-သင်္ချေ၊ ကုဋေ(၆၀)၊ ဗိုလ်ခြေတသိန်းတို့ ကျော်ကြ၊ လွတ်ကြ၊ ထွတ်မြောက်ကြသည် အားရစရာပါဘဲ။

(၈၈) သမ္ဗေသံ၊ ဒုက္ခရံဗိဒ္ဓေ
သုဒိဋ္ဌံ ရူပမတ္တနော
သုဒိဋ္ဌံ နိဗ္ဗာနံတေန
သုဒ္ဓစိတ္တေနယောဂိနော

ယေန ယောဂိနော၊ အကြင် ယောဂီ ပုဂ္ဂိုလ် လူထိုတို သည်။ အတ္တ နော၊ မိမိ၏။ ရူပံ၊ လှုပ်လှုပ် ရွရွ၊ ဖြစ်ပေါ်ပြသောရုပ်တရားကို။ သုဒိဋ္ဌံ၊ သတိစိုက်သမာဓိပိုက်၍၊ နှစ်ချိုက်စွာပင်မြင်ရတော့၏။ တေနယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ် လူထိုထိုသည်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော အမြင်တို့တွင် ဒုက္ခရံ၊ အခဲယင်းဆုံးသောအမြင်ကို။ သုဒိဋ္ဌံ၊ ကောင်းစွာ မြင်ရပါပေ၏။ သုဒ္ဓစိတ္တေန၊ စင်ကျယ်သော စိတ်ရှိသော။ တေနယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်လူထိုထိုသည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း ကင်းပြတ်ငြိမ်းတဲ့ နိဗ္ဗာန်ကို။ သုဒိဋ္ဌံ၊ ဝိပဿနာဇော၊ယာဉ်သဘောဖြင့်၊အလျှင်တဆော မြင်ရပါပေ၏။

၃၁-ဘုံမှာရှိသော အထူးအဆန်းကို မြင်ရဘို့ကား မခဲယင်းပါ၊ စျာန်ရမို့ လွယ်ကူပါသေး၏။ ရုပ်နာမ်ကိုမြင်ဘို့ကား လူ့,နတ်,ဗြဟ္မာပင် မတတ်နိုင်တော့။ ခဲယင်းဆုံးသော နိဗ္ဗာန်ကိုလည်း မြင်နိုင်တော့၏ဟု ဂါထာက ပြထားခဲ့ပါသည်။

## (၁၉) ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး ထိုးထွင်းသိဘို့ခဲယင်းလှပုံ

သုခုမန္တေ၊ ပဋိဝိဇ္ဈန္တိ
ခုသုနာ၊ ဝါလဂ္ဂံ ယထာ
ယေ ပဉ္စက္ခန္ဓေ၊ ပဿန္တိ
ပရတော နော စ အတ္တတော

ထေရဂါထာ ပါဠိတော်မူ။ ယေ၊ ရဟန်း ရှင်လူ၊ မည်သူမဆို အကြင် ပုဂ္ဂိုလ်တို့သည်။ ပဉ္စက္ခန္ဓေ၊ ဖေါက်ပြန်၊ ခံစား၊ မှတ်သား၊ စီမံ၊ သိခဲ့ပြန်ဆိုတဲ့ ဓါတ်ခန္ဓာ ငါးပါးတို့ကို။ ပရတော၊ ကိုယ်နဲ့မဆိုင်၊ ငါပိုင်မဟုတ် အနတ္တသဘောအားဖြင့်။ ပဿန္တိ၊ ဝိပဿနာယှဉ် ဇောအစဉ်ဖြင့် မြင်ကြရလေကုန်၏။ အတ္တတော၊ ငါ့,သူ့,လူနတ် ပညတ်ဒိဋ္ဌိ အမြင်မှားအားဖြင့် နော စ ပဿန္တိ၊ မှားမှား၊ ယွင်းယွင်းဖြင့်မမြင်ကြကုန်။ တေ၊ ထိုဝိပဿနာမြင်ယောဂီအရှင်တို့သည်သုခုမံ၊ သိမ်မွေ့သေးကပ်၊ ပါးလှပ်လှသော။ ဝါလဂ္ဂံ၊ သားမြီးဖျားကို ခုသုနာ မျှားဖြင့်။ ပဋိဝိဇ္ဈန္တိယထာ၊ အလယ်ဗဟိုရ်၊ ထုတ်ခြင်း လျှိုအောင် ပြစ်ခပ်နိုင် သကဲ့သို့သာ ရှိပေ တော့သတည်း။

ဥပမာ အတောင် ၂၀-၌ သားမြီးဖျားကိုထား၍ မျှားမျှားဖြင့် ပြစ်ခပ်လျှင် ထုတ်ခြင်းထွင်း၍ သွားစေသော အတတ်ကား အလွန်အလွန်ပင် ခဲယဉ်းလှပေသည်။ ၎င်းထက်ခဲယဉ်းသောအတတ်ကား ခန္ဓာကိုယ်ကြီးထဲမှ (၁) ဖေါက်ပြန်သဘောမျှကား ရူပက္ခန္ဓာပါဘဲ။ (၂) ခံစားသဘောမျှကား ဝေဒနက္ခန္ဓာပါဘဲ။ (၃) မှတ်သား သဘောမျှကား သညက္ခန္ဓာပါဘဲ။ (၄) စီမံသဘောမျှကားသင်္ခါရက္ခန္ဓာပါဘဲ။ (၅) သိခဲ့ပြန် သဘောမျှကား ဝိညာဏက္ခန္ဓာ ပါဘဲဟု တွေ့ဘို့ရော၊ သိဘို့ရော၊ ရှုဘို့ရော အခဲယဉ်းဆုံးပါဘဲ။ ငါတို့ဟာဤမျှလောက်ခဲယဉ်းဆုံးတရားကိုပင် အစဉ်ရရှိ၍ ပဥ္စမတန်း ပုဂ္ဂိုလ်များဖြစ်ခဲ့ပြီ။

(၉၀) ဘုရားဟော ပါဠိတော်ကြီးများ၌ ဝိပဿနာမြင်ပုံကိုဥပမာပြသည်မှာ။ ။ဖန်ပုလင်းဖြူဖြူထဲသို့ ဖြူဖြူလုံးထဲ့၊ မဲမဲလုံးထဲ့၊ စိမ်းစိမ်းလုံးထဲ့၊ ပြာပြာလုံးထဲ့၊ ဝါဝါလုံးထဲ့၊ နီနီလုံးထဲ့ ပကတိမျက်စိဖြင့် ကြည့်လျှင် ၎င်းဖန်ပုလင်းကိုထိုးဖေါက်၍ ဒါကအဖြူဖြူဘဲ၊ ဒါကမဲမဲဘဲ၊ ဒါကစိမ်းစိမ်းဘဲ၊ ဒါကပြာပြာဘဲ၊ ဒါကဝါဝါဘဲ၊ ဒါကနီနီဘဲစသည်ဖြင့် မရောဘဲ၊ မနှောဘဲ၊ ကွဲကွဲပြားပြား၊ ပိုင်းပိုင်းခြားခြားကြီးမြင်ရတာလို သတိ၊ သမာဓိ၊ ပညာနဲ့ ခန္ဓာမှာကြည့်တော့။ ရုပ်၊ နာမ်၊ ပဌဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟု တခြားစီ အာကာသခြား၍ တွေ့ရ၊ မြင်ရသည်။ အဲဒါမှဝိပဿနာအစဉာဏ်စဉ်ပါဘဲဟူလို။ ။

# ဝိပဿနာစစ်စစ်ကိုပြခန်း

(၈၁) [ဝိပဿနာ] (ဝိ) တပုဒ်၊ (ပဿနာ) တပုဒ်ခွဲပြပါ။ (ဝိ) ဆိုတာ နိဗ္ဗာန်ပါဘဲ၊ (ပဿနာ) ဆိုတာ မြင်အောင် သိအောင် ရှုခြင်းပါဘဲ။ စုစု ပေါင်းတော့ (ဝိပဿနာ) နိဗ္ဗာန်ကို မြင်အောင်၊ သိအောင် ရှုပွါးသော အလုပ်ပါဘဲ။ ယခုပြတာဟာ ဥက္ကဋ္ဌပရိစ္ဆေဒနည်းဖြင့်ပြတာပါဘဲ။

| (၈၂) | | |
|---|---|---|
| တဒင်္ဂပဟာန် | ဝိက္ခမ္ဘနပဟာန် | သမုစ္ဆေဒပဟာန် |
| ဒါနသီလ ၂ ပါး | သမထဝိဇ္ဇာဈာန် | ဝိပဿနာ မဂ်ဖိုလ် |
| သီလ | သမာဓိ | ဉာဏ်ပညာ |

(ဝိ) ပဿနာ၌ (ဝိ) ဆိုကာ သမုစ္ဆေပဟာန်ပါ၊ ပဿနာနှင့် မဂ်ဖိုလ်ပါ ဓိယာ၌ ပြန်ကြည့်တော့။ ပဟာန် ၂-ပါးကို လွန်မြောက်၍ သမုစ္ဆေဒပဟာန်ဘဲဟူ၍ သဲအင်းသာသနာ ပိုင်ရေးသော ဉာသ်အကောက်ကျမ်း၌ပါရှိသည်။

(၈၃) (ဒါ, သီ, ထ, ဝိ) ၄-ပါးကိုစစ်ကြည့်တော့ (၁) ဒါန၊ သီလ၊ သမထ ၃-မျိုးဟာရုပ်ကိုသာ ပြောင်းပေးပြီး လူရုပ် နတ်ရုပ်၊ ဗြဟ္မာရုပ်ဟု မြင်ဘိစေသည်။ (၂) ဝိပဿနာကား ရုပ်ခရာ၊ နာမ်ရော ၂-ပါးလုံးကိုပြောင်းစေသည်။ ဒါကြောင့် မဂ်ဖိုလ်ရပြီးအရိယာနှင့်နေကြရသည်။

(၈၄) (ဒါ, သီ, ထ, ဝိ) ၄-ပါးကို စစ်၍ ကြည့်တော့။ ဒါန၊ သီလ၊ သမထ ၃-မျိုးကိုပြုပြီး။ ဤဒါ, သီ, ထ ကြောင့်

မဂ်ဖိုလ်နိဗ္ဗာန်ကိုရရပါလို၏ဟု မဂ်၊ဖိုလ်၊ နိဗ္ဗာန် ရွှေအိုးကြီး ကွေကို တသံသရာလုံးမြှုပ်မြှုပ်ပြီးလာခဲ့ကြသည်။ ဝိပဿနာ ကား ဒါ၊သိ၊ထက မြှုပ်ထားသော ရွှေအိုးကြီးတွေကို ဖေါ် ယူ၍သုံးစွဲသဖြင့် အရိယာဖြစ်၊ သောတာပန်ဖြစ်၊ မဂ်ဖိုလ် ဖြစ်၊ လောကုတ္တရာဖြစ်၍နေကြတော့သည်။

(၉၅) (ဒါ၊သိ၊ထ ဝိ)ကိုစိစစ်၍ကြည့်တော့။ ဒါနက လူ့ခန္ဓာအိမ်ကိုဆောက်တည်၍နေသည်။ သီလက နတ်ခန္ဓာ အိမ်ကိုဆောက်တည်၍နေသည်။ သမထကဗြဟ္မာ့ခန္ဓာအိမ်ကို ဆောက်၍နေသည်။ ဝိပဿနာကား သူတပါးက ဆောက် လုပ်ထားသော လူ့ခန္ဓာအိမ်၊ နတ်ခန္ဓာအိမ်၊ ဗြဟ္မာ့ခန္ဓာ အိမ်ကိုဖျက်ဆီးပြီးမဂ်ပြည်၊ဖိုလ်ပြည်နိဗ္ဗာန်ပြည်သို့ပို့နေသည် ဖျက်ပြစ်ပုံကား။ အယံကာယော၊ ရုပ်စုနာမ်စုသာ ရှိ၍နေ သောခန္ဓာသည်နတ္ထိ၊မိမ္မလဲမရှိပါ။နပုရိသော၊ယောကျ်ား လဲမရှိပါ။ နပုဂ္ဂလော၊ ပုဂ္ဂိုလ်လဲမရှိပါ၊ နသတ္တော၊ သတ္တ ဝါလဲ မရှိပါ စသည်ဖြင့် အတ္တဒိဋ္ဌိ ၂၆-ပါးကို ဖျက်ပြစ်၍ အနတ္တ ၂၆-ပါးနှဲ့ နေစေသည်။

(၉၆) ဝိပဿနာဆိုတာ။ လက္ခဏာ ငါးချောင်းကိုကြည့်ပါ ဝိပဿနာမှာ (၁) ရုပ်။ (၂) နာမ်။ (၃) အနိစ္စ။ (၄) ဒုက္ခ။ (၅)အနတ္တ။ဤငါးပါးပရမတ္ထတရားကိုပေါ်အောင်၊ သိအောင် ရှုရသော အကျင့်မျိုးကို ဝိပဿနာ၊ အထူးမြင် အထူးရှုဟုဆိုရသည်။

(၉၇) ဝိပဿနာကိစ္စမှာ(၁)ဓါတ်သဘာဝကိုလက်တွေ့ ပထမရှာပြီးရှုနေသည်။ (၂) ၎င်းဓါတ်သဘာဝထဲမှဖြစ်ပျက် ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှာရသည်။ (၁)ဓါတ်သဘာဝ ကားသဘာဝလက္ခဏာတည်း။ အပေါ်တံခါးပိတ်ဘို့၊ဆင်း ရဲသံသရာပြတ်ဘို့၊ ဘုံစဉ်စံဘို့၊ အရိယာ ဖြစ်ဘို့ပါဘဲ။ (၂) ဓါတ်ထဲက ဖြစ်ပျက်ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကား သာမည လက္ခဏာသာဖြစ်သည်။ အနိစ္စ စကြာယာဉ်ကြီး၊ ဒုက္ခ စကြာယာဉ်ကြီး၊ အနတ္တ စကြာယာဉ် ကြီးတွေကိုစီး နင်း၍နိဗ္ဗာန်ပြည်သို့ တစက္ကန့်မှုလျှင် ကုဋေတသိန်းစီနှင့် အ ရောက်သွားသွားနေသည်။

(၉၈) ဝိပဿနာဆိုတာ။ (၁) ဓါတ်ကြောင့်။ (၂) ရုပ်ဖြစ်သည်။ (၃) ရုပ်ကိုနာမ်ကသိသည်။ ဓါတ်ရယ်၊ရုပ် ရယ်နာမ်ရယ်ဒီလိုပေါ်သမျှရှုတာကိုဝိပဿနာဟုခေါ်သည်။

(၉၉) ဝိပဿနာဆိုတာ။ (၁) ပညတ်ကိုခွါ၍ ပရမတ် ကိုရှုရသည်၊ (၂) ဒုတိယမှာအဝိဇ္ဇာကိုခွါ၍ ဝိဇ္ဇာနှင့် နေရ သည်။ (၃) တတိယမှာ ဒိဋ္ဌိဝိစိကိစ္ဆာကိုခွါ၍ မဟာ သော တာပန်ဖြစ်ရသည်။ (၄) စတုတ္ထမှာ ကာမ၊ ရာဂ၊ ဗျာပါဒ အကျန်စားကို သတ်နိုင်တော့ သကဒါဂါမ်ပါ။ (၅) ပဉ္စမ မှာ ကာမ၊ ရာဂ၊ ဗျာပါဒ အနုစားကိုသတ်နိုင်တော့ အနာ ဂါမ်ဖြစ်သည်။ (၆) ဆဋ္ဌမမှာအကုသိုလ်အကုန်၊ကိလေသာ အကုန်ကို ပယ်သတ်နိုင်တော့ အရဟတ္တဖြစ်၊ ဝါ၊ ရဟန္တာ ဖြစ်သွားသည်။ (၇) သတ္တမမှာ ပရိနိဗ္ဗာန်ပြုနိုင်သဖြင့် ရုပ်

ရောနှာမ်ရော ၂-ပါးလုံးချုပ်ငြိမ်းရသည်။ [အဲဒါရဟန္တာပါဘဲတဲ့] မုထုဇဉ်ဘဝမှ တဆင့်ပြီးတဆင့်ခွါခွါသွား၊ ပယ်ပယ်သွား၊ သတ်သတ်သွားတာ၊ အရိယာသို့ မြင့်တက်သွားတာပါဘဲ။

(၁၀၀) ခန္ဓာမှာ သတိထားတော့ သမာဓိပါရသည်။ အာစာရ အရိယာ ဖြစ်၍သွားပါပြီ။ (၂) သေဟုရှုတော့ ဒဿနအရိယာ ဖြစ်၍ သွားပါပြီ။ (၃) သေခြင်း သဘော သဘာဝသာရှိ၍ ငါသူ့ လူနတ်မရှိဘူးဟု စိတ်ပြောင်း၍သွားတော့ လိင်္ဂအရိယာဖြစ်ရသည်။ (၄) သေခြင်း ဖြစ်လိုက်ပျက်လိုက်နှင့် အနိစ္စကိုတွေ့ရ၊ ဒုက္ခကိုတွေ့ရ၊ အနတ္တကိုတွေ့ရလျှင် ပဋိဝေဓအရိယာဖြစ်ရသည်။ အခုကျင့်၊ အခုရသောအရိယာလေးမျိုးကိုပြလုပ်၍ပြပုံပါဘဲ။

(၁၀၁)
သေိ၊ ရုပ်နာမ်
သေိ၊ ဓါတ်သိဉာဏ်
သေိ၊ နာမရူပဉာဏ်
သေိ၊ ဝိပဿနာ
သေိ၊ မဂ်ဉာဏ်
သေိ၊ သောတာပန်
သေိ၊ အရိယာဉာဏ်
သေိ၊ လောကုတ္တရာဉာဏ်
သေိ၊ သဘာဝဉာဏ်
သေိ၊ ပရမတ္ထဉာဏ်
သေိ၊ အဘိဓမ္မာဉာဏ်
သေိ၊ ယထာဘူတဉာဏ်
သေိ၊ သမဒဿနဉာဏ်
သေိ၊ သမ္မာဒိဋ္ဌိဉာဏ်

ယခုပုံစံ၌(သေိ) တမျိုး သဲကို နာမည်တွေ များ လိုက်ယာ ရုပ် နာမ် တဲ့၊ ဓါတ်သိ ဉာဏ်တဲ့၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်တဲ့၊ ဝိပဿနာ ဉာဏ်တဲ့၊ မဂ်ဉာဏ်တဲ့၊ သောတာ ပန်ဉာဏ်တဲ့၊ အရိယာ ဉာဏ်တဲ့၊ လောကုတ္တရာ ဉာဏ်တဲ့၊ သဘာဝ ဉာဏ်တဲ့၊ ပရမတ္ထ ဉာဏ်တဲ့၊ အဘိဓမ္မာဉာဏ်တဲ့၊ ယထာဘူတ ဉာဏ်တဲ့၊ သမ္မာဒဿန ဉာဏ်တဲ့၊ သမ္မာဒိဋ္ဌိ ဉာဏ်တဲ့ မှည့်လိုက်တဲ့နာမည်တွေဟာ အသင်္ချေ တထောင်မကပါဘူး။ [အသင်္ချေယျာနိ နာမာနိ၊ သဂုဏေန အယံဓမ္မော ဂုဏေနနာမမုဒ္ဒေယျ ၊အပိနာမ၊သဟဿတော။ ကျြဂါထာ၌ (အသင်္ချေယျာနိ နမာနိနှင့်သဟဿတော။) ၂-ပုဒ်ကို တွဲပြလျှင်။ အသင်္ချေယျာနိနာမာနိက၊ အသင်္ချေပေါင်း နာမည်တွေတဲ့၊ (သဟဿတော)က တထောင်တဲ့ စုပေါင်းပြရလျှင် (အသင်္ချေတထောင်)နာမည်တွေရှိသတဲ့။

(၁၀၂) (ပဉ္စက္ခန္ဓာ၊ ဝိပဿနာဘူမိ။) ခန္ဓာငါးပါးဟာ ဝိပဿနာရှုဘို့နေရာပါဘဲတဲ့။

| | | | |
|---|---|---|---|
| ခန္ဓာ | စိတ်, စေတသိက်, ရုပ် | (၁) | ယခုပြနေတဲ့ ၆-ဌာ |
| ကိုယ် | ဒါန, သီလ, သမထ | (၂) | နက သဘော တရား |
| ဝိပဿ | ၉၆-ဖြာရောဂါ | (၃) | တွေဟာ တအိမ်ထဲ |
| နာ | ၁၅၀၀-ကိလေသာ | (၄) | နေကြတာ။ တရွာတဲ |
| ရှုဘို့ | လေ ဩဇာ် အသံ အနံ့ | (၅) | နေကြတာ။ တရေထဲ |
| နေရာ | ဓမ္မတာခဝါခြင်း | (၆) | သောက်ကြတာ။ တ |

လှေသဲစီးနေကြတာ တခရီးထဲ ရောက်နေကြတာ။ (၆)စုလုံးဟာသဘောတရားချည်းပါဘဲပရမတ်ချည်းဘဲ။သဘာဝတရားချည်းဘဲ။ တာပေမဲ့ ကမ္ဘာဦးက လူကြီးတွေကငြင်းလျှင်။ (၂) ဒါန၊ သီလ၊ သမထဘဲဟုတမျိုး။ (၃) ၉၆-ဖြာရောဂါဘဲဟု တသွယ်။ (၄) ၁၅၀၀-ကိလေသာဘဲဟု တဖုံ (၅) လေ ဩဇာ် အသံ အနံ့ဘဲဟု၊ တနည်း၊ (၆) ဆာတာငတ်ထာ၊ ပျင်းထာ ဓမ္မတာဘဲဟု တပါး။ ဤလိုခွဲခြား၊ ခွဲခြားပြီး ပြောထားတော့ နောက်ကလူတွေဟာ ဥပါဒါန်ဖြစ်ရှိနေကြပါသည်။ [ခန္ဓာကိုယ်ထဲက] အတူတူထွက်ပြတာမို့ ၆-မျိုးစလုံးဟာ ပရမတ်ချည်းဘဲ။ [ဘုရားကတော့] ကောဓမ္မောနဲ့တရားတခုထဲဘဲကွယ်။ ကောယနေ့ာတလမ်းထဲဘဲကွယ်။ ကေဂ္ဂတာတာအာရုံထဲဘဲကွယ်။ အတ္တတောကေါ်၊ သဘောအနက် တခုထဲဘဲကွယ်ဟု တခုထဲစုပေါင်းပြနေပါ

သည်။တခုထဲဘုသိပါမှ အရှုလွယ်၊အသိလွယ်၊ အပြောလွယ် မည်။ဒါမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည်။

(၁၁၃) တခုထဲကို အကျယ်ချဲ့ပြီးလျှင် ပြနေကြသည်။ (က)ဝိနည်း၊ ပိဋကတ်၊ ဓမ္မက္ခန္ဓာက(၂၁၀၀၀)ပါတဲ့။ (ခ) သုတ္တန်၊ ပိဋကတ် ဓမ္မက္ခန္ဓာက(၂၁၀၀၀)ပါတဲ့။ အဘိဓမ္မာ ပိဋကတ် ဓမ္မက္ခန္ဓာက (၄၂၀၀၀)ပါတဲ့။ စုစုပေါင်းတော့ ဓမ္မက္ခန္ဓာတွေဟာ(၈၄၀၀၀)ပါတဲ့ဟု အရှုချက်အောင် ချဲ့ပြသည်။ဒီလိုချဲ့ပြတာဟာ ပရိယတ်နည်းပါတဲ့။ဒေသနာနည်းပါတဲ့ဟုတရပ် ခြားနားယူကြပါ။

ယခု ကွဲကွဲ-ပြားပြားပြတာကို (သဘောတူပေါင်းပြီး) လျှင် (သဘောတရားအားဖြင့်) တခုထဲပါ။ (၁) ကောဓမ္မာပါ။(၂)ကောယနောပါ။ (၃)ကောဂတာပါ။ (၄) အတ္ထတောဧကံပါ။ဒီလိုတခုထဲစုပေါင်းရှုပါမှ ပဋိပတ်နည်း ဖြစ်တယ်။ ဘာဝနာနည်း ဖြစ်တယ်။ ဒီတော့မှမဂ်ရမယ်။

(၁၁၄) တခုထဲဖြစ်ပုံကို မြတ်စွာဘုရား ဟောပြသည့် အတိုင်းရှင်းပြမည်။

| (က) | (ခ) |
|---|---|
| ၃၁-ဘုံမှာ | နိဗ္ဗာန်မှာ |
| ဒုက္ခတခုထဲပါ | သုခတခုထဲပါ |
| ရုပ်နာမ်တတွဲထဲပါ | နိဗ္ဗာန်ပါ |
| အနိစ္စတခုထဲပါ။ | နိစ္စတခုထဲပါ။ |

| | (က) | (ခ) |
|---|---|---|
| | ဥဒ-ဘုံမှာ | နိဗ္ဗာန်မှာ |
| | ဒုက္ခတခုထဲပါ | သုခတခုပါ |
| | အတ္တလွမ်းမိုး | အနတ္တလွမ်းမိုး |
| | သင်္ခတဓါတ် | အသင်္ခတဓါတ် |
| | သင်္ခတာဓမ္မာ | အသင်္ခတာဓမ္မာ |
| | အထယ်ဖြပ် | သဘောတမျိုး။ |
| (၁၀၅) | ဥပ္ပါဒေါ သင်္ခါရာ | အနုပ္ပါဒေါ နိဗ္ဗာနံ |
| | ပဝတ္တံ သင်္ခါရာ | အပဝတ္တံ နိဗ္ဗာနံ |
| | အာယူဟနံ သင်္ခါရာ | အနာယူဟနံ နိဗ္ဗာနံ |
| | ဇာတိ သင်္ခါရာ | အဇာတိ နိဗ္ဗာနံ |
| | ဇရာ သင်္ခါရာ | အဇရံ နိဗ္ဗာနံ |
| | မရဏံ သင်္ခါရာ | အမတံ နိဗ္ဗာနံ |
| | နိမိတ္တံ သင်္ခါရာ | အနိမိတ္တံ နိဗ္ဗာနံ |

တဌာနမှာတရားတခုစီမပါဘဲတဲ့။ အဲဒါကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးထဲမှ ယူပြပါသည်။

ရင်းပြင်၊ ဘာဝနာ-၄၀ မို့။ တဌာနဌ် တခုစီနှင့်(၄၀) ဇယားနဲ့ပြပါသေးသည်။(ဝိပဿနာဉာဏ်စဉ်ကြီး၌) ကြည့်ကြပါတော့။ (သတိ)

(၁၀၆) ပိဋကတ်ကျမ်းဂန်များ၌ အကျယ်ပြပေမဲ့ အကျဉ်းနဲ့သိအောင် ရှင်းပြဦးအံ့။

| | |
|---|---|
| **စာထဲကအာ**သိ | ....ခန္ဓာထဲကအသိ |
| ပရိယတ် | ....**ပ**ဠိ**ပ**တ် |
| **ဒေသ**နာ | ....ဘာဝနာ |
| ပညတ် | ....**ပ**ရမတ် |
| ဓမ္မ | ....သဒ္ဓမ္မ |
| ၃၁-ဘုံပို့ | ....နိဗ္ဗာန်ပို့ |
| ပုထုဇဉ် | ....အရိယာ |
| လူ့ နတ် ငြဟ္မာ | ....မင်ဖိုလ်နိဗ္ဗာန် |
| သညာသိများ | ....ပညာသိများ |

စာသိကို (တေပိဋက ဗုဒ္ဓဝစနံ ကျမ်းဂန်များ ဌ်ပြသည်။ တေပိဋက ပိဋကတ်၃ပုံသည်။ ဗုဒ္ဓဝစနံ မြတ်စွာဘုရား၏စကားတော်ပါဘဲတဲ့။ (**ဒေ**သ နာ **ပ**ညတ္တိ**နာ**မ) ၎င်း **ဒေ**သနာ၊မြတ်စွာ ဘုရား ဟောပြသော ဒေသနာ တော်ကြီးသည်။ ပညတ္တိနာမ **မ**ညတ်မည်၏။ (ဒါ**န**ကထာ) ဒါနစကား။ သီလကထာ **သီ**လစကားတဲ့။ [ဘဂဝါ၊ ကေမ္ပိဓမ္မံ၊ ဝိဝိဓါဟိ ပညတ္တိဟိ၊ အာရောပေတွာ ဒေသေတိ။] ကျမ်းဂန်များမှ(ဘဂဝါ၊ မြတ်စွာဘုရား သခင်**သ**ည်။ ကေပ္ပိဓမ္မံ၊တခုသော တရားတော်ကိုလည်း။ ဝိဝိဓါဟိ၊အထူးထူး-အပြားပြားရှိကုန်သော။ ပညတ္တဟိ၊ ပညတ်တို့ဖြင့်။ အာရောပေတွာ တင်၍။ ဒေသေတိ၊ ဟောပြရ၏။ (ခန္ဓာထဲက်**ပေ**ါ်တဲ့ **တ**ရားတော်ကြီးကို ပညတ်သို့တင်၍**ဟော**ရ**သ**ည်။) (မြတ်စွာဘုရားအား လုံးတို့၏ ပါးစပ်တော်က ပြောသမျှ စကါးချည်းဘဲ။X ခန္ဓာ**ထဲ**က ပေါ်သမျှ တရားချည်းဘဲ။) (အပြောပညတ်ပါ။ **သဘော**ပရမတ်ပါ။(စာထဲက သညာ သိပါ။Xခန္ဓာထဲကပညာသိပါ။) စကားဆိုတာ အပြောမျှ

သာ။ Xတရားဆိုတာ သဘောမျှပါ။) အရာရာတိုင်း ကွဲပြား ပုံကိုဇယားပုံစံနှင့်ပြခဲ့ပါပြီ။

(၁၀၇) ဝိပဿနာ ရှုတော့ အရှိန်ရသော အခါမှာ တစက္ကန့်၌ရုပ်အပျက်ပေါင်း(၅၈၈၂X၃၅၂၉၄၁၂)လောက် ပျက်စီးနေသည်။ ။နာမ်အပျက်ပေါင်းကလဲ(၁၀၀၀၀၀၀၀ ၀၀၀၀၀၀၀၊ ကုဋေဘသိန်းမျှ ပျက်ပျက်နေသည်။ ဒါတွေကို ရှုသို့ လုံခြုံသော သိက္ခာပုဒ်တွေမှာလဲ(၉၁၈၀ ၅၀၃၆၀၀၀) လောက် သီလလုံခြုံသွားသည်။ အချို့က မယုံကြည်ကြဘူး တွေ့ဘူးကြသော ဝိပဿနာ ယောဂီတို့ကား၊ ကိုယ်တွေ့မို့ ယုံကြည်ကြသည်။ (မြတ်စွာဘုရားကလဲ) ယထာပုဗ္ဗငြွက်ံ ပသော၊ ယထာပသောမရိစိကံ၊ ဧဝံလောကံ၊ အဝေက္ခန္တံ၊ မစ္စုရာဇာနပဿတိ။ ]ရင်းပြင် ဉာဏစာဂီ ရှင်းပြထားသော ငါအရိယာဖြစ်ပြီလားကျမ်း။ပထမတွဲ၌ရင်း။ဉာဏစာဂီရှင်း ပြသော ကုဋေတသိန်း တွေ့ရပုံကျမ်းတအုပ်လုံး၌ရင်း။ ဒိဋ္ဌိ တိုင်းပြည် လူစီစီကျမ်း၌ရပ်း။ ကုဋေတသိန်း တွေ့ကြရပုံကို သဂါထာငဂ္ဂ၊ခန္ဓဝဂ္ဂ၊ နိဒါနဝဂ္ဂသံယုတ် ၃-ကျမ်းနှင့် ဝိဘင်း အဋ္ဌကထာနှင့် နေတ္တိပါဠိတော်နှင့် နေတ္တိအဋ္ဌကထာနှင့် နေတ္တိဋီကာနှင့် ထုတ်ပြထားပါပြီ။

(၁၀၈) ဥရောပတိုက်သား သိပ္ပံပညာရှင်များတို့ကား စက်ဖြင့် အသံလွှင့်ကြည့်တော့ အသံဓါတ်ဟာ မိုင်ပေါင်း (၁၀၀၀၀၀၀၀) တကုဋေလောက် တစက္ကန့် အခိုက်၌သွား သတဲ့။(အမေရိကန်ပြည်မှ ဗမာပြည်သို့ လေယာဉ်ပျံနှင့်လာ

တော့ (စက္ကန့်ပေါင်း(၁၀၀၀၀၀၀)ရှစ်သန်းကြာမှ ရောက်သည်။ စက်ဖြင့် အသံလွှင့်၍ စက်ဖြင့်အသံကိုဖမ်းတော့ (၂) စက္ကန့်နှင့်ရောက်သည်၊ အံ့ဩစရာဘဲ။

(၁၀၉) ကောင်းကင်၌ လေရိပ်ဟာ ဒင်္ဂါးတကွက်စာလောက် မြင်ရပေမဲ့ လေရိပ်နှင့် ပင်လယ်ရေပြင်ဟာ မိုင်ပေါင်း(၄၀)မက ဝေးနေပေမဲ့ လေရိပ်ကြောင့် ပင်လယ်မှ လှိုင်းထလာပြီး အိမ်လုံးမျှ ကျောင်းလုံးမျှ၊ ထကြွပြသည်။ ပင်လယ်ထဲမှာ လေမုန်တိုင်း၊ လေနီကြမ်း ဆိုက်ကလုံး၊ လေလေဆင်နှာမောင်း ခပ်ပါမူကား လှိုင်းလုံးတွေဟာ ပေ၂၀၀၀-မြင့်သော တောင်ကြီးတွေလောက် ထကြွ၍ပြနေပါသည်။ ဓါတ်နှင့်ဓါတ်တို့တွေ့ကြလို့ပါ။ ဆုံစီးမိကြလို့ပါ။ယုံကြည်ကြပါလေ။

## ဧဒေကောဓမ္မောဥက္ကာ

(၁၁၀) (အပါယ်)အတိုး, အတ နိုင်လို့ပြစ်ပယ်ခြင်းခံရသည်။(အ)၍ ပြစ်ပယ်ခြင်းခံရပုံမှာ (က) ရင်းလူလေးစုသည်။ နိဗ္ဗာန်ဆီသို့သွားကြတယ်။ နိဗ္ဗာန်က ငါ့ပြည်ထဲသို့ မဝင်လါကြနဲ့တော့(အ)လို့ပြစ်ပယ်လိုက်ပြီဟုနှင်ထုတ်လိုက်တယ်။ (ခ)ဖိုလ်ပြည်သို့ သွားကြပြန်တော့လဲ ဖိုလ်ပြည်က ငါ့ပြည်ထဲသို့မဝင်လာကြနှင့်တော့ (အ)လို့ပြစ်ပယ်လိုက်ပြီဟု နှင်ထုတ်လိုက်တယ်။ (ဂ) မဂ်ပြည်သို့ သွားတော့လဲ

မင်္ဂပြည်က ငါ့ပြည်ထဲသို့မဝင်လာကြနှင့်တော့။(အ)လို့ ပြစ်ပယ်လိုက်ပြီဟု နှင်ထုတ်လိုက်တယ်။ (ဃ)ဗြဟ္မာ့ပြည်သို့ ဝင်တော့လဲ ဗြဟ္မာ့ပြည်က ငါ့ပြည်သို့ မဝင်လာကြနှင့်တော့။ (အ) လို့ပြစ်ပယ်လိုက်ပြီဟု နှင်ထုတ်လိုက်သည်။ (င)နတ်ပြည်သို့ဝင်တော့လဲ နတ်ပြည်က ငါ့ပြည်ထဲသို့ မဝင်လာကြနှင့်တော့ မင်းတို့တစုက(အ)လို့ ပြစ်ပယ်လိုက်ပြီဟု နှင်ထုတ်ကြသည်။ (စ)လူ့ပြည်သို့ ဝင်လာပြန်တော့လဲ လူ့ပြည်က ငါ့ပြည်ထဲသို့ မဝင်လာကြနှင့်တော့ မင်းတို့တစုကို (အ) လို့ပြစ်ပယ် ထားတယ်ဟု ပြောကာ နှင်ထုတ်ကြတော့သည်။ ၎င်းတို့(လူအ) လူနှ၊ လူထုံ၊ လူထိုင်း၊ လူရိုင်း တစုတို့ဟာ နိဗ္ဗာန်လဲမဝင်ရ၊ဖိုလ်လဲမဝင်ရ၊ မင်္ဂလဲမဝင်ရ၊ ဗြဟ္မာ့ပြည်လဲ မဝင်ရ၊ နတ်ပြည်လဲမဝင်ရ၊ လူ့ပြည်လဲမဝင် သုဂတိ ၂၇-ဘုံလဲမဝင်ကြသဖြင့် (အပါယ်လေးဘုံ၌သာ စုရုံး၍) နေထိုင်ကြရသည်။ (အပါယ) ချမ်းသာကင်းသောဘုံနေရာ။ ဝါ၊ ချမ်းသာမရှိသော ဘုံနေရာ အဲဒါကတော့ ပါဠိလို မာဂဓ လိုဆိုသည်။ ။၎င်းတို့ဟာ ဘာ့ကြောင့် သုဂတိ ၂၇-ဘုံနှင့် မင်္ဂဖိုလ်နိဗ္ဗာန်သို့မဝင်ကြရသနည်း။(အ)လို့ပါ။ဘာ့ကြောင့် (အ)ရသနည်း။ မိမိ၏ခန္ဓာဟာ ဓါတ်လေးပါးတို့၏ အစုအဝေးဖြစ်ပေမဲ့။ မိမိ၌ရှိသောဓါတ်လေးပါးကို (က)ရှုရမှန်းလဲမသိ။ (ခ)မသိလို့ ရှုလဲမရှုပါ။ (ဂ)အမြဲတမ်းဓါတ်ပေါ်၍နေပေမဲ့။ ၎င်းဓါက်ကိုဓါတ်ဟု မသိကြပါ သတိလဲ မထားကြပါ။ ဇဗ-ဖြာရောဂါဘဲဟူ၍သာ ဥပါဒါန်ကြီး

တန်းလန်းနှင့် ပင်ပန်း၍ နေကြသည်။ အမှန်စင်စစ်ကား ပေါ်ပေါ်နေသမျှသော ဓါတ်တရားတွေက သစ္စာလေးပါးကိုလာလာပေးနေတာပါ။(အ)လို့ မသိကြပါ။မယူကြပါ။ပေးတာက သစ္စာလေးပါး ယူကြတာက (၉၆-ဖြာရောဂါ)ပေးတာနှင့်ယူတာ ဤမျှလောက်(ကမောက်ကမ) ဖြစ်ကြသည်။တနည်း ၎င်းတို့ဟာ (ပုထုဇ္ဇနော ဥမ္မတ္တကောပါ။X ပုထုဇ္ဇနော အန္ဓောပါ။X ပုထုဇ္ဇနော ဗာလောပါ။X ပုထုဇ္ဇနော ဝိပ္ပလ္လာသောပါ။X ပုထုဇ္ဇနော ဝိပရိတောပါ။ အရူးတွေ၊အကန်းတွေ၊အမိုက်အမဲတွေ၊ ဖောက်ပြန်သမားတွေ၊အယူအဆဖောက်ပြန်နေတဲ့ သူတွေ။ ဒါကြောင့်(အ)တာ(နှ)တာပါဘဲ။အပြစ် ၇၀-ကျော်နှင့်နေကြသည်။(အ)လို့ ပါယ်ခံရပုံတည်း။

(၁၁၁) ၃၁-ဘုံမှာ | သာဓကပြရလျှင် [ဒုက္ခမေဝဟိ ဒုက္ခတခုသာ သမ္ဘောတိ၊ ဒုက္ခံတိဋ္ဌတိဝေတိစ နညတြဒုက္ခာသမ္ဘောတိ၊ နညံဒုက္ခံနိရုဇ္ဈတိ။] ဝိသုဒ္ဓိမဂ်နှင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှ။

၃၁-ဘုံမှာ သင်္ခါရဒုက္ခသာရှိသည်။ ၎င်းဒုက္ခသာ ဖြစ်လိုက်၊ ပျက်လိုက်နှင့်နေသည်။ သင်္ခါရ ဒုက္ခကိုကြဉ်ထား၍ ဖြစ်ထာလဲမရှိ၊ သင်္ခါရဒုက္ခကို ကြဉ်ထား၍ ချုပ်ထာလဲမရှိပါတဲ့။အဲဒါဂါထာ၏အဓိပ္ပါယ်ရင်းပါဘဲ။(ကောဓမ္မောနဲ့ ဒုက္ခသစ္စာဟုရှုပါလေ။ (သမုဒယ၊မဂ္ဂ၊ နိရောဓသစ္စာ ၃-ပါး အမြတ်ရမည်။ တခုကျင့်ကြပါတဲ့။

(၁၁၂) | ၃၁-ဘုံမှာ အနိစ္စသာ | သာဓကမှာ [သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။] ဓမ္မပဒပါဠိတော်မှ ၃၁-ဘုံမှာ အနိစ္စတခုသာရှိ၍ တခုထဲ ကျင့်ကြပါလေ။

(၁၁၃) | ၃၁-ဘုံမှာ ဒုက္ခသာ | သာဓကမှာ [သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။] ဓမ္မပဒမှ။ ၃၁-ဘုံမှာ ဒုက္ခသာရှိ၍ ဒုက္ခတခုဘဲရှုကြ၊ မဂ်ဖိုလ်ရမည်။

(၁၁၄) | ၃၁-ဘုံမှာ အနတ္တသာ | သာဓကမှာ [သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ၊ အထနိဗ္ဗိန္ဒတိဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။] ဓမ္မပဒမှ ၃၁-ဘုံမှာ အနတ္တသာရှိတယ်။ တခုဘဲရှုကြပါ။ မဂ်ဖိုလ်ကိုရမှာပါဘဲ။ ၎င်း ၃-ဂါထာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုရပေမဲ့ (အထနိဗ္ဗိန္ဒတိ ဒုက္ခေ။)ဟု ပြသဖြင့်(ဒုက္ခသစ္စာဘဲရှိတယ်။ရှုလျှင်) သမုဒယ မဂ္ဂါနိရောဓရမည်။

(၁၁၅) | ၃၁-ဘုံမှာ သဘောတရားသာ | သာဓကမှာ [ဓမ္မော ဟိ သဘာဝေါ။] ပိဋကတ်အဋ္ဌကထာ တရားဆိုတာ သဘောဘဲတဲ့။ [ဓမ္မာ နိသတ္တ နိဇီဝသဘာဝေါ။] အဋ္ဌသာလိနီ အဋ္ဌကထာမှ [တရားတို့ဟာ နိသတ္တမို့ သတ္တဝါလဲမရှိပါ။ (နိဇီဝ)မို့ အသက်လိပ်ပြာလဲ မရှိပါ။ဓမ္မာမို့ သဘာဝတွေသာစုပြုံ၍နေကြသည်။[ပရမတ္ထ ဓမ္မာ အဏ္ဏာန ရပတိတာ။] သုတ္တနိပါတ် အဋ္ဌကထာ စိတ်

၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန် အသင်္ချေပေါင်း ကထောင်ဆိုတဲ့ ပရမတ္ထ တရားတို့ဟာ သဘောမျှသာရှိကြ၍ အထယ်ဒြပ်ပုံစံ သဏ္ဌာန်လဲ မရှိကြပါ။

(၁၁၆) [၃၁-ဘုံမှာ သင်္ခတဓါတ်တခုသာ] သာဓကေမှာ [သင်္ခတဓါတုစ အသင်္ခတဓါတုစ။] ဒုကအင်္ဂုတ္တိုရ် ပါဠိတော် ၃၁-ဘုံမှာ သင်္ခတဓါတ် တခုသာရှိသည်။ နိဗ္ဗာန်မှာ အသင်္ခတဓါတ်တခုသာရှိသည်။သင်္ခတဓါတ်ကိုရှုလျှင်အသင်္ခတဓါတ်မြတ်လှစွာသော နိဗ္ဗာန်ကိုရမည်။ ဧကောဓမ္မောကိုဘဲ ပြပြသွားကြတော့သည်။

(၁၁၇) [၃၁-ဘုံမှာ သင်္ခတာဓမ္မာသာရှိ၏။] သာဓကမှာ [သင်္ခတာဓမ္မာ အသင်္ခတာဓမ္မာ။] ဒုကမာတိကာပါဠိတော် ဓမ္မသင်္ဂဏီမှ ၃၁-ဘုံမှာ သင်္ခတာဓမ္မာသာ ရှိသည်။ နိဗ္ဗာန်မှာ အသင်္ခတာဓမ္မာသာရှိသည်။ သင်္ခတာဓမ္မာကိုရှုမှ အသင်္ခတာဓမ္မာဆိုတဲ့ နိဗ္ဗာန်ကိုရမည်။ ဧကောဓမ္မောကိုဘဲ အနည်းနည်းဖြင့် ပြနေကြပါသည်။

(၁၁၈) [လောကဓါတ်မို့ ၃၁-ဘုံလောကမှာ ဓါတ်သာရှိ၏။] [စူဠလောကဓါတု မဇ္ဈိမလောကဓါတု၊ မဟာလောကဓါတု၊ အနန္တလောသင်္ခါတု။] အင်္ဂုတ္တိုရ်ပါဠိတော် ဖြစ်ပျက်ကိုလောကဟုဆိုသည်။၎င်းဖြစ်ပျက်လောကဆိုတာ ဓါတ်သဘာဝပါဘဲတဲ့ ဒါကြောင့်ဓါတ်ကိုဘဲ ရှုကြပါ။ ဓါတ်ရှုလျှင် မဂ်ဖိုလ်ရရောတဲ့။

(၁၁၉) ဧကဓမ္မော ဘိက္ခဝေ၊ဘာဝိတော၊ဗဟုလီကတော၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယသံဝတ္တတိ။] တခုထဲရှုပါဆိုတဲ့ ဘုရား၏ စကားတော်။

(၁၂၀) [ဧကာယနော အယံခေါ ဘိက္ခဝေ၊ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ၊ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ၊ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။] တရားတခုထဲရှု၍ တလမ်းထဲနဲ့ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားနေကြပါတဲ့။

(၁၂၁) [ဧကဂ္ဂတာ] သမာဓိံ ဘိက္ခဝေ၊ ဘာဝေထ သမာဟိတော၊ ယထာဘူတံ ပဇာနာတိ။] နိဒါနဝဂ္ဂသံယုတ် ပါဠိတော် တရားတခုမှ ဧကဂ္ဂတာရမည်တဲ့။

(၁၂၂) [အတ္ထတောဧကံ ဗျဉ္ဇနတောနာနာ။] မဟာဝေဒလ္လသုတ်တော်မှ။

ယခုဖေါ်ပြသော ပါဠိလေးပုဒ်မှ ( ပြန်မလာတရားတော်ကြီး တံခါးပိတ်၍ ပါပြီးဖြစ်၍ ဤနေရာ၌ အနက်ရော အဓိပ္ပါယ်ကိုပါ ချင်းချန်ထားခဲ့ပါသည်။ အညွှန်းအတိုင်း ပြန်၍ကြည့်ကြပါ။

(၁၂၃) [မောဂ္ဂလာနထေရောဟိ၊သာဝကာနံသမ္မသနာခါရံ၊ယဋ္ဌိကောဋိယာ ဥပ္ပိဋ္ဌေန္တောဝိယ၊ ဧကဒေသမေဝ သမ္မသန္တော၊သတ္တဒိဝသေ ဝါယမိတွာ၊အရဟတ္တံ ပတ္တော။]

ဥပရိပဏ္ဏာသအဋ္ဌကထာ အနုပဒသုတ်အဖွင့်မှု။ အရှင်မောဂ္ဂလာန်တောင်မှ တစိပ်တဒေသရှု၍ရဟန္တာဖြစ်သွားပါသည်။

(၁၂၄) [သာဝကာဟိ ဧတုန္နံ၊ ဓါတူနံ၊ ဧကဒေသမေဝ သမ္မသိတွာ၊ နိဗ္ဗာနံပါပုဏန္တိ။] မူလပဏ္ဏာသ အဋ္ဌကထာ နံပါတ်-၅၄။ ။ပကတိသာဝက၊မဟာသာဝက၊အဂ္ဂသာဝက၊ အားလုံးတို့တောင်မှ ဓါတ်တပါးထဲ တစိပ်တဒေသကို ရှု၍ မဂ်ဖိုလ်ရကြသည်။

(၁၂၅) ပထဝီဓါတ်ခေါ် ရုပ်ဟုလ အနိစ္စတော၊ ဒုက္ခတော၊အနတ္တတော၊ ဇာနတော၊ ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ဝိစိကိစ္ဆံ ပဇဟတိ၊အဝိဇ္ဇာပဟီယျတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊ ရုပ်ဟုလာသည်။ ပထဝီဓါတ် တခုထဲရှုသဖြင့် အနိစ္စလဲရ၊ ဒုက္ခလဲရ၊အနတ္တလဲရ၊ကိုယ်တွေ့လဲရ၊ဉာဏ်မြင်လဲရ၊ သက္ကာယဒိဋ္ဌိလဲကွာ၊ဝိစိကိစ္ဆာလဲကွာ၊ အဝိဇ္ဇာလဲကွာ၊ ဝိဇ္ဇာလဲရသည်။ တပုဒ်ထဲနှင့်အကျိုး ၁၀-ပါး၊ သစ္စာလေးပါးကိုပါရသည်။ သက်သေဘဲ။

(၁၂၆) [ပထဝီဓါတုသညာ အတ္တေနဝါ၊ အတ္တနိယေနဝါ။]ပဋိသမ္ဘိဒါမဂ်ပါဠိတော်မှ။ ။ပထဝီဓါတ်ကို ရှုလို့ သက္ကာယဒိဋ္ဌိ ၂၀၊ ၂၆၊ ၅၊ ၁၅၊ ၂၅၆၊ ၁၀၊ ၁၀၊၆၂၊၉၆-ပါး စသည်ဘို့ကိုပယ်သတ်နိုင်သည်။တကျောလဲ(၁၀၈)ပါး ပြုတ်ကျသွားသည်။ တကျောကြောင့် ဖြစ်ထားတွေထဲ ဈာပနပြုတ်ကျသွားကြရသည်။

(၁၂၇) {ဣဓါဝုသော ဘိက္ခု၊ အရညဂတောဝါ၊ ရုက္ခမူလဂတောဝါ၊ သုညာဂါရ ဂတောဝါ၊ ဣတိပဋိသဉ္စိက္ခတိ၊ သုညမိဒံ၊ အတ္တေနဝါ၊ အတ္တနိယေနဝါ။} မူလပဏ္ဏာသပါဠိတော်။မဟာဝေဒလ္လသုတ်တော်မှ (နံပါတ်-၃၄၃)ကြောင်းရေ-၂၁၊ ဟံမှု။ ပါဠိ၏ အဓိပ္ပါယ်မှာ ချစ်သားရဟန်း ဤသာသနာတော်၌ ရဟန်းသည်။ တောအရပ်သို့ ကပ်၍ သစ်ပင်ရင်းသို့ကပ်၍ ဆိတ်ငြိမ်ရာသို့ကပ်၍ ဤပုံစံအတိုင်း ဆင်ခြင်သည်။ဧသိ၊ပူသိ စသော ဓါတ်တရား၊ ကလာပ်တရား မရမတ်တရားတွေဟာ အတ္တမှရင်း။ အတ္တနိယမှရင်း။ ဝါ၊ (တဏှာ တရော့ရှစ်ပါးမှရင်း။ ဆိတ်၏သဉ်း၏။ (ဒိဋ္ဌိခွါပုံ၊ တဏှာခွါပုံပြသည်။

(၁၂၈) {ကောဓမ္မော၊ ယထာသမ္ဘဝံ၊ ဝိဒဟာတိ၊ ဓိယ တိဘိ၊ အာဒိနာ၊ အတ္တဝသေန၊ ဓါတုတိ ဝုစ္စတိ။} (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယ နံပါတ်-၁၀၂၊ ကြောင်းရေ-၃ သုမှု။ ကောဓမ္မော ဆိုတာ၊ ဓါတ်သဘာဝ၏ အစွမ်းအားဖြင့် (၃၁)ဘုံ၌ရှိသမျှဟာ အားလုံး ဓါတ်ပါဘဲဟူ၍ ကော ဓမ္မောဖြစ်ရတာ။

(၁၂၉) {သဉ်တတောတိ၊ စက္ခုမ္ပါတုတာဝ၊ ဇာတိ တော ကောဓမ္မာတော့ဝ၊ သဉ်ဂစ္ဆတိ။} (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ(ဒုတိယ)နံပါတ်-၁၀၄၊ ကြောင်းရေ-၁၆ သုမှု။ ဥပမာ၊စိတ် ၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ဟာ သဉ်တဓါတ်ပါဘဲဟု၊ ဒီပုံယူလို့ ကောဓမ္မော ဖြစ်

ရသည်။ ယခု ရှင်းပြသော သဘောတရားတွေကို (ကော ဓမ္မော)ဟူ၍ ကောက်ယူရာ၌(စက္ခုဓါတုတာဝ၊ဇာတဓတော ကောဓမ္မောတွေ၀ သင်္ဂဏှတ်။)ဟူ၍ ဝိနိစ္ဆယ ပြုပါ၍ ဓါတ်ဆိုတာ မူလ ဇာတိ၏ အမည်ပါဘဲ။ စက္ခုဆိုတာ မူလီ သတ္တိ၏အမည်ပါဘဲ။အရာရာတိုင်း၌ ဤလိုသိကြပါ။ (ပြပါ ဦးမည်။ဓါတ်နဲ့ရုပ်ဟာ ဘယ်ဒင်းက ဇာတိမူလလဲ၊ ဘယ်ဟာ က မူလီလဲဟုမေးလျှင် (သီတေနာပိရုပ္ပတိ ဇာနာတ်) ဟူ သော ပါဠိကိုကြည့်ကြပါ။ (ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်နှင့် ဝိဘင်း အဋ္ဌကထာပါ။ သောဓါတ်က မူလ၊ ဇာတိပါ။ ရုပ္ပတိ ဖေါက်ပြန်လို့ ရုပ်ဟုခေါ်ရတာက မူလီပါ၊ပဝတ္တိပါ ဒီပုံချည်းဘဲဖြေကြပါ။(လောကဓါတ်)ကိုဘဲပြန်၍ကြည့်ကြ ပါဦး။ဓါတ်ကမူလဇာတိပါဘဲ။ (လောက)က ဖြစ်ပျက်ံ့ မူလီ၊ပဝတ္တိပါဘဲ။အရာရာတိုင်း၌ ဤပုံ ဇာတိကလွတ်ကြဘဲ ဟောပြကြပါ။ (မြတ်စွာဘုရားကပင် သားတော်ရာဟုလာ ကိုကယ်ချွတ်ရင်းဟောပြတော့ [ပထဝီဓါတုံခေါ် ရာဟုလ အနိစ္စတော၊ဒုက္ခတော၊အနတ္တတော၊ဇာနတော၊ပဿတော သက္ကာယဒိဋ္ဌိ ပဇဟတိ၊ ဝိစိကိစ္ဆာ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ။ ]ဟူ၍ မူလ ရေသောက်မြစ်ဖြစ်သော ဓါတ်နဲ့ ဘဲ။ (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ အဝိဇ္ဇာကို ပယ်သတ်၍ ဝိဇ္ဇာကိုးပါးကို ပေးပေးနေပုံက ဘုရားပင် သက်သေဖြစ်၍ ခိုင်မာလှပါ ပေသတည်း။

## (၁၃၀) ဧကောဓမ္မော တရားတခုထဲရှုကို့ အများကြီးရနေကြပုံမှာ

(ထမင်းတမျိုးထဲစားပေမဲ့ ထမင်းဝခုကြောင့် ပြင်ကြရသည်တို့ကား ဆံပင်ပေါင်း ၃-ကုဋေ၊၆-သန်း။မွေးညှင်းပေါင်း ၉-သန်း၊၉-သိန်း၊အကြောပေါင်း (၇၀၀၀)ကျော် အရိုးပေါင်း(၃၀၀)နှင့်တကွ၊ ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊၆၆-ကောဋ္ဌာသ၊ ၉၆-ကောဋ္ဌာသ၊ စိတ် ၁၂၁-ပါး။ စေတသိက် ၅၂-ပါး။ရုပ် ၂၈-ပါးတို့နှင့်သက်သေပြ၍ဟောကြပါလေ။

(၁၃၁) သာရဒရသေ့ကြီးဟာ အနောမဒဿီမြတ်စွာဘုရားအား ပန်းတမျိုးထဲလှူခဲ့တော့ ကမ္ဘာပေါင်းတသင်္ချေနှင့်ကမ္ဘာပေါင်းတသိန်းခလောက်အကျိုးပေး၍နေပါသည်။

(၁၃၂) [ဧကာပုပ္ဖံ ယဇိတွာန၊ အသီထိကပ္ပ ကောဋိယော၊ ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပုပ္ဖဒါနဿိဒံ ဖလံ] ပန်းပွင့်တမျိုးထဲလှူမိလို့ ကမ္ဘာပေါင်းကုဋေ (၈၀) အထိအပါယ်တံခါးပိတ်၍ ပေးနေပုံကို မဏိသာရမဉ္ဇူသာ ဋီကာစသည်တို့၌ပြထားပါသည်။

(၁၃၃) ပိန္နဲစေ့တခုကိုစိုက်ကြည့်ပါ၊ ဆယ်နှစ်ခန့်ကြာတော့ ပိန္နဲတစေ့ကြောင့် ပိန္နဲပင်၌ အသီးပေါင်း၊ အပွင့်ပေါင်း၊ အရွက်ပေါင်း၊ အကိုင်းငယ်ပေါင်း၊ အခက်အလက်ပေါင်း များပြားစွာ ဖြစ်ပေါ်၍ပေးပေး နေတာကို တနိုင်ငံလုံးတကမ္ဘာလုံးအသိပါဘဲ။

(၁၃၄) နာနာသန္တဇာတ်မှာ ပုရောဟိတ်ပုဏ္ဏားကြီးဘဦးထဲက မိမိကိစ္စတခုဟဲကို ဇောက်ချပြီး ရှိသေစွာပြုသဖြင့် ပုရောဟိတ်ရာထူးကိုလဲရသည်၊ မယား၊ သား၊ ချွေးမ၊မြေး၊ မြစ်တို့၏ နာနာသန္တအတိုင်းလဲ များစွာကိုရကြသည်၊ တခုကြောင့်များစွာရပုံပါဘဲ။

(၁၃၅) ဥပမာပြဦးမည်၊ ၅၅၀-ဇာတ်တော်၌ ဒဓိဝါဟနမင်းလောင်းဟာ မှူးမတ်ထောင်သောင်းတို့ကိုနဲနဲမျှဒုက္ခမပေးဘဲနှင့်လိုရင်းဖြစ်သော ဗာရာဏသီမင်းကို တဦးထဲသာ ပေါက်ဆိန်ကြီးကို လွှတ်လိုက်ပြီး လည်ပင်းဖြတ်၍ သတ်စေသည်။ တဦးထဲဖြတ်ပြစ်ထားနှင့် အားလုံးကိစ္စပြီးစီးရသည်။ ကမ္မဋ္ဌာန်းကိုအားထုတ်ရာ၌ ပဓါနတခုကိုသာ သဲသဲမဲမဲ၊မြဲမြဲစွဲစွဲ ကျင့်ကြံလျှင် ဆိုဝ်ရာတွေ့ သိန်းသန်းပါ ကိစ္စပြီးစီး၏။ ကြွက်နို့ကိုသတ်ရာ၌ မူလဖြစ်သော ကြွက်နို့ကိုသတ်ထားနှင့် ဘေးဘကြွက်နို့ ရောဂါတွေဟာလဲ ချုပ်ငြိမ်းပပျောက်ရပုံကို သိကြပါလေ။

## (၁၃၆) ကောဓမ္မှာအရ အများပေမဲ့ တခုထဲဖြစ်လာရပုံနမူနာအစုံပြမည်

| | |
|---|---|
| မိမ္မ | ဟောကျား |
| ၁၅၀၀ | ၁၅၀၀ |
| ပြဟ္မာ | နတ် |
| ၁၅၀၀ | ၁၅၀၀ |

၃၁-ဘုံမှာ မိမ္မတယောက်ထဲ၌ (၁၅၀၀) မီးကြီး တွေက လောင်လောင်နေသည်။ အားလုံးမိန်းမများအတွက် မီးဘယ်မျှ များပြား လာမည် နည်း။

ယောကျ်ားတဦးထဲ၌ ၁၅၀၀–မီးလောင်ခဲ့ရာ ယောကျ်ား တိုင်း၌မီးဘယ်မျှ၊ နတ်တဦးထဲ၌ပင် ၁၅၀၀–မီးလောင်နေ ပေရာ နတ်တိုင်းမှာမီးဘယ်မျှ၊ ဗြဟ္မာတဦးထဲ၌ပင် ၁၅၀၀ မီးလောင်နေပေရာ ဗြဟ္မာတိုင်းနဲ့တွက်ကြည့်လျှင်မီးဘယ်မျှ လဲ၊ အဲဒါ ၃၁–ဘုံ၌ မီးလောင်ခြင်းကိုခံနေကြရသော ဒုက္ခ တမျိုးကိုပြသည်။ (ဒါကြောင့် ၃၁-ဘုံမှာ ဒုက္ခသစ္စာတခုကို ရှုကြရပုံပြသည်။)

(၁၃၇) ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခနဲ့ ချည်းဖြစ်ကြရတာမို့ ဒုက္ခတခုကိုဘဲ ရှုကြပါ။ (သမုဒယ၊ မဂ္ဂ၊ နိရောဓပါအမြတ်ရလာမည်၊ သစ္စာလေးပါးပါရလာ မည်သာဘည်း။)

(၁၃၈)ဒါနဒုက္ခ၊သီလဒုက္ခ၊သမထဒုက္ခဝိပဿနာဒုက္ခမို့ ဒုက္ခသစ္စာတခုကိုရှုပါ(သမုဒယ၊မဂ္ဂ၊ နိရောဓသစ္စာ ၃-ပါး အမြတ်ရကြမည်၊ သစ္စာ ၄-ပါးရမည်။)

(၁၃၉) စိတ် ၁၂၁-ပါးဒုက္ခ၊စေတသိက် ၅၂-ပါးဒုက္ခ ရုပ် ၂၈-ပါးလဲဒုက္ခ၊ ဒုက္ခသစ္စာတပါးရှုပါ။ သမုဒယ၊ မဂ္ဂ၊ နိရောဓသစ္စာအမြတ်ရကြမည်။]တန္ဓယ်ငင်တစဉ်ပါ] အသီး တရာ၊ အညာတခုပါ၊ တချက်ခုတ်အားလုံးပြတ်ပါဘဲ။

[ပဋ္ဌက္ခန္ဓာ၊ ဝိပဿနာဘူမိ] အရ၊ ခန္ဓာ ၄ါးပါးဟာ ဝိပဿနာရှုဘို့ အောင်မြေပါဘဲတဲ့။ ဒီလိုဆိုတော့ ဥပါဒါ နက္ခန္ဓာကိုယ်ကြီးထဲမှ (၁) စိတ် ၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ထွက်လာသည် ဒုက္ခသစ္စာ ပါဘဲ။

(၂) ခန္ဓာ ကိုယ်ထဲမှ ဇွဲ-ဖြာရောဂါများထွက်လာပါသည် ဒုက္ခသစ္စာဟုရှုဘိုပါဘဲ။ (၃) ခန္ဓာကိုယ်ထဲမှ (၁၅၀၀) ကိ လေသာများထွက်ပြပါသည်၊ ဒုက္ခသစ္စာဟုရှုဘိုပါဘဲ။ (၄) ခန္ဓာကိုယ်ထဲမှ ဒါန၊သီလ၊သမထစသည်တို့ထွက်ပြပါသည်၊ ဒုက္ခသစ္စာ ရှုဘိုပါဘဲ။ (၅) ခန္ဓာကိုယ်ထဲမှ လေ၊ ညှော်၊ အသံ၊ အနံ့ များထွက်ပြပါသည် ဒုက္ခသစ္စာရှုဘိုပါဘဲ။ (၆) ခန္ဓာကိုယ်ထဲမှ လောဘ၊ ဒေါသ၊ မောဟ အကုသိုလ်တွေ ထွက်ပြပါသည် ဒုက္ခသစ္စာဟုရှုဘိုပါဘဲ။ (၇) ခန္ဓာကိုယ်ထဲမှ ဆာ၅င်း၊ တော်ခြင်း၊ ပျင်းခြင်း၊ အိပ်ငိုက်ခြင်း၊ ထုံကျင်ခြင်း ဘောင်တင်းခြင်း စသည်တို့ထွက်ပြတယ် ဒုက္ခသစ္စာဟုရှုဘို ပါဘဲ။ ၎င်းခုနစ်စု သဘောတွေဟာ တအိမ်ထဲနေတွေပါ၊ တရွာထဲနေ၊ တရေထဲသောက်၊ တလမ်းထဲလျှောက်၊ တလှေ ထဲစီးတွေပါဘဲ။ ဒီလိုညီအကို မောင်နှစ်မပမှာ အတူတူဖြစ် ကြပေမဲ့ (၁) အစုကိုမှ ပရမတ် တရားဘဲဟုအမှန်အကန်သိ ကြတယ်။ ၎င်းမှကြွင်းကျန်သော (၂)အစု ဇွဲ-ဖြာရောဂါ ကိုတော့ ရောဂါလေ၊ ဝေဒနာလေ့နဲ့ မိစ္ဆာကပ်နေကြ တယ်။ (၃)အစု (၁၅၀၀) ကိုတော့ ကိလေသာမိစ္ဆာဉာဏ် ဖြစ်နေကြတယ်။ (၄) အစု ဒါ၊ သီ၊ ထကိုတော့ ကုသိုလ် မိစ္ဆာဉာဏ်တဝက်လောက်ငြိနေကြတယ်။(၅) အစု လောဘ ဒေါသ၊ မောဟ စသည်များကိုတော့ အကုသိုလ်ဟု မိစ္ဆာ ဉာဏ်ငြိကပ်၍နေကြတယ်။ (၆) အစု လေ၊ ညှော်၊ အသံ၊ အနံ့ များကိုတော့ ရိုးရာဟုမိစ္ဆာဉာဏ်ငြိကပ်၍နေကြတယ်။

(၇) အစု ဆာခြင်း၊ ငတ်ခြင်း၊ ပျင်းခြင်း၊ ငိုက်မြီးခြင်း စသည်များကိုတော့ ဓမ္မဘာဘဲဟုမိစ္ဆာဉာဏ် ငြိကပ်၍နေကြ တယ်။ (အားလုံး ၇-စုသားတွေဟာတအိမ်ထဲနေကြသူတွေ ပါ၊ တရေထဲသောက်တွေပါ၊ တရွာထဲနေသူတွေပါ၊ တ လှေထဲစီးသူတွေပါ၊ တခရီးထဲရှောက်သူတွေပါ အားလုံး (သဘောတရားချည်းပါဘဲ) သဘောဟုတ်မှလောကုတ္တရာ ချည်းပါဘဲ၊ ဒုက္ခသစ္စာတခုထဲပါ၊ ဒုက္ခသစ္စာဘဲဟု ရှုနိုင် သော် သမုဒယသစ္စာကိုပယ်မည်၊ ဒုက္ခနဲ့သမုဒယဟုအမှန်သိ လာမည်၊ အဲဒါမဂ္ဂအစ္စာပါဘဲဟုအမှန်သိလာတော့ အမှား သိတွေ အမှန်ချုပ်ငြိမ်းသွားမည်၊ ဒါဟာနိရောဓ သစ္စာပါ ဘဲ။

(၁၄၁) ဧကာဒသနိပါတ် ပါနိယဇာတ်တော်မှာ။ ပဲ ကောက်၍နေကြသောကူလီတွေဟာ လောဘကို၊ ကုက္ကုစ္စကို ဒုက္ခသစ္စာဟုရှုသဖြင့်၊ သမုဒယပယ်၍၊ မဂ္ဂသစ္စာရပြီး နိရောဓ သစ္စာဆိုက်၍ ပစ္စေကဗုဒ္ဓါတွေဖြစ်ကြရပုံကို သက်သေပြကြ ပါလေ။

(၁၄၂) စကုသစ္စဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိတဲ့။ ၃၁ ဘုံမှာ ရှိရှိသမျှ သဘောတွေဟာ သစ္စာ ၄-ပါးချည်းတဲ့။ သစ္စာ ၄-ပါးမှလွတ်၍နေတာဟာတခုမျှမရှိတော့ပါ။

(၁၄၃) (ကမ္မဋ္ဌာနဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိ) ၃၁- ဘုံမှာ ရှိရှိသမျှ သဘောတွေဟာ ကမ္မဋ္ဌာန်း ချည်းဘဲတဲ့။ ကမ္မဋ္ဌာန်းမှလွတ်၍နေတာတခုမျှမရှိကြပါ။

(၁၄၄) (ပရမတ္ထဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိ) ၃၁-ဘုံ၊ ၁ ရှိရှိသမျှသဘောတွေဟာ **အားလုံး**ဟာ ပရမတ်ချည်းဘဲတဲ့၊ ပရမတ်မှလွတ်ထားဟူ၍တခုမှမရှိတော့ပါ။

(၁၄၅) (အဘိဓမ္မတ္ထဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိ) တဲ့ အဘိဓမ္မာ၏အနက်တွေဟာ ၃၁-ဘုံမှာရှိရှိနေကြတဲ့သဘောတွေပါဘဲ၊ အဘိဓမ္မတ္ထမှလွတ်၍နေတာတခုမှမမှုပါပေ။

(၁၄၆) ပြဟ္မာတဦးထဲကိုနမနာပြမည်။အခေါ်မျှသာ ပြဟ္မာပါ။ သဘောမှာတော့ ပဋိစ္စသမုပ္ပါဒ် (၁၈) ပါး၊ (၁၉) ပါး သဘောတရားသာ ရှိ၍နေပါတယ်။ အဝိဇ္ဇာဒု၊ သင်္ခါရဒု၊ ဝိညာဉ်ဒု၊ နာမ်ရုပ်ဒု၊ သဠာယတနဒု၊ ဖဿဒု၊ ဝေဒနာဒု၊ တဏှာဒု၊ဥပါဒါန်ဒု၊ ဘဝဒု၊ ဇာတိဒု၊ ဇရာဒု မရဏဒု၊**သောက**ဒု၊ ပရိဒေဝဒု၊ဒေါမနဿဒု၊ ဥပါယာသဒု၊ ဒုက္ခက္ခန္ဓဒု၊ (၁၈) ပါး၊ (၁၉) ပါး ဒုက္ခချည်းဘဲ၊ ဒုက္ခသစ္စာဟူရုပါလျှင် **ကျန်သောသစ္စာ** ၃-ပါးပါ အမြတ်ရ၍ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည်၊ ဤ၌ပြဟ္မာတဦးထဲကိုနမူနာပြပေမဲ့ အားလုံးသောပြဟ္မာတွေ၌ ဤနည်းဒုက္ခတခုထဲပါဘဲ။

(၁၄၇) **နတ်တဦးထဲ**သာ ဝေါဟာရဖြင့်ခေါ်ရသည်။ နတ်များမှာ ရှိတာတွေဟာ ပဋိစ္စသမုပ္ပါဒ်ပါဘဲ၊ ဇ္ဇာ၊ သံ၊ ဝိ၊ နာမ်၊ သ၊ ဖ၊ ဝေ၊ တဏှာ၊ ဥ၊ ဘ၊ ဇာ၊ ဇ၊ မ၊ သ၊ ပ၊ ဒု၊ ဒေါ၊ ဥ၊ ဒုက္ခက္ခန္ဓ။ ၎င်းပဋိစ္စသမုပ္ပါဒ် ၁၈-ပါး ၁၉ ပါးလဲ ဒုက္ခသစ္စာတခုထဲပါ၊ ရှုလျှင်သစ္စာ ၄-ပါးလုံးအမြတ် ရမည်၊ မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည်။

(၁၄၈) လူတဦးထဲသာ ဝေါဟာရဖြင့် ခေါ်ရပေမဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေပါ။ ဇ္ဇာ၊ သံ၊ ဝိ၊ နာမ်၊ သဠ၊ ဖ၊ ဝေ၊ ဏှာ၊ ဥ၊ ဘ၊ ဇာ၊ ဇ၊ မ၊ သ၊ ပ၊ ဒု၊ ဒေါ၊ ဥ၊ ဒုက္ခက္ခန္ဓာ ၁၉-ပါး အားလုံးဟာဒုက္ခသစ္စာတခုထဲပါ၊ ရှုလျှင်သစ္စာ ၄-ပါးလုံးကိုရမည်။

(၁၄၉) သတ္တဝါဟု ဝေါဟာရဖြင့်ခေါ်ရပေမဲ့ ပဋိစ္စသမုပ္ပါဒ်တွေပါဘဲ။ ဇ္ဇာ၊ သံ၊ နာမ်၊ သဠ၊ ဖ၊ ဝေ၊ ဏှာ၊ ဥ၊ ဘ၊ ဇာ၊ ဇ၊ မ၊ သ၊ ပ၊ ဒု၊ ဒေါ၊ ဥ၊ ဒုက္ခက္ခန္ဓာ ၁၉-ပါး အားလုံးဘို့ဟာ ဒုက္ခသစ္စာတခုရှုဘို့၊ ရှုလျှင် သစ္စာ ၄-ပါးလုံးရမည်။

(၁၅၀) ၃၁-ဘုံမှာ (သဘောတရား) တွေဟာ ဒုက္ခသစ္စာတခုထဲပါ ရှုမှသမုဒယပယ်မည်၊ ပယ်မှမဂ္ဂသစ္စာရမည်၊ ရမှနိရောဓမြင်မည်၊ တနွယ်ငင်တစဥ်ပါX အသီးတရာအညှာတခုပါ၊ တချက်ခုတ် အားလုံးပြယပါဘဲဟု သိထားကြပါလေ။

| | | |
|---|---|---|
| (၁၅၁) | ဘာရာဟဝေပဥ္စက္ခန္ဓာ | လောကေ၊ ၃၁ ဘုံ |
| | ဘာရဟာဝေါစပုဂ္ဂလော | လော က ကြီး ထဲ ၌ |
| | ဘာရာဒါနံဒုက္ခံလောကေ | ပဥ္စက္ခန္ဓာ၊ ခန္ဓာငါး |
| | ဘာရနိက္ခိပနံသုခံ | တန် ရုပ်နာမ်နှစ်ပါး |

သင်္ခါရတရားတို့သည်။ ဟာဝေ၊ စင်စစ်ဧကန်အမှန်အားဖြင့်။ ဘာရာ၊ ဝတ်စရာ၊ စားစရာ မပြတ်ပေး၍ ကျွေးမွေးစောင့်

ဘေးမရောက် ရအောင် ချီးမြှောက် ပေးခဲ့ သောကြောင့် လေးလန်သော ဝန်ထုတ်ကြီးမည်ပါပေ၏။ ။ပုဂ္ဂလောစ၊ ခန္ဓာဝန်ကို ထမ်းဆောင်တဲ့ နေ့ရက်ကစ၍ ဘာရဟာရော၊ ဝန်ထုပ်ကြီးကို ထမ်းပိုးရသော ကူလီသမားကြီးမည်ပါပေ ၏။ ဘာရဒါနံ၊ ဘာရအာဒါနံ၊ ပဋိသန္ဓေနေတဲ့ နေ့ကစ၍ ဒုက္ခ၊ ညီညွှင်ပင်ပန်းလှပါပေ၏။ ဘာရနိက္ခေပနံ၊ ခန္ဓာဝန် ကို အဆုံးစွန်ပြစ်ချလိုက်တော့ကမှ ပြည်နိဗ္ဗာန်ကိုဝင်စံ၍နေ ရခြင်းသည်။ သုခံ၊ တွေးတွေးဆဆ၊ ဘေးမခဘဲ၊ ဧမြမြ ချမ်းသာလှပါပေသတည်း။

(နိဗ္ဗာနံ၊ အာဂမ္မ၊ ရာဂါဒယောဒိယန္တိ) နိဗ္ဗာန်ကိုအာ ရုံပြု၍ ရာဂအစရှိသော (၁၅၀၀) ကိလေသာတို့သည်ရင်း။ အာသဝ-၄၊ ဩဃ-၄၊ ယောဂ-၄၊ ဂန္ထ-၄၊ ဥပါဒါန်-၄၊ နီဝရဏ ၆-ဂ၊ အနုသယ၊ သုတ္တန်သံယောဇဉ် ၁၀-ပါး၊ အဘိဓမ္မာသံယောဇဉ် ၁၀-ပါး၊ ကိလေသာ ၃-ပါး ၁၀- ပါး၊ ၁၅၀၀ အကုသိုလ်ဒုစရိုက်တို့သည်ရင်း။ ကုန်ခမ်းရကုန် နိရောဓချုပ်ငြိမ်းရကုန်၏။ ဒါ့ကြောင့်နိဗ္ဗာန်ဟု ခေါ်သည်။

[နိဗ္ဗာန်၌ (နိ) တပုဒ်။ (ဗ္ဗာန) တပုဒ်။ (နိ) က မရှိ ခြင်း။ (ဗ္ဗာန) က သမုဒယအကြောင်းပါ ရင်းနှစ်ခုဖေါင်း စပ်တော့(နိဗ္ဗာန)သမုဒယာအကြောင်းမရှိတော့ပြီတဲ့။]

(နိရောဓ) ၌ (နိ) တပုဒ်။ (ရောဓ) တပုဒ်။ (နိ) က မရှိခြင်း။(ရောဓ) က သမုဒယဆိုတဲ့ထောင်ကြီး၊နှောင်အိမ် ကြီး ၂-ခုပေါင်းစပ်တော့။ (နိရောဓ) သမုဒယထောင်ကြီး

နေ့ခင်းအိမ်ကြီးမရှိတော့ဘူးတဲ့။ နိဗ္ဗာန်ဆိုတာအကြောင်း ဖြတ်၍အကျိုးပါ ရပ်သောတရားပါဘဲ။ ဒါ့ကြောင့်အစဥ် ရေးခဲ့သော (၁) ဘာရာဟဝေပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး တရားဟာ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ကြီး။ (၂) ဤဝန်ထုပ် ကြီးကို ပုဂ္ဂိုလ်ရှိမှ ပုဂ္ဂိုလ်က ထမ်းဆောင်နေတဲ့ ကူညီပါဘဲ။ (၃) ခန္ဓာကိုရအောင် ဒါန-သီလ-သမထကိုပြု၍ဆုတောင်း ခြင်းကား တဏှာကြီးလေးလှသော သမုဒယသစ္စာပါဘဲ။ (၄) ခန္ဓာကိုယ်ကို စွန့်ပယ်ပြစ်ချ လိုက်ခြင်းကား။ အလွန်အလွန် ကြီးကျယ်လှသော မဟာချမ်းသာကြီးဘဲဟုဆိုသည်၊ ဒါဟာ နိဗ္ဗာန်ကိုအာရုံပြုနိုင်မှ ဒီလိုမဟာသုခကြီး (ပဝရသုခ) ကြီး ကိုရနိုင်ကြတာပါ။ ဉာဏ်စဉ်တက်၍ ဖိုလ်မဂ် နှင့် နိဗ္ဗာန်ကို အာရုံပြုကြပါလေ။ (လေ့ာဘာ၊ ခီယန္တိ နိဗ္ဗာနမ္ပိ။)

(၁၅၂) ပဋိစ္စသမုပ္ပါဒ် ၁၉-ပါး၌ ပါရှိသော အစုပြ လက်ာမှာ [ကာလသုံးဆစ် ဆဲ့နှစ်အင်္ဂါ ခြင်းရာနှစ်ဆယ် လေးသွယ်အလှာ သုံးဖြာအစပ် သုံးရပ်ဝဋ္ဋ်ဖြစ်၊ အမြစ်နှစ် ပါး။ သရုပ်ကြားသည်။ တရားပဋိစ္စသမုပ္ပါဒ်တည်း။

ပဋိစ္စသမုပ္ပါဒ် ၁၉-ပါး၌ ပါဝင်၍ နေကြသောအစုမှာ (၁) မူလ ၂-ပါး။ (၂) အစပ် ၃-ပါး။ (၃) ဝဋ္ဋ်သုံးပါး။ (၄) အလှာလေးပါး။ (၅) အခြင်းအရာနှစ်ဆယ်။ (၆) အင်္ဂါ တဆဲ့နှစ်ပါး။ (၇) မီးတဆဲ့တပါး။ ဒုက္ခ ၇-စု ရှိနေ၍ ဒုက္ခသစ္စာရှုကြပါ။ ရှုလျှင် သစ္စာလေးပါး အမြတ်တွေ့ရ လာမည်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ပါရမည်။

(၁၅၃) [သုကဏ်း အဝိဇ္ဇာ၊ သင်္ခါရလမ်းမှား၊ လဲသွား ဝိညာဉ်၊ နာကျင်နာမ်ရုပ်၊ ငြိငုတ်သဠာ၊ ထိလာဖဿ၊ နာလှ ဝေဒနာ၊ တဏှာဆေးကု၊ ဘေးပြုဥပါဒါန်၊ လိမ်းကျံဘဝ များထအစ၊ ဖြစ်လာဇာတိ၊ နာဘိဗ္ဗပါကိပ်ပြဲ၊ အင်္ဂကွဲမရဏာ ဆဲ့နှစ်ဝသည်၊ ပဋိစ္စစက် ဆင်းရဲတည်း။ (အရှင် ဣန္ဒာစက္က )၏လင်္ကာ။ ယခုပြသောလင်္ကာအတိုင်းလဲဒုက္ခသစ္စာ တခုထဲပါ။ ရှုပါ။ သစ္စာလေးပါး အမြတ်ရမည်။

(၁၅၄) သမုဒယသစ္စာဆိုတာ အကြောင်းမှန်ပယ်ဘို့ ပဟာတဗ္ဗတရားစုပါ။ သမုဒယ အကြောင်းကို ပယ်တာ သမုဒယသစ္စာချည်းဘဲ။ (၁) ဒါနပြုတော့ဘာကိုပယ်သနည်း (၁) ကျပ်လှူလျှင် ၁-ကျပ်ဘိုး။ တဏှာ၊ လောဘ၊ သမုဒယကို ပယ်သည်။ (၂) သီလပြုတော့ ဘာကိုပယ်သနည်း။ ဒေါသကို ပယ်သည်။ သမုဒယကိုပယ်သိ။ (၃) သမထပြုတော့ ဘာကို ပယ်သနည်း။ မောဟသမုဒယကိုပယ်သည်။ (၄) ဝိပဿနာပြု တော့ ဘာကိုပယ်သနည်း။ ဒိဋ္ဌိ၊ အဝိဇ္ဇာကိုပယ်သည်။ (၅) သောတာပတ္တိမဂ်က ဒိဋ္ဌိ, ဝိစိ, သီလဗ္ဗတပရာမာသ သမုဒယ သစ္စာကိုပယ်သည်။ (၆) သကဒါဂါမိမဂ်က ကာမ, ရာဂ, ဗျာ ပါဒအကျန်း သမုဒယသစ္စာကို ပယ်သည်။ (၇) အနာဂါမိ မဂ်က၊ ကာမ, ရာဂ, ဗျာပါဒ, အနုသမုဒယသစ္စာကိုပယ်သည် (၈) အရဟတ္တမဂ်က ကျန်ကိလေသာ အကုသိုလ် သမုဒယကို ပယ်သည်။ (၉) နိဗ္ဗာန်က ရုပ်နာမ် သမုဒယသစ္စာကို ပယ် သည်။ ပဟာတဗ္ဗတွေဟာ သမုဒယသစ္စာချည်းဘဲတဲ့။

## (၁၅၅) ဆင်းရဲသံသရာကြီးပြတ်သွားပုံ တရားတော်ကြီး

(၁) အဝိဇ္ဇာမုဒ္ဒါတိဇာနာဟိ
ဝိဇ္ဇာမုဒ္ဒ ါဓိပါတိနီ
သဒ္ဓါသတိ သမာဓီဟိ
ဆန္ဒဝီရိယေန သံယုတ ါ

သုတ္တ နိပါတ် ပါဠိ တော် ပါရာယနသုတ်တော်မှဂါထါ အဝိဇ္ဇာ အမှန်လေးချက် သဘောနက်ကို ဖုံး၊ ဝှက် ပိတ်ကာ အဝိဇ္ဇာဆိုတဲ့ မောဟာကို ဗုဒ္ဓါတိ၊ ၁၅၀၀-ကိလေသာတို့၏ ဦးကျောင်းငယ်ထိပ်ဟူ၍။ ဇာနာဟိ၊ သိထားပါလော့။ သဒ္ဓါ သတိ သမာဓီဟိစ၊ သဒ္ဓါ၊ သတိ၊ သမာဓိတို့နှင့်ရင်း။ ဆန္ဒ ဝီရိယေနစ၊ ဆန္ဒဝီရိယနှင့်ရင်း၊ သံယုတာ မကွေ့မကွာ ယှဉ်တွဲ၍ နေသော။ ဝိဇ္ဇာ၊ ဝိဇ္ဇာငါးပါးကို။ မုဒ္ဓါဓိပါတိနီ၊ ၁၅၀၀-ကိလေသာတို့၏ ငယ်ထိပ် ဦးကျောင်းကို။ တောင်း တောင်းနေအောင် ဖြတ်တတ်သော အကြောင်း တရားဟူ၍။ဇာနာဟိ၊သိ၍ထားပါလော့။ (အဝိဇ္ဇာကို ဝိဇ္ဇာက ဖြတ်တောက်တော့သည်ဟူ၏။

(၂) [အဝိဇ္ဇာယ ကိလေသသီသတ္တာ။] နိဒ္ဒေသဝဂ္ဂ သံယုတ်အဋ္ဌကထာ။နံပါတ်-၁၈၊ကြောင်းရေ-၂ လုပ်သားမူမှ အဝိဇ္ဇာဆိုတာ(၁၅၀၀)ကိလေသာတို့၏ဦးကျောင်းဖြစ်သော ကြောင့်တဲ့။ ဒီလိုဆိုတော့ (ကိလေသသီသံအဝိဇ္ဇာ) ဟူ၍ သိရသည်။ (အဝိဇ္ဇာသည်။ ၁၅၀၀-ကိလေသာ၏ဦးကျောင်း တည်း။)

(၃) [ဝဋ္ဋမူလံအဝိဇ္ဇာ] မူလ ပဏ္ဏာသ အဋ္ဌ ကထာ နံပါတ်-၁၉၁၊ ကြောင်းရေ-၁၄ ပြည်ကြီးမူမှ။ ။အဝိဇ္ဇာ သည် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ၃-ပါးတို့၏ မူလ၊ ဘူတ၊ ပဓာတူပတည်း။

(၄) [ဓါတုံခေါ်ဘိက္ခု၊ အနိစ္စတော၊ ဇာနတော၊ ပဿ တော၊ ဘိက္ခုနော၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ] သဠာ ယတနဝဂ္ဂသံယုတ်ပါဠိတော်။ နံပါတ်-၃၅ ကြောင်းရေ-၂ ဟံမူမှ၊ ဓါတ်နဲ့အဝိဇ္ဇာသတ်၊ သေရပုံပြသည်။

(၅) [ပထဝီဓါတုံခေါ်ရာဟုလ၊အနိစ္စတော၊ ဒုက္ခတော အနတ္တတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ ပဇဟ၊ ဝိစိကိစ္ဆံ ပဇဟတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာဥပ္ပဇ္ဇတိ] မဟာ ရာဟုလောဝါဒဟုတ်တော်မှ။ ဓါတ်တရားနှင့်အဝိဇ္ဇာကိုပြော ချပြစ်သော် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါနမဿ၊ ဥပါယာ သ၊ ဒုက္ခက္ခန္ဓသဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သံသရာကြီး ပြတ်သွား ပါပြီ။ သို့ကြောင့် မူလ ၂-ပါး၊ ဝဋ်သုံးပါး၊ အစပ်သုံးပါး၊ အလွှာလေးပါး၊ အခြင်းအရာ-၂၀၊ အင်္ဂါ ၁၂-ပါး၊ မီး ၁၁-ပါးရော အားလုံး ဈာပနပြာကျ၍ ကုန်ခမ်းချုပ်ငြိမ်း ကင်းပျောက်သွားတော့သည်။ ဒါ့ကြောင့် အပါယ်ဒုက္ခတွေ လူ့ဒုက္ခတွေ အားလုံးကင်းငြိမ်း၍ ဧေ-မြမြ, ရှင်ရှင်-ပြပြ ဘေးမခတော့ဘဲ ပီတိသောမန်ဿတွေဖြစ်၍နေတော့သည်။

## (၁၅၆) စိတ်ထားညံ့လို့အဝီစိနှစ်ဘဝရသွားပုံ

| | | |
|---|---|---|
| ရဟန္တာကို | လူညံ့ | မိစ္ဆာဒိဋ္ဌိကိုတော့ |
| ဒုဿီလတဲ့ | မနောကံတိုက်သွား | ရဟန္တာတဲ့ |
| အဝီစိတဘဝရ | နှစ်နှာပုံ | အဝီစိတဘဝရ |

လူညံ့တဦးဟာ ဘဝကကုသိုလ်ကံ အလွန် ကောင်း၍ ရဟန္တာကို ဖူးရ၊ မြင်ရ၊ တွေ့ရတယ်။ တာပေမဲ့ စိတ်ထား ကယုတ်ညံ့နေသဖြင့် (ဝါ) ကံကောင်းစိတ်ထားညံ့၍နေ သဖြင့် ရဟန္တာကို ဒုဿီလ၊ မိစ္ဆာဒိဋ္ဌိဟု ထင်သည်ယူထား သည်။ ဤမနောကံကြောင့် အဝီစိငရဲ၌တဘဝ ခံရပါသည်။ တဖန် ဒုဿီလမိစ္ဆာဒိဋ္ဌိကိုအကုသိုလ်ကံကြောင့် မြင်ရတွေ့ရ သိမှားရသည်။ မြင်တော့ မိစ္ဆာဒိဋ္ဌိကိုရဟန္တာဘဲဟုအလွဲထင် သည်။ ဤမနောကံကြောင့် အဝီစိငရဲ၌ တဘဝ ရပြန်သည်။ အဝီစိငရဲ၌နှစ်ဘဝဖြစ်ရပုံတည်း။ ။(၁) နှစ်ဦးသား ဗာ လတို့ မိုက်ကြသည့်အနေ။ (၂) တဦးသားဗာလက ရဟန္တာ ကေန္တကို ဤသူပင်ဒုဿီလဟု မြွက်ဟတုံပေ။ (၃) တဦး မှာဒုဿီလကို၊ ရဟန္တာကေန္တဟု၊ ခွန်းနှုတ်က ဖွင့်ချေသည်၊ ဆိုပုံလေလွန်ရိုင်း။ (၄) နှစ်ဖါးစုံ ထိုကံညစ်တွင်၊ အပြစ် ဘယ်အလေးတယ်၊ မေး၏ချင့်နှိုင်း။(သတပဒိကပုစ္ဆာအဖြေ မှ)။ ။(၁) နှစ်ဦးသား ဗာလတို့၊ မိုက်ကြသည့် အနေ။ (၂) တဦးသားဗာလက၊ ရဟန္တာကေန္တကို၊ ဤသူပင်ဒုဿီ ဟုမြွက်လတုံပေ။ (၃) တဦးမှာဒုဿီလကို၊ ရဟန္တာကေန္တ ဟု၊ ခွန်းနှုတ်ကဖွင့်ချေသည်၊ ထိုပုံလေလွန်ရိုင်း။ (၄) နှစ်

ပါးစုံထိုက်ညစ်တွင်၊ အပြင်ကယ်အတူရှိတယ်၊ ဖြေ၏မှန်တိုင်း (သဘာပဒိကပုစ္ဆာအဖြေမှ) ယူပြသည်။ လိုရင်းမှာ ရဟန္တာကိုပင် မိစ္ဆာဒိဋ္ဌိ ဘဲဟု ပြုလျှင်၊ ပြောလျှင်၊ သိထားလျှင် ကာယကံ၊ ဝစီကံ၊ မနောကံများထိုက်၍ အဝီစိငရဲအိုး၌ချိုးကပ်၍နေရတော့မည်။ ၎င်းလူပင် မိစ္ဆာဒိဋ္ဌိကို မြင်၍ ဤလူကား ရဟန္တာတဲဟု ပြုလျှင်၊ ပြောလျှင်၊ စိတ်ထားလျှင် ကာယကံ၊ ဝစီကံ၊ မနောကံ ကြီးများ ထိုက်၍ အဝီစိငရဲ၌ အန္တရကပ်တကပ်မျှ လူးအလဲခံရတော့မည်။ တဦးစီဘဲမှားမှား၊ နှစ်ဦးစီဘဲမှားမှား၊ အဝီစိငရဲ၌ သေချာ ရရောတော့သည်။ ၂-ဦးနဲ့လဲ မရပါစေနှင့်၊ တဦးထဲနဲ့လဲ မရပါစေနှင့် သိ်ပြီးရှောင်ရှားကြပါလေ။

## (၁၅၇) နိမိတ်၊ အတိတ်၊ တဘောင်၊ စံနည်း ဘဝေါ ငါးမျိုးခွဲပြပုံ

| |
|---|
| အမြင်နိမိတ်<br>အတိတ်လက်ဆောင်<br>တဘောင်အသံ<br>ပြောသံစံနည်း<br>တွေ့ကြီးဘဝေါ<br>ဘဒ္ဒဟော၊ အတ္တော<br>ကျိုးငါးဖြာ |

ဝိပဿနာစာအုပ်တွေ၊ ဝိပဿနာကျင့်သူတွေမြင်နေရပြီ၊ ဝိပဿနာကိုဟိုကလာပေး၊ ဒီကလာပေးနဲ့ တွေ့ကြရပြီ၊ ရုပ်သံ၊ နာမ်သံ၊ ခေါင်းသံ၊ ကလာပ်သံ တညံညံနေပါပြီ။ ဘယ်အိမ် ဘယ်ရွာသွားသွား ဝိပဿနာစကားချည်းဘဲ။ ရှုတာနှင့်ခန္ဓာထဲက တရွရွနှင့်ပြပြနေပါပြီ။ (ဘဒ္ဒ) ဆိုတာ အကောင်းဆုံးပါ၊ (အတ္တော) ဆိုဘာအကျိုးပါ၊ သို့ကြောင့် အကောင်းဆုံး

အကျိုးကိုရဘို့နိမိတ်၊ အတိတ်၊ အဘောင်၊ စံနည်း၊ ဘဝေါ များပေါ်၍ကြိုဆိုလျက်ပြသရသည်။ ဘုရားအလောင်း ပဋိသန္ဓေနေသောအခါ၊ ဖွါးမြင်သောအခါ၊ ဘုရားဖြစ်သော အခါ၊ ဓမ္မစကြာဟောသောအခါ၊ အာယုသင်္ခါရကို လွှတ် သောအခါ၊ ပရိနိဗ္ဗာန်ပြုသောအခါ ပြသကဲ့သို့ဟူ၍ နည်း ယူပြီးသိကြပါလေ။

## (၁၅၈) တဘောင်တွေပေါ်နေပုံမှာ

လှိုင်းသံ၊ လေသံ၊ ရေသံကြားတော့၊ ပင်လယ်ကြီးနှင့် နီးနေပြီ။

ဓါတ်သံ၊ ကလာပ်သံ ပရမတ်သံ ကြားတော့ နိဗ္ဗာန် ကြီးနှင့်နီးနေပြီ။

## (၁၅၉) ဝိပဿနာမှုမှန်စစ်တမ်း

လူတယောက်မကျန်းမမာတော့ ဆေးဆရာကို ပင့်ခေါ် ၍ကုသစေသည်။ ဆေးဆရာက (၁) ငါပေးတဲ့ ဆေးကို စားသုံးပါတဲ့။(ဘာဝေတဗ္ဗ) (၂) အနာနဲ့မတဲ့သောညှော် စသည်တို့ကိုရှောင်ကြဉ်ပါတဲ့။ (ပဟာတဗ္ဗ) ဒီလိုစားသုံးမှု ညှော်ရှောင်မှု အနာပျောက်ကင်းသည်။ အဲဒီဥပမာလိုပါဘဲ မြတ်စွာဘုရားဆိုတဲ့ဆေးဆရာကြီးက လူနတ်ငြှမ္မာ ရောဂါ သည်တွေကို (ဘာဝေတဗ္ဗ) ဖြစ်သော ပရမတ်ကိုသာရှုပါ၊ (ပဟာတဗ္ဗ) ဖြစ်သော ပညတ်စသည်ကိုရှောင်ပါတဲ့။ ဒါမှ လူနတ်ငြှမ္မာတွေမှာ ကပ်ငြိနှိပ်စက်နေတဲ့ ကိလေသာ ရော ဂါ၊ အကုသိုလ်ရောဂါများ ချုပ်ငြိမ်း ကင်းပျောက်မည်တဲ့။

အဲဒါအရေးအကြီးဆုံး ၂-ချက်ပါဘဲ၊ [ကြည့်ကြစမ်းပါ] မြတ်စွာဘုရား မိန့်ကြားတော်မူပါပြီ [ပညတ္တိံ ထပေတွာ၊ နိဗ္ဗတ္တိတပရမတ္ထဝသေန၊ ပဿတိတိ ဝိပဿနာ] ကျမ်းဂန်များစွာမှယူပြအသည်။ ။(၁) ပညတ္တိံ ထပေတွာ ပါဠိဖြင့် ပညတ်တရားအားလုံးကိုရှောင်ကြဉ်ပါ၊ နှံနှံမှမပါစေနှင့်တဲ့။ (၂) နိဗ္ဗတ္တိတပရမတ္ထဝသေန၊ ပဿတိတိဝိပဿနာ ပါဠိဖြင့် ဆတ်ဆတ်သော ပရမတ္ထ သဘောတရားကိုသာရှုပါ၊ ဉာဏ်စဉ်တက်၍ မဂ်ဖိုလ်ကိုရမည်တဲ့။

## (၁၆၀) ရှောင်ကြဉ်ရမှာတွေကိုမရှောင်ကြဉ်ဘဲ ရှုပွါးနေကြပုံ

(၁) အချို့ကား ဝိညာဉ်သိ၊ စိတ္တဝိပ္ပလ္လာသ ၄-ပါးနှင့် ရှုပွါးနေကြသည်။ (၂) အချို့ကား သညာဝိပ္ပလ္လာသ ၄-ပါးနှင့်ရှုပွါးနေကြသည်။ (၃) အချို့ကား ဒိဋ္ဌိဝိပ္ပလ္လာသ ၄-ပါးနှင့်ရှုပွါးနေကြသည်။ (၄) အချို့ကား သဘောတရားကို မတွေ့ဘဲနှင့် ဝိတက်အာရုံပြားတွေ၊ ဥဒ္ဒစ္စဖြစ်၍ရှုပွါးနေကြသည်။ (၅) အချို့ကား သုတမယဉာဏ် ဆိုတဲ့ စာသိ၊ ပေသိ၊ ကျမ်းဂန်သိ၊ ပညတ်ကို ပရမတ်သိ ထင်၍၊ သညာသိကို ပညာသိထင်၍၊ စကားတော်ကို တရားတော် ထင်၍ရှုပွါးနေကြသည်။ (၆) အချို့ကား စိန္တာမယဉာဏ် ဆိုတဲ့ ဝိတက်သိကို ပညာသိထင်၍ အာရုံပြားစွာ ဥဒ္ဒစ္စနှင့် ရှုပွါးနေကြသည်၊ အဲဒါ ၆-မျိုးဖြင့် ချောက်ကြီးထဲကျကျ

နေရသည်။ (က) ဒေသနာ ပညတ္တိနာမတဲ့ ဘုရားဟော ဒေသနာတော်တွေဟာ ပညတ်ချည်းဘဲ၊ ဝိပဿနာနေရာ၌ ပယ်ရမည်ဟုပြခဲ့ပါသည်။ ခ) ဘဂဝါကေမွိုမ္မေ၊ ဝိဝိဓါဟိ၊ ပညတ္တိဟိ၊ အာရောပေတွာ၊ ဒေသေတိ ပါဠိအရ မြတ်စွာဘုရားတိုင်းဟာ တခုထည်းသော တရားကိုပင် အထူးထူးသော ပညတ်တို့ဖြင့် တင်ဆောင်၍ဟောကြားရပါသတဲ့၊ ဒါတွေဟာဝိပဿနာ၌ ရှောင်ကြဉ်ရမည့် တရားစုတွေပါ။

(၁၆၁) [အတီတံနန္ဝာဂမေယျ]ဘဒ္ဒေကရသုတ်တော် အတိတ်ကဖြစ်ပြီးသော ပရမတ္ထတရားတွေကို မရှုကြပါနှင့် ဘာကြောင့်လဲ၊ အတိတ်ကဖြစ်သော ပရမတ္ထ သဘာဝတွေဟာ မရှိတော့ပြီ ချုပ်၍ပြီးပြီ၊ မရှိလို့မရှုကြနှင့် ရှုလျှင် ဝိပဿနာမဟုတ် သမထပါဘဲ။

(၂၆၂) [နာပ္ပရိကခေ်အနာဂတံ] ဘဒ္ဒေကရ သုတ်တော်။ အနာဂါတ်၌ မဖြစ်ရသေးသော ပရမတ္ထတရားတွေကိုလဲမရှုနဲ့၊ ဖြစ်ကိုမှ မဖြစ်ရသေးလို့၊ သဘာဝ မရှိသေးလို့ မရှုကြရာ၊ ရှုလျှင်ဝိပဿနာမဟုတ် သမထပါဘဲ။

(၁၆၃) [ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ ယတ္ထယတ္ထဝိပဿတိ] ဘဒ္ဒေကရသုတ်တော်။ ။ပစ္စုပ္ပန်ကာလ၌ ဖြစ်၍နေတုန်း၊ ပေါ်၍နေတုန်း၊ သဘာဝရှိသော ပရမတ္ထတရားကိုသာလျှင်

ရှုရမည်။ ဒါမှဝိပဿနာအစစ်ပါ သမထနှယ်မှ ကျွတ်လွတ်ထွက်မြောက်၍သွားပါပြီ။

(၁၆၄) [တတ္ထဓါတု ဝေသေနကထိတံ ဝိပဿနာကမ္မဋ္ဌာနံဟောတိ၊ ပဋိကူလ.မနသိကာရေန သမထောဟောတိ] ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ။ထိုသမထနှင့် ဝိပဿနာ ခွဲပြပုံတို့တွင် ဓါတ်သဘော၏ အစွမ်းအားဖြင့် ဟောပြ ခြင်းသည် ဝိပဿနာကမ္မဋ္ဌာန်း အစစ်ဖြစ်၏။ ရွံရှာဖွယ်ကို နှလုံးသွင်းခြင်းဖြင့်ကား သမထသာဖြစ်၏။ ဤပုံဝိပဿနနှင့်သမထကို ကွဲပြားအောင်ပြကြပါလေ။ မဟာသတိပဋ္ဌာန သုတ်တော်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများစွာ၌ တိကျစွာ ခွဲပြပါသည်။

(၁၆၅) [ယဒေတာယဒေတာ သမ္မသတိ၊ ခန္ဓာနံဥဒယဗ္ဗယံ လဘတိပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ] ဓမ္မပဒအဋ္ဌကထာ ဋီကာကြီး။ နံပါတ်-၈၉၊ ကြောင်းရေ-၂၃ ဆဋ္ဌမူ။ ။အကြောင်အကြောင်အရပ်မှ ပေါ်ပေါ်လာတဲ့ သဘောပရမတ်ကို ဝိပဿနာရှု၏၊ ခန္ဓာကိုယ်ထဲမှ အဖြစ်အပျက်ကို ဝိပဿနာရှု၏၊ အရိယာတို့သာလျှင်ရသော ပီတိပါမောဇ္ဇကိုရတော့၏။ သေခြင်းအဆုံးဖြစ်သော နိဗ္ဗာန်ကိုလည်း မြင်ရ၊ သိရ၊ တွေ့ရ အာရုံပြုရတော့သည်ဒီပုံရှုကြပါ။ (     ) နံပါတ်၌ပြခဲ့သော (ပစ္စုပ္ပန္နဉ္စယောဓမ္မံ၊ ယတ္ထယတ္ထဝိပဿတိ)လဲ ပြန်၍ ကြည့်ကြပါ။ ပစ္စုပ္ပန်အခိုက်၌၊ အကြောင်အကြောင်အရပ်၌၊ အကြောင်ပရမတ်သဘောတရားဟာ ပေါ်ပေါ်ပြပါသည်။ ထိုထိုနေ

ရာဌာနနဲ့ ပေါ်ပေါ်ပြသောတရားကိုသာ ဝိပဿနာရှုရမည်တဲ့။ (ဌာနနဲ့၊ သဘာဝနဲ့၊ ပမာဏနဲ့၊ ပဟာနနဲ့၊ ကလာပနဲ့၊ ဉာဏနဲ့၊ အာနုဘာဝနဲ့) ဝိပဿနာရှုပုံကို သေသေချာချာ၊ ရေရေရာရာ၊ နေရာတကြဖေါ်ပြသွားကဘဲ ဒါကိုသတိထား၍ကျင့်ကြပါလေ။

(၁၆၆) [သုညာဂါရံပဝိဋ္ဌဿ၊ သန္တစိတ္တဿဘိက္ခုနော အမာနုသီ၊ ရတိဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော] ဧက အင်္ဂုတ္တိုရ်ဋီကာကြီး နံပါတ်-၈၉၊ ကြောင်းရေ-၂၃။ ဆဋ္ဌမူ ဆိတ်ငြိမ်သော ကမ္မဋ္ဌာန်းထဲသို့ ဝင်၍နေသော၊ ငြိမ်သက်သောစိတ်ရှိသော၊ မဖေါက်မပြန် ရုပ်နာမ်တရားကိုရှု၍နေသော ယောဂီနှင့် ရဟန်းတို့အား ပုထုဇဉ် လူနတ်ဗြဟ္မာတို့ မခံစားရဘူးသော မဂ်ဖိုလ်နိဗ္ဗာန်၏ အရသာနှင့် မွေ့လျော်ပျော်ရွှင်ခြင်းသည်ဖြစ်၍ နေရတော့၏။

(၁၆၇) [ဧဝမေတံအဘိညာယ၊ တတောတတ္ထဝိပဿတိ၊ ဧကံဉာဏံ တထံတဿ၊ ဗြဟ္မဏဿစုသိမတော။] သုတ္တနိပါတ်ပါရာယန သုတ်တော်မှ။ ။သုံး အပ် ပြီးသော သိတင်း အကျင့်ရှိသော မကောင်းမှုမှ အပ ပြုပြီးသော ထိုယောဂီအား၊ ထိုထိုအရပ်မှ ပေါ်ပြ-ပေါ်ပြ နေသည်။ ထိုထိုအရပ်မှ ပေါ်ပေါ်လာသည်ကို ရှုရှုနေ၏။ ဤသို့ရှုခြင်းကြောင့် အဘိညာဉ်ကိုရတော့၏။ ဤပရမတ်သိသော ဉာဏ်ကား (တထဉာဏ်ပါဘဲ။ သစ္စဉာဏ်ပါဘဲ။ မဖေါက်မပြန်

မှန်ကန်သော ဝိပဿနာ ဉာဏ်ပါဘဲတဲ့။ [ယခု ပြခဲ့သော ကိုးပါးသော ပါဠိစုဖြင့် ဝိပဿနာအစစ်ကို ဌာနနဲ့၊သဘာဝ နဲ့၊ ပမာဏနဲ့၊ ပဟာနနဲ့၊ ဉာဏနဲ့၊ အာနုဘာဝနဲ့၊ ကလာပနဲ့ ၇-ဌာနနဲ့၊ မှုမှန်ကိုပြနေပါသည်။ ယခုပြသော အတန်းကို မမှီသေးသော မရောက်သေးသော ယောဂီများကား သမထနယ်၌သော တပဲလယ်လယ် ဆိုလည်းနွား ရဟတ်ချေား ပမာ လယ်လယ်နေတော့သည်။

(၁၆၀) [ဣဓဒါဝုသောဘိက္ခု အရညဂတောဝါ ရုက္ခ မူလဂတောဝါ၊ သုညာဂါရဂတောဝါ၊ ဣတိပဋ္ဌိသဉ္စိက္ခတိ၊ သုညမိဒံ၊ အတ္တေနဝါအတ္တနိယေနဝါ။] မဟာဝဂ္ဂဒေလ္လသုတ် တော် နံပါတ် ၃၃၃၊ကြောင်းရေ-၂၀ ဟာမူ။ ။အိုငါ့ရှင်၊ ကောဋ္ဌိက၊ ဤသာသနာတော်၌ ရဟန်းသည်၊ တောထဲသို့ ကပ်၍ရင်း။ သစ်ပင်ရင်းသို့ကပ်၍ရင်း။ ဆိတ်ငြိမ်ရာသို့ကပ် ၍ရင်း၊ ဤသို့ခန္ဓာကိုယ်ထဲမှ ပေါ်ပြ-ပေါ်ပြတဲ့ သဘော တရားကိုဆင်ခြင်ရှုသူ းရာ၏။ ဤပေါ်ပြ ပေါ်ပြသောတရား စု၌ အတ္တ ၂၅၆-ပါး၊ ဆိတ်သုဉ်းပါတကား။ငါ့ဥစ္စာဆိုတာ လဲ ဆိတ်သုဉ်းပါ ကကားဟု ဒိဋ္ဌိနဲ့တဏှာကိုပယ်ခွါ၍ ပြာချ ပြစ်တော့သည်။

မှန်ကန်သော ဝိပဿနာဉာဏ်ပါဘဲတဲ့။ [ယခုပြခဲ့သော ကိုးပါးသော ပါဠိစုဖြင့် ဝိပဿနာအစစ်ကို ဌာနနဲ့ သဘာဝ နဲ့၊ ပမာဏနဲ့၊ ပဟာနနဲ့၊ ဉာဏနဲ့၊ အာနုဘာဝနဲ့၊ ကလာပနဲ့ ၇-ဌာနနဲ့ မှုမှန်ကိုပြနေပါသည်။ ယခုပြသော အတန်းကို

မမှိသေးသော မရောက်သေးသော ယောဂီ များကား၊ သမထနယ်၌သာ တဲလည်လည် ဆိုလည်နွား ရဟတ်ချား ပမာ လယ်လယ်နေတော့သည်။

(၁၆၉) ယခုပြခဲ့သော ပါဠိ (၁၀) နှင့်ထုတ်ပြသည်ကို သဘောမကျ၍ စောဒက တက်လာသည်ကား ဆရာတော် ဘုရား ရှင်းပြသော အချက်အလက်ကို သဘောမကျသဖြင့် စောဒကတက်ပါရစေ။

(ဂ) တက်ပါ-တက်ပါ။

(စောဒက) ဒီလိုပါ။ဝိနည်းမဟာဝါ၊ပါဠိတော်၌ရဝ်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ရင်း။ ပဋိသမ္ဘိဒါမဂ် ပါဠိတော် ၌ရင်း။ပရမတ္ထဒီပနီစွယ် အင်္ဂုတ္တရကထာရင်း။ (သမ္မသနဉာဏ်ကို ဟောပြရာဝယ်။ (တဿ အတီတာနာဂတပစ္စုပ္ပန္န၊ အဇ္ဈတ္တ ဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒူရေဝါသန္တိကေဝါ။ ] ဟူ၍ ရုပ်တဆဲ့တပါးနဲ့ ဟောထားပါသည်၊ မြတ်စွာဘုရားက (၁) အတိတ်ရုပ်။ (၂) အနာဂါတ်ရုပ်။ (၃) ပစ္စုပ္ပန်ရုပ်။ (၄) အဇ္ဈတ္တရုပ်။ (၅) ဗဟိဒ္ဓရုပ်။ (၆) ဩဠာရိကရုပ်။ (၇) သုခုမ ရုပ်။ (၈) ဟီနရုပ်။ (၉) ပဏီတရုပ်။ (၁၀) သန္တိကေရုပ် (၁၁) ဒူရေရုပ်ဟူ၍ တဆဲ့တပါးနဲ့ ခန္ဓါငါးပါးကို ဟောကြား ထားပါလျက်နှင့် အရှင်ဘုရားက ပစ္စုပ္ပန် တခုထဲကိုယူ၍ ပြသသဖြင့် မဆန့်ကျင်ပါဘူးလားဘုရား။

(ဂ) မဆန့်ကျင်ပါ။ဘာ့ကြောင့်လဲဆိုတော့ ဉာဏစာဂိကပြသနေတာမှာ။ အာဒိကမ္မိက ဒဇင်္ဂ ဓွာ အားထုတ်စနှင့် နာမရူပပရိစ္ဆေဒဉာဏ် ပထမဆင့်။ ပစ္စယပရိဂ္ဂဟဉာဏ်။ ဒုတိယဆင့်ရတို့ ယူတို့ ပထမဆင့်နှင့် ဒုတိယဆင့် အားထုတ်တုန်းမှာသာ ပစ္စုပ္ပန်သက်သက် သဘောတရားကို ရှုပါဟ သိးသိး-သန့်သန့် ပြသတာပါ။ ။ဆရာစေဒက၏ ရုပ် ၁၁-ပါးတို့ကတော့(တတိယဒဆင့် သမ္မသနဉာဏ်)ကို ယူတာမို့ သူ့ဌာနနဲ့ သူ့ရုပ်မို့ မဆန့်ကျင်ပါ။ဉာဏစာဂိဆရာက၊အောက်၂-ဉာဏ်အတွက်ပြနေတာ၊၀ါ၊အခြေခံဝိပဿနာ ပြနေတာ။အသင်္ဂဇေဒကဆရာက အထက် တတိယဉာဏ်က ပါဠိနှင့်စေဒကကာကနေတာမို့ မဆန့်ကျင်ပါ။ (ဌာနာ ဌာနကောသလ္လဉာဏ်)နှင့်ချိန်ဆပါလေ။

## ဧသိစဓိတာမ်ိး

(၁၇၀) ခန္ဓာထဲမှတွေ့ရသော ဧသိကို စစ်ဆေးကြည့်တော့ ၎င်းတို့ဟာ ရုပ် ၂၈-ပါးထဲက ဒဂ္ဂခြေခံမဝါတ်ကြီး ၄-ပါး။ဘူဇရုပ်ဖြစ်၍ ပရမတ္ထတရားအစစ်အမှန်ပါဘဲ၊တွေ့ရသည်။

(၁၇၁) ဧသိပရမတ္ထအမှန်ဖြစ်၍ [ပရမသော၊သဒ္ဓညုတာဉာဏသော၊ အတ္ထောဂေါစရောတိ ပရမတ္ထော။] ဟူသော

ဋ္ဌိကာဖွင့်အရ။ သေိပရမတ္ထတရားကြီးဟာ သဗ္ဗညုတဉာဏ်တော်ကြီး၏ အာရုံပါ။ (အာရမ္မဏပစ္စယောပါ) ဘုရားများမြင်ရ၊ တွေ့ရ၊ ရှုရသော အတိုးတန်အမျိုးမှန် ပထမတန်းသဘောပရမတ်အာရုံပါ။ (သောတာပန်မြင်၊ သကဒါဂါမ်မြင်၊ အနာဂါမ်မြင်၊ ရဟန္တာမြင်၊ ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ ပစ္စေကဗုဒ္ဓါတို့မြင်ရသောအာရုံတောင်မှ ကသော) ဘုရားတို့၏ သဗ္ဗညုတ ဉာဏ်တော်ကြီး၏။ အာရုံပါ။ အာရမ္မဏပစ္စယောပါ။

(၁၇၂) ၃၁-ဘုံက ပုထုဇဉ်၊ အာဠာရ ရသေ့ကြီး၊ ဥဒကရသေ့ကြီး၊ ကာဠဒေဝိလ ရသေ့ကြီးမှစ၍ ပြဟ္မာ ၂၁-တောင်မှ သမထနဲ့ ဝိဇ္ဇာနဲ့၊ အဘိညာဉ်နဲ့၊ သမာပတ်နဲ့ ဈာန်ကိုးဈာန်နဲ့၊ မြေလျှိုးနဲ့၊ မိုးပျံနဲ့၊ တန်ခိုးဈာန်နဲ့၊ ပြဟ္မာ ၁၅-ဘဝနဲ့၊ ဘဝင်မှာနေနဲ့ ရှေးကမ္ဘာ-၄၀ မြင်ရ၊ နောက်ကမ္ဘာ ၄၀-မြင်ရ၊ ကမ္ဘာပေါင်း (၈၄၀၀၀)နေရ မတွေ့ရ၊ မမြင်ရ၊ မသိရသော သေိပါဘဲ။

(၁၇၃) သေိဟာ ပရမတ်မို့၊ ရွေ့မရ၊ ယူမရ၊ ပြောင်းမရ၊ မြင်မရ၊ ကြားမရ၊ နမ်းမရ၊ စမ်းမရ၊ ဒါးခုတ်မရ ဒုတ်ရိုက်မရ၊ လှန်ထိုးမရ၊ မီးရှို့မရ၊ သမူဟ၊ ဃန၊ သန္တတိ၊ သဏ္ဌာန်၊ နာမ စသောပညတ်တွေမပါ။ သက်သက် ပရမတ္ထတရားအစစ်ပါဘဲ။

(၁၇၄) (ပရမတ္ထဓမ္မာ သဏ္ဌာနရဟိတာ။) ဟူသော သုတ္တနိပါတ် အဋ္ဌကထာအရ။ သေိဟာ ပရမတ်မို့ အထယ်

မပါ၊ပုံစံမပါ၊ သဏ္ဌာန်မပါ၊ဘယ်ပညတ်မှမပါ၊သက်သက် ပရမတ်ပါဘဲ။

(၁၇၅) ဒေသိဟာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတဲ့ (ကာမဓော) အာရုံထဲမပါ။

(၁၇၆) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဆိုတဲ့ (ကာယ) ပသာဒ ၆-ပါးထဲ၌ သူမနေပါ။ သိးသန့်သည်။

(၁၇၇) စက္ခုဝိညာဉ် သောတဝိညာဉ်၊ ဃာနဝိညာဉ် ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်၊ မနောဝိညာဉ်ဆိုတဲ့ (ကာမဓော)ဝိညာဉ် ၆-ပါးထဲ၌ သူတို့မနေကြပါ။ သိးသန့်၍နေကြသည်။

(၁၇၈) ဒေသိပရမတ်ကို ဝိညာဉ်သိ၊ သညာသိ၊ ဒိဋ္ဌိသိ စိတက်သိ၊သုတမယဉာဏ်သိ စိန္တာမယဉာဏ်သိ တို့ဖြင့်လည်း အတွေ့မခံပါ။ အသိမခံပါ၊ အရူမခံပါ၊ သိးသန့်၍ နေပါသည်။

(၁၇၉) လောကီမှာ ကာမဓောမှာ ရူပါရုံကို စက္ခုဝိညာဉ်ဖြင့် သဒ္ဒါရုံကို သောတဝိညာဉ်ဖြင့်။ ဂန္ဓာရုံကို ဃာနဝိညာဉ်ဖြင့်။ ရသာရုံကို ဇိဝှာဝိညာဉ်ဖြင့်။ ဖေါဋ္ဌဗ္ဗာရုံကို ကာယဝိညာဉ်ဖြင့် ပညတ်ဓမ္မာရုံကို မနောဝိညာဉ်ဖြင့်သိကြရ၊ တွေ့ကြရ၊ ရူကြရသကဲ့သို့။

(၁၈၀) ဒေသိလောကုတ္တရာကို ဒေသိမရမတ်ကို မျက်စိ

ဖြင့်ကြည့်လဲ မမြင်ရပါ။ (ရှိနေပါတယ်။) နားဖြင့် နားထောင်လဲမကြားရပါ။ (ရှိနေပါတယ်) နှာခေါင်းဖြင့် နမ်းကြည့်လဲအနံ့မရပါ။ (ရှိနေပါတယ်။)လျှာဖြင့် လျှက်ကြည့်လဲ အရသာမပေါ်ပါ။ (ရှိနေပါတယ်) ကာယဖြင့် စမ်းသတ်ကြည့်လဲ အတွေ့မခံပါ။ (ရှိနေပါတယ်။)မနောနဲ့လဲမသိရပါ။(ရှိနေပါတယ်)ကာမဇောနဲ့ဆိုလျှင် ဘာနဲ့ဘဲရှာရှာ အတွေ့မခံပါ။ ဤမျှလောက် တန်ခိုးတေဇော်အာနုဘော်ကြီးမားလှပါတယ်။ (ရှိန်းဆာယာ ပိုမောက် ကိုယ်ပျောက်တဲ့ ယောကျ်ားဘဲ။) ဆိုတဲ့ာလို ကာမဇောထဲက အာရုံ ၆-ပါး။ ပသာဒ ၆-ပါး။ ဝိညာဉ် ၆-ပါး။ သညာ ၆-ပါး။ ဖဿ ၆-ပါးတို့နဲ့။ ရှာလျှင်ဘာနဲ့မှမရပါ။ အတွေ့မခံပါ။ ပရမတ်သဘော (အပ္ပနာဇော)မို့ ဖြစ်ပါသည်။

(၁၇၁) သေိကို [ကိန္နုသတ္တောတိ ပစ္စေတိ မာရဒ္ဓိဂတံနုတော၊ သုဒ္ဓသင်္ခါရပုဉ္ဇောယံ၊ နယိဓသတ္တောပ လဗ္ဘတိ] သဂါထာဝဂ္ဂသံယုတ်ပါဠိတော်အရ။ ။ဟယ်မာရ်နတ်ကြီးသင်ဟာ စိတ်စေတသိက် ရုပ်ဆိုတဲ့ ပရမတ်တစုဖြစ်သောဓါတ်အစု ခန္ဓာကိုယ်ကြီးကို သတ္တဝါဘဲဟူ၍ အဘယ့်ကြောင့် ယုံကြည်လျှက် နေပါသလဲ။ ဟယ်မာရ်နတ်ကြီး ပရမတ္ထအစုအဝေးကိုပဝ် သတ္တဝါဟုသိနေခြင်းဆည်။ သင့်အား ဒိဋ္ဌိကပ်တွယ်၍သာနေရရှာပေပြီ။ ဤယခုသင်မြင်နေသော ခန္ဓာကိုယ်ကြီးဟာ စိတ်, စေတသိက်, ရုပ်ဒ္ဒစုမျှသာ သင်္ခါရအစုမျှသာ မဟုတ်ပါလော။ (သဘောတရား အစု

မှာ သဘ္ဘာဝါဘဲဟူ၍ ဘယ်မှာရနိုင်ပါတော့အံ့နည်းဟူသော စစ်ဆေးပြခြင်းနှင့် သေိ-ပူသိ ပရမတ်တွေဟာ ညီညွတ်ပါပေသည်။

(၁၀၂) [ယထာဘိ အင်္ဂသမ္ဘာရာ ဟောတိ သဒ္ဒေါရထောဣတိ၊ ဧဝံခန္ဓေသုသန္တေသု ဟောတိ သတ္တောတိသမ္မုတိ။] သံယုတ် ပါဠိတော်နှင့်အညီ ခန္ဓာကိုယ်တိုင်းမှာ စိတ်ရယ်၊ စေတသိက်ရယ်၊ ရုပ်ရယ်၊ဒီသဘောတရား ၃-ပါးသာ စုရုံးဖြစ်နေကြသည်။ဥပမာ၊ ရထားဇါဝင်ရိုးဘီးအိမ်စသော အစိပ်အစိပ်ကို စပ်တွဲထားမှသာလျှင်(ရထားဘဲ) ဟူသော အက္ခရာ သဒ္ဒါ၊ ပညတ်သည် ဖြစ်လာရသကဲ့သို့ ယခုနေရာ၌လည်း၊(ဖေါက်ပြန်ခြင်း ရူပက္ခန္ဓာ ခံစားခြင်းဝေဒနာက္ခန္ဓာ မှတ်သားခြင်း။သညာက္ခန္ဓာ စီမံခြင်း။သင်္ခါရက္ခန္ဓာ သိခြင်း ဝိညာဏက္ခန္ဓာတွေစုနေမှ သတ္တဝါဘဲ၊ လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲဟု သမုတ်ရတာ ရှိတာကခန္ဓာငါးပါး သဘောတရားစုပါ။ ခေါ်ရတာက သတ္တဝါပါ။ တကယ်အရှိမဟုတ်ပါ။

(၁၀၃) စူဠပန်မထေရ်သည်။ တယောက်ထဲက ရဟန်းတထောင်မကဘဲ တန်ခိုးဖြင့် ဖန်ဆင်းထားသကဲ့သို့ ယခုလဲ ဓါတ်ကြီးလေးပါးဖြင့် ကမ္ဘာအပြည့် ဖန်ဆင်း၍ ထားတာပါ။မမှားနဲ့။

(၁၀၄) [ယတ္ထ ယတ္ထ ဝိပဿတိ၊ ခန္ဓာနံဥဒယဗ္ဗယံ။] ဥပရိပဏ္ဏာသပါဠိတော်အရ။ ခန္ဓာကိုယ်၌ သတိနဲ့ သမာဓိနဲ့ ရှုတော့ ခန္ဓာထဲမှ(သဘောပရမတ်တွေကိုတွေ့ရသည်။ ရင်း

သဘောတွေမှာ ဖြစ်ချိ-ပျက်ချိနှင့် ဥဒယဗ္ဗယဉာဏ် ဖြစ်တို့ တွေ့ရသည်။အဲဒါလိုသဘောနဲ့ ဖြစ်ပျက်ကိုရှုလျှင် ဝိပဿနာ အစစ်ပါ။ အရိယာတို့၏အမြင်ပါ။ သဗ္ဗညုတဉာဏ်၏အာရုံ ပါဘဲ။

(၁၀၅) [ယံတောယတောသမ္မသတိခန္ဓာနံ ဥဒယဗ္ဗယံ] ဂါထာအရ။ခန္ဓာကိုယ်ထဲမှ ဥပမာအပေါ်ရေ၌ပေါ်ပြသည့် အတွင်းရေ၌ပေါ်ပြသည်။အသား၌ပေါ်ပြသည်။ အကြော ၌ပေါ်ပြသည်။ အရိုးထဲမှပေါ်ပြသည်။ ရင်းနေ့ကပ်ပေါ် နေသမျှချုပ်ပျက်ပြသည်ဟူသော ဌာနနဲ့၊သဘာဝနဲ့၊ပမာဏ နဲ့၊ ကလာပနဲ့၊ ဉာဏ်နဲ့၊ အာနုဘာဝနဲ့ ပေါ်ပေါ်ပြသည်။ ဖြစ်ပျက်သိပါလာသည်။ အဲဒါ ဝိပဿနာရှုနည်းပါဘဲ။

(၁၀၆) ယခုပြခဲ့သမျှသော (၁)ကစ၍ (၁၆)အထိ တွေ့ရတာတွေ၊ သိရတာတွေ၊ ရှုရတာတွေထက် ပိုနေ သော်ရင်း။ လျှော့နေသော်ရင်း။ (မိစ္ဆာဒိဋ္ဌိ) ထဲရောက်၍ သွားပါတော့သည်။သာဓကမှာ(လျှော့လျှင်မိစ္ဆာ သာလျှင် ဒိဋ္ဌိ) ဟူသော ပရိဘာသာကို ထောက်ကြည့် ဆုံးဖြတ်ပါ ဂါလေ။

(၁၀၇) (ဝဏ္ဏော၊ဂန္ဓော၊ ရသော၊ ဩဇာ၊စတဿော စာပိဓါတုယော၊အဋ္ဌဓမ္မာသမောဓါနာ ဟောတိ၊ ကောသာ တိ သမ္မုတိ၊ တေသံယေဝဝိနိဗ္ဗောဂါ၊ နတ္ထိကောသာတိသမ္မု တိ။]ဝိသုဒ္ဓိမဂ်နှင့် ခုဒ္ဒသိက္ခာဋီကာသစ်မှ (၃၂)ကောဋ္ဌာ သထဲက ဆံပင်ဟူ၍ခေါ်ကြသည်မှာ(ဝိညာဉ်သိ၊ သညာသိ

ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယသိ၊ စိန္တာမယသိပင်ဖြစ်၏။ ပညတ်အနက်ကို သိခြင်းဖြစ်၏။ ၎င်းဆံပင်၌ သတိ သမာဓိ ပညာဖြင့် စစ်ဆေးကြည့်တော့ (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ အမာခံ ဓါတ်ကြီးလေးပါးနှင့် အမှီအတွယ်ဖြစ်သော (ဝဏ္ဏအဆင်း၊ ဂန္ဓအနံ့၊ ရသ အရသာ၊ ဩဇာဩဇာ ဟူကုန်သော ဥပါဒါရုပ်၊ အစု အဝေး မျှသာ တကယ်ရှိအမှန်ရှိ၍ ပရမတ်ရှိဖြစ်ပါသည်။ ၎င်း (ဓါတ်၈-ပါး၊ အဋ္ဌကလာပ်တရားကိုပင်) ပုံစံ သဏ္ဍာန်ကို စွဲ၍ ဆံပင်ဟု နာမည်မှည့်ရသည်။ [ရှိတာက ဓါတ်လေးပါးနဲ့ ဥပါဒါရုပ်လေးပါးဘဲ။ နာမပညတ်ကဆံပင်ဘဲ။] ဒီပုံပရမတ်ပညတ်ခွဲပါလေ။ ၃၂-ကောဋ္ဌာသ၊ ၄၂-ကောဋ္ဌာသ၊ ၆၆-ကောဋ္ဌာသ၊ ၉၆-ကောဋ္ဌာသတို့၌ ဤနည်းခွဲပြီး သိထားကြပါတော့။ ဥပမာ ဖွါးစကလေး၌ နာမပညတ်ပေါ်။ နောက်မှ နာမပညတ်တင်၍ 'မောင်ရွှေ' ဟု ခေါ်ရသည်။

**အမှန်ရှိနေပုံမှာ**
**ဓါတ်လေးပါးနဲ့ဥပါဒါရုပ်လေးပါး**

| | |
|---|---|
| မရှိကိုအရှိလုပ်ထားသည်<br>ဆံပင်ဟုနာမပညတ်မှည့်သည် | အဘိဓါန် တကျမ်းလုံး၌<br>ဤခွဲနည်းအတိုင်း ခွဲခွဲသိ<br>သိထားကြပါလေ။ |

(၁၈၈) ဝိညာသညာ၊ ဒိဋ္ဌိ၊ ဝိတက်၊ သုတ၊ စိန္တာ၆-ပါးသိ

| | | |
|---|---|---|
|  အတ္တ ပညတ် ၁-ဒေ မှား | ခေါင်းဘဲဆိုတဲ့ သဒ္ဒပညတ် ၂-ပါး ၂-အမှား | တကယ်ရှိနေတာက စိတ်၊စေကသိက် ရုပ်တရား စု ၃-အမှန် |

၃၁-ဘုံသား ပုထုဇဉ်များ မှားနေကြပုံကို ၁၊၂ နဲ့ပြ၍ မှန်ပုံကို ၃-နဲ့ပြထားပါသည်။

ဤပုံစံ၌ အတ္တပညတ်အမှားကိုရင်း။ သဒ္ဒပညတ်အမှားကိုရင်း။ဝိညာဉ်သိ၊သညာသိ၊ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယသိ စိန္တာမယသိ၊၆-ပါးနှင့်မှားရှင်းနေကြသည်၊လူ့နတ်ဗြဟ္မာ အားလုံးဘဲ (စိတ်၊စေတသိက်၊ရုပ်၊ပရမတ်၊ ဒေမှန်ကိုတော့ သတိ၊ သမာဓိ၊ ပညာ ၃-ပါးနဲ့သာသိကြသည်။ သို့ကြောင့် (ဝိပဿနာမှာ) သတိ၊ သမာဓိ၊ ပညာ ၃-ပါးသာ လိုရင်း ဖြစ်ကြသည်။

## (၁၈၉) အဋ္ဌကလာပ် ဓါတ်လေးပါး၌ မဟာဘုတ်နှင့်ဥပါဒါရုပ် ခွဲပြပုံမှာ

| | | | |
|---|---|---|---|
| ပထဝီဓါတ် | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | ဤအဋ္ဌက |
| တေဇောဓါတ် | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | လာပ် ရုပ် |
| အာပေါဓါတ် | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | ဓါတ် ရှစ်ပါး |
| ဝါယောဓါတ် | ဝီ၊အာ၊တေ၊ဝါ | ဝံ ဂံ၊ရ၊သြ | ၌ နာမည်သာ |
| အဆင်း၌ | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | ထူးခြား၍ အ |
| အနံ့၌ | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | တွင်းကတရား |
| အရသာ၌ | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | မှာတော့။ပထ |
| သြဇာ၌ | ဝီ၊အာ၊တေ၊ဝါ | ဝံ၊ဂံ၊ရ၊သြ | ဝီ၊ အာ ပေါ၊ |

တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ။)ဟူ၍၊ သဘော ရှစ်ပါးသာ ကောဓမ္မာနှဲ့ ရှိနေကြသည်။ (အဋ္ဌကလာပ် တစီး တတွဲကိုပင် နာမည်ရှစ်မျိုးခွဲပြီး ပညတ်ခေါ်နေကြ သည်။

(၁၉၀) သေိကို သတိ၊ သမာဓိ၊ ပညာနှဲ့ရှုတော့၊ (၁) ရှင်း(သေိ)က ကံ ၃-ပါးသတ်ပြ။ (၂)သေိ ပဋိစ္စသမုပ္ပါဒ် သတ်ပြ။ (၃)လှုတာမလှုတာ အလတ်စား သတ်ပြ။ (၄) မီး၃-ပါးသတ်ပြ။ (၅) ဝဋ်၃-ပါးသတ်ပြ။ (၆) အပါယ် တံခါးပိတ်ပြ စသည်ဖြင့်။ (၅၀) ကျော်၊ သတ္တိ ပြနေပုံကို ဉာဏစာဂီ ရေးသားသော (သိပါယ်ဋီကာ)၌။ အစုံပါရှိပြီ ရှာ၍ဖတ်ကြည့်ကြပါ။

(၁၉၁) ဖျော်ရည်ကို မျက်စိဖြင့် ကြည့်ပါ။ အထဲက သတ္တိကိုကဲ့ကွဲ-ပြားပြား မသိရပါ။ တာပေမဲ့ ဖျော်ရည်ကို လျှာဖြင့်မြီးစမ်းကြည့်တော့(၁)ချိုပြတာ သကြား၏ သတ္တိ ဘဲ။ (၂) ချင်ပြတာ သံပုရာ၏ သတ္တိဘဲ။ (၃) လေးပြ တာ ဆား၏သတ္တိဘဲ။ (၄)ရေသဘောပြတာ ရေ၏သတ္တိဘဲ (၅)မွှေးပြတာနှင်းရေ၏သတ္တိဘဲဟု သိရှိနိုင်ကြသည်။တရား တွေ့တာ ဒါမျိုးဘဲ။

(၁၉၂) ၄-မျိုးစပ်သားသော ဆေးကိုစားတော့ (၁) အချင်က ဗဟိဒ္ဓပထဝီကိုဖျက်ဆီးပြသည်။(၂)အငံကအဇ္ဈတ္တ ပထဝီကိုဖျက်ဆီးပြသည်။ (၃)အချိုကအပူကိုငြိမ်းပြသည်။ (၄)အဆိမ့်က ပထဝီကို အားပေးနေသည်။ ၄-မျိုးပြသည်။

## (၁၉၃) စကားတော်နှင့်တရားတော်

| စကား | တရား |
|---|---|
| ပါးစပ်မှ | ခန္ဓာထဲမှ |
| ပညတ် | ပရမတ် |
| လောကီ | လောကုတ္တရာ |
| လူ့, နှ, ဗြပို့ | မ-ဖ-နိ-ပို့ |
| ၃၁-ဘုံပို့ | နိဗ္ဗာန်ပို့ |
| စာအုပ်ထဲက | ခန္ဓာထဲက |
| သညာသိ | ပညာသိ |
| ပုထုဇဉ်သိ | အရိယာသိ |
| ကိလေသါအာရုံ | နိဗ္ဗာန်အာရုံ |

(တေပိဋကံ ဗုဒ္ဓဝစနံ) ဆိုတဲ့ပါဠိအရ မြတ်စွာဘုရား၏ ပါးစပ်တော်မှ ထွက်လာ သမျှသော ပိဋကတ် ၃-ပုံဟာ မြတ်စွာဘုရား၏ စကားတော် ပါဘဲ။ အဲဒီ စကားတော်ဟာ ခန္ဓာထဲ ကပေါ်ပြတဲ့ဝါ၊ ခန္ဓာထဲမှာ ရှိရှိနေတဲ့ (သဘောတရားကို) ပါးစပ်ဖြင့် ပြောပြတာပါဘဲ။ တရားက အရင် ပထမရှိနေမှ ပါးစပ်က စကားနဲ့ ပြောပြရသည်။ ဥပမာ၊ ခန္ဓာထဲမှာ စိတ် ၆-ပါးရှိနေ၍ စက္ခုဝိညာဉ်စိတ်ဘဲ။ သောတဝိညာဉ်စိတ်ဘဲ။ ဃာနဝိညာဉ်စိတ်ဘဲ။ ဇိဝှာဝိညာဉ်စိတ်ဘဲ။ ကာယဝိညာဉ်စိတ်ဘဲ။ မနောဝိညာဉ်စိတ်ဘဲဟု ပြောပြနိုင်သည်။ စိတ် ၆-ပါးသာ မရှိပါမူ ပါးစပ်က ဘာမှပြောလို့မဖြစ်တော့ပါ၊ စေတသိက်ဥ္စရင်း။ ရုပ်ဥ္စရင်း။ နိဗ္ဗာန်တရားဥ္စရင်း။ စိတ်ကဲ့သို့ခဲ့၍ ယှဉ်ပြော ပြကြပါ။ စကားနဲ့တရား ကွာခြားပုံကို ဇယား၌ကြည့်က မိမိ ရှာ၊ ပြည့်ပြည့်-ဝဝ၊ စိစိ-ငှငှ၊ တိတိ-ကြကြ သိကြမည်။

(၁၉၄) တရားမရှိ၊ စကားမရှိ၊ အနက်မရှိ၊ သဒ္ဒါမရှိ ပါဘူးဗျား။

| အဝိဇ္ဇမာနနောအတ္တေ |
| --- |
| နတံသက္ကာထပေတဝေ |
| ဝိဇ္ဇမာနပနတ္တမှိ |
| သက္ကာကွဲရံ ပေတဝေ |

(ကစ္စာယန ဝဏ္ဏနာပါဠိ နှင့် မဏိသာရ မဉ္ဇူသာ ဋီကာပါဠိ ဂါထာပါတဲ။ အတ္တေ၊ အနက် ဒြပ်၊ သဘော မရ မတ် သည်။ အဝိဇ္ဇမာနကော၊ တကယ်ပင်မရှိခဲ့သော်။ တံ၊ ထိုအမည်နာမ သဒ္ဒါ၊ပညတ်ကို။ထပေတဝေ၊ တည်ထားခြင်းငှါ။ နသက္ကာ မဖြစ်နိုင်တော့ပါ။ ပန၊ အနက်ရှိမှ သဒ္ဒါရှိပုံ၊ တရားရှိမှ စကားရှိပုံကား။ အတ္တမှိ၊ အနက်၊ ဒြပ်၊ သဘော၊ ပရမတ် သည်။ ဝိဇ္ဇမာနမှိ၊ ထင်ရှားရှိခဲ့သော်။ အကွဲရံ၊ အမည်နာမ ဆဒ္ဒါပညတ်ကို။ ထပေတဝေ၊ ရေးသား မှတ်ထားခြင်းငှါ။ သက္ကာ၊ ဖြစ်နိုင်ပါတော့၏။ (အနက်ရှိမှ သဒ္ဒါရှိတယ်။)

(၁၉၅) အနက်ရော သဒ္ဒါရော ဘုရားမပွင့်မှီ ရှစ်ကပ် က ဦးစွာပေါ်နေပုံ။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| --- | --- | --- | --- | --- | --- | --- | --- |
| အန္တရကပ် ရှစ်ကပ်၌စပေါ် ဘုရားမပွင့်သေးပါ။ | | | | | | | |

| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| --- | --- | --- | --- | --- |
| ဘုရားငါးဆူပွင့် ပရမတ်ပြရပုံ | | | | |

ယခုဘဒ္ဒကမ္ဘာကြီး စ၍ပေါ်လာတော့။ အစ၌ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ အဋ္ဌမ အန္တရကပ်များ တခုပြီးတခုပေါ်လာသည်။ ကမ္ဘာ ဦး ပထမကပ်၌ ကမ္ဘာဦးသူ လူပညာရှိကြီး တွေဟာ မြင်ရ ကြားရတော့ လူအနက်ကိုမြင်တော့ မနုဿဟု၊ သဒ္ဒါထား

ကြတယ်။နတ်အနက်ကိုမြင်တော့ ဒေဝဟု၊ဗြဟ္မာအနက်မြင်တော့ ဗြဟ္မာဟု၊မိမ္မအနက်ကိုမြင်တော့ဣတ္ထိဟု၊ယောကျ်ားအနက်ကိုမြင်တော့၊ ပုရိသဟု၊ သဒ္ဒါအက္ခရာ အမည် နာမ ပညတ်ထားကြသည်။ ၎င်းသဒ္ဒါအသံချေတို့ဟာ အနက်ရှိနေလို့ဟာ သဒ္ဒါအက္ခရာ အမည် နာမ သညာ ပညတ်တွေ ဖြစ်လာရတာပါ။ အနက်သာ မူလပါ။ အဲဒီ အခါတုန်းက ဘယ်ဘုရားမှ မပွင့်ကြသေးပါ။ ဒါ့ကြောင့် အဲဒီသဒ္ဒါတွေ အက္ခရာတွေ အမည် နာမတွေ၊ သညာတွေ၊ ပညတ်တွေကို ဘုရားက ထားခဲ့တာဘဲဟု (မစွပ်စွဲကြပါနဲ့) ဂ. မှာဦးသူ လူပညာရှိကြီးတွေက အထင်နဲ့ ထားခဲ့တာတွေဟု စွပ်စွဲကြပါလေ။(လောကသင်္ကေတနိမ္မိတာ။)သင်္ကြူဟ်ပါဠိ(အနက်ကါး)သေါ၊ကျသည်တို့ကါး။(လောကသင်္ကေတနိမ္မိတာ) ကမ္ဘာဦးသူ လူပညာရှိကြီးတွေက သမုတ်ခဲ့တုန်း၏တဲ့။

(၁၉၆) အန္တရကပ် (၈)ကပ်လုံး ပညတ် သညာက အုပ်စိုးနေသဖြင့် အန္တရကပ် ကိုးကပ်၌ ကက္ကုသန်ဘုရား။ (၁၀)ကပ်၌ ကောဏာဂုမ်ဘုရား။ (၁၁) ကပ်၌ ကဿ... ဘုရား။ (၁၂)ကပ်၌ ဂေါတမဘုရား။ (၁၃)ကပ်၌ အရိမေတ္တေယျဘုရား။ ငါးဆူတို့ဟာ တဆူပြီး တဆူပွင့်ပွင့်လာကြတော့ ပထမဘုရားက ဒါကစိတ်ပရမတ်ဘဲ။ ဒါကစေတသိက်ပရမတ်ဘဲ။ ဒါကရုပ်ပရမတ်ဘဲ။ ဒါကနိဗ္ဗာန်ပရမတ်ဘဲဟု ပညတ်ထဲမှ ခွဲထုတ်၍ သီးသီး-သန့်သန့် (သဘောတရားသက်သက် ပရမတ်ကို ထုတ်ပြ-ဟောပြကြသည်။ ဒီတော့

(၁)ပထမသိနေကြတာကပညတ်။ (၂)နောက်မှ သိဘို့က မရမတ်ဟု ကွဲကွဲ-ပြားပြားဖြစ်လာသည်။

(၁၉၇) ပညတ်ခြင်း၊ သညာပေးခြင်း၊အက္ခရာထား ခြင်းပြုတဲ့ကမ္ဘာဦးသူ လူပညာရှိတို့ကို စေဘန်၍ကြည့်တော့ ၎င်းကမ္ဘာဦးက ပထမဦးစွာ လူတွေဟာ လူကိုမနုဿဟု ယောကျ်ားကို ပုရိသဟု မိမ္မကို ဣတ္ထိဟု ပညတ်ကြတယ်။ အက္ခရာထားကြတယ်။ အမည်ပေါင်းအနန္တကို ထားခဲ့ကြ တယ်။၎င်းတို့ဟာ မုက္ခ၂အားဖြင့် ပုထုဇဥ်တွေပါဘဲ။ပုထုဇဥ် ဆိုတာ(ပုထုဇ္ဇနော ဥမ္မတ္တကောပါ)(၂) ပုထုဇ္ဇနောအန္ဓော ပါ။ (၃)ပုထုဇ္ဇနောဗါလောပါ။ (၄)ပုထုဇ္ဇနောဝိပ္ပလ္လာ သောပါ။ သို့လက္ခန် အဌကထာကျမ်းဂန်၌ ပြထားသော ပုဒုဇဥ်အမှင့်နှင့်ကား (၁၂)ပါးသော အယုတ်လက္ခဏာ တို့နှင့်ပြည့်ဝ၍နေကြသော အရူးတွေ၊ အကာဏ်းတွေ၊ဗာလ တွေ၊ ဝိပ္ပလ္လာသတွေသာဖြစ်၍။ ငါတို့လိုစာသိ၊ ပေသိ၊ကျမ်း သိ၊ဂန်သိနှင့်ပင် ၎င်းတို့၏ အရူးစကားတွေကို အကာဏ်း၏ စကားတွေကို ဗာလ၏စကားတွေကို၊ ဝိပ္ပလ္လာသ၏စကား တွေကို လိုက်နာပြီးသုံးစွဲရပေမဲ့ ပဓါနစကားဟု မယူမဆ နိုင်ပါ။(ပယ်လို့မရသောကြောင့်သာ) သုံးစွဲရကြရပေမည် ဖြစ်တော့သည်။

(၁၉၇) မြတ်စွာဘုရားများ ပွင့်ထွန်း ပေါ်ပေါက်၍ လာတော့ ရင်းကမ္ဘာဦးက လူပညာရှိတွေသမုတ်ခဲ့တဲ့စကားတွေကို ဝေါဟာရအဖြစ်ဖြင့်ကားသုံးစွဲကြတော့ (ဝိပဿနာအဖြစ်နှင့်ကား ပယ်ရှားပြီး (သဘောပရမတ်) ကိုသာ အရရှာ၍ ရှုကြလေ။ ပရမတ်သဘာဝကိုရှုမှ မင်္ဂရ၊ ဖိုလ်ရ နိဗ္ဗာန်ရကြမည်ဟု ပညတ်နဲ့ပရမတ်ကို သူ့နေရာနဲ့ သူသုံးစွဲကြရန် ပိုင်းခြားခဲ့သည်။

(၁၉၉) ၃၁-ဘုံ၌ နေစဉ် ဝေါဟာရနဲ့သာ သုံးစွဲ၍ ဝိပဿနာအခိုက်၌ ရင်းပညတ်တွေ ရှောင်ကြဉ်ပြီး ပရမတ္ထသဘာဝကိုသာ ရှုကြဟု မိန့်တော်မူခဲ့သည်။ (ပညတ္တိ ထပေတွာ။)တဲ့ ပဟာတဗ္ဗ ပယ်ဘို့ဘဲ။x (နိဗ္ဗတ္တိတ ပရမတ္ထဝသေန၊ ဝိပဿတီတိ ဝိပဿနာ၊) ဘာဝေတဗ္ဗ ပြသည်။ သဘောပရမတ်ဆတ်ဆတ်သာ ဝိပဿနာအနေနဲ့ ရှုပွါးကြပါတဲ့။ရင်းကမ္ဘာဦးကလူများ ပညတ်ခဲ့သော စကားတွေကို (ဝိပဿနာအခိုက်၌)လုံးဝ ပယ်ရှားထားကြ၊ တာမှ မင်္ဂရ ဖိုလ်ရ၊နိဗ္ဗာန်ရမည်တဲ့။ (ကြည့်ပါ) ဝိပဿနာအရာ၌ ရင်းစကားတို့ပယ်ရပုံမှာ [နသတ္တော၊ နနရော၊ နဣတ္ထီ၊ နပုရိသော စသည်ဖြင့် (၂၆) ဌာနထား၍ ပယ်ရှားခြင်း ပြုခဲ့သည်။ သတ္တဝါမရှိ၊ လူမရှိ၊ မိမ္မမရှိ၊ ယောကျ်ားမရှိ ပယ်ပုံ (စိတ်, စေတသိက်, ရုပ်,သဘာဝတွေသာရှိတယ်။ ဘာဝေတဗ္ဗဖြင့် သိသိ-သာသာကြီး ရှင်းလင်းပြခဲ့တယ် မဟုတ်ပါလား။

(၂၀၀) ဝိပဿနာအခိုက် ဘုရားအကြိုက်ကို ပြပုံမှာတော့ [ဣတိစိတ္တံ၊ စေတသိကံ၊ ရူပံနိဗ္ဗာနမိတ္တိပိ၊ ပရမတ္ထံ ပကာသေန္တိ စတုဓါတထာဂတာ။] ဟူ၍၎င်း။ တဖန် [တတ္ထဝုတ္တာဘိဓမ္မတ္ထာ၊ စတုဓါပရမတ္ထတော၊ စိတ္တံ၊စေတသိကံ ရူပံ နိဗ္ဗာနမိတိသဗ္ဗဒါ။]ဟူ၍၎င်း။ ပြခဲ့သည်ဘုရား၏အကြိုက်မှာ မိမ္မယောကျ်ား၊ လူ၊ နတ်၊ပြဟ္မာတော့မရှိဘူး။ အသင်သာဘဲ။ ရှိတာကား စိတ်သဘောပရမတ်က (၁၂၁)ပါး။ စေတသိက်သဘောပရမတ်က(၅၂)ပါး။ ရုပ်သဘောပရမတ်က(၂၈)ပါး။ နိဗ္ဗာန်သဘောပရမတ်က (အသင်္ချေတဆောင်ကျော်ဘဲ ရှိနေတဲ့သဘောပရမတ်ကိုသာ ရှုနေကြတော့။မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုရမည်မလွဲတည်းတဲ့။

(၂၁၁) (သဟဇာတပစ္စယော)တွဲသင့်တာနဲ့ တွဲတော့ မဂ်၊ဖိုလ်၊နိဗ္ဗာန်ကိုရကြပုံမှာ--။

စိတ်နဲ့နိဗ္ဗာန်အာရုံတွဲ၊ ရုပ်နာမ်ဟာ သစ္ဆိကိရိယစိတ်ဖြစ်လာသည်။စိတ်နဲ့ဖိုလ်နဲ့တွဲတော့ ရုပ်နာမ်ဟာ ဖလသမာပတ္တိစိတ်လာသည်။ စိတ်နဲ့မဂ်နဲ့တွဲတော့ ရုပ်နာမ်ဟာ မဂ္ဂသမာပန္နစိတ်ဖြစ်လာသည်။ စိတ်နဲ့ မဂ္ဂင်နဲ့ တွဲတော့ ရုပ်နာမ်ဟာ မဂ္ဂင်စိတ်ဖြစ်လာသည်။ စိတ်နဲ့ဗောဇ္ဈင်းနဲ့တွဲတော့ ရုပ်နာမ်ဟာ ဗောဇ္ဈင်စိတ်ဖြစ်လာသည်။ စိတ်နဲ့ဗောဓိပက္ခိယတွဲ ရုပ်နာမ်ဟာ ဗောဓိပက္ခိယစိတ် ဖြစ်လာသည်။ စိတ်နဲ့ဉာဏ်နဲ့တွဲတော့ ရုပ်နာမ်ဟာဉာဏ်စဉ်စိတ်ဖြစ်လာသည်။ စိတ်နဲ့ဝိပဿနာ တွဲတော့ ရုပ်နာမ်ဟာ ဝိပဿနာစိတ် ဖြစ်လာသည်။

(၂၀၂) (သဟဇါတပစ္စယော)မတွဲသင့်တာနဲ့တွဲတော့ ၃၁-ဘုံထဲ ရောက်ပြန်သည်။ စိတ်နဲ့သမထနဲ့တွဲ၊ ရုပ်နာမ်ဟာ ဗြဟ္မာကြီးစိတ်ဖြစ်လာသည်။ စိတ်နဲ့သီလတွဲတော့ ရုပ်နာမ် ဟာ နတ်စိတ်ဖြစ်လာသည်။ စိတ်နဲ့ဒါနတွဲတော့ ရုပ်နာမ် ဟာ လူစိတ်ဖြစ်လာသည်။

(၂၀၃) (သဟဇာတပစ္စယော)ပဟာတဗ္ဗနဲ့တွဲမိတော့ နစ်နာခံရပုံမှာ--

စိတ်နဲ့လောဘတွဲတော့ ရုပ်နာမ်ဟာ ပြိတ္တာစိတ်ဖြစ်လာ သည်။ စိတ်နဲ့ဒေါသတွဲတော့ ရုပ်နာမ်ဟာ ငရဲစိတ်ဖြစ်လာ သည်။ စိတ်နဲ့မောဟနဲ့တွဲတော့ ရုပ်နာမ်ဟာ တိရစ္ဆာန်စိတ် ဖြစ်လာသည်။ စိတ်နဲ့မောဟတွဲတော့ ရုပ်နာမ်ဟာ အသူရ ကာယ်စိတ် ဖြစ်လာသည်။ စိတ်နဲ့ပညတ်တွဲတော့ ရုပ်နာမ် ဟာ ကိလေသာစိတ်ဖြစ်လာသည်။ စိတ်ကို ပဓါနဖြင့်ပြပေမဲ့ ရုပ်ဟာလဲ သူ့ရုပ်ပုံပေါ်လာသည်။အသီးသီးသည့်ပြကြပါ။

## (၂၀၄) ၃၁-ဘုံသားတွေအားရှိစရာ

(က) တန္ဒယ်ငင်တစဉ်လုံးပါ။(အမိပွါယ်အစ အလယ် အဆုံးဘိ သိထားကြပါ။

(ခ) အသီးတရာ အညာတခု။(အမိပွါယ်ကို စုံစုံ-လင် လင် သိနေကြစေပါ။

(ဂ) တချက်ခုတ် အါးလုံးပြတ်။(ရှင်း၏သတ္တိ-ဗျတ္တိကို နားသည်ကြပါ။

(ဃ) (အတ္ထတောဧကံ ဗျဉ္ဇနတောနာနာ။)

အတ္ထတော၊ အနက်သဘောအားဖြင့်။ ဧကံ၊ တခုထဲပါ။ ဗျဉ္ဇနတော၊ သဒ္ဒါအားဖြင့်။ နာနာ၊ အသင်္ချေ အနန္တမျှမက ဓအောင် အသီးအသီးအထွေထွေ ထူးခြားနေတော့၏။

(င) (ဣမေဓမ္မာ ဧကတ္တာ ဗျဉ္ဇနမေဝနာနာ။) မူလ ပဏ္ဏာသပါဠိတော်မဟာဝေဒလ္လသုတ်တော်။ နံပါတ်-၃၄၃ ကြောင်းရေ-၅ ဟုံ။ ။ဣမေဓမ္မာ၊ ဤတရားဟောသမျှ သော တရားတို့သည်။ ဧကတ္တာ၊ တခုထည်းသော အနက် သဘောရှိကြကုန်၏။ ဗျဉ္ဇနမေဝ၊ သဒ္ဒါအားဖြင့် သာလျှင်။ နာနာ၊ ထူးထူးထွေထွေ အသင်္ချေမက များပြားကြကုန်၏။

(၂၁၅)(စ) (ဘဂဝါ၊ ဧကံဓမ္မံ၊ ဝိဝိဓါဟိ၊ ပညတ္တီဟိ အာရောပေတွာ ဒေသေတိ။) ဧကင်္ဂုတ္တိုရ် ဋီကာကြီး။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧကံဓမ္မံ၊ တခုထည်းသော တရားတော်ကိုသည်း။ ဝိဝိဓါဟိ၊ အထူးထူးအပြားပြားများ ပြားလှကုန်သော။ ပညတ္တီဟိ ပညတ်တို့ဖြင့်။ အာရောပေတွာ၊ တင်စား၍။ ဒေသေတိ၊ ဟောပြတော်မူ၏။ တခုထဲကို သဒ္ဒါ နည်းများစွာဖြင့် ချဲ့၍ဟောသည်။

(၂၁၆)(ဆ) ဥပမာ၊ (ပထဝီ၊ အာပေါ၊ တေဇော ဝါယော၊ ဝဏ္ဏော၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတဲ့ ကလာပ်တစည်းထဲ ကိုပင်။ ပထဝီဓါတ်ဘဲ၊ အာပေါဓါတ်ဘဲ၊ တေဇောဓါတ်ဘဲ၊ ဝါယောဓါတ်ဘဲ။ ကလာပ် ၂-စည်းဘဲ။ စသည်ဖြင့်မှည့်ခေါ် ကြသည်။ (ရှိတာက ကလာပ်တခုထဲပါဘဲ။)

(ဇ) လူရုပ်နာမ်၊နတ်ရုပ်နာမ်၊ဗြဟ္မာရုပ်နာမ်၊ သတ္တဝါ ရုပ်နာမ်ဟူ၍ ၃၁-ဘုံမှာ အသက်ရှိတာ မှန်သမျှ ရုပ်နာမ်နဲ့ သာဖြစ်ကြသည်။ ရုပ်နာမ် ၂-ပါးဘဲရှိနေသော်လည်း။ရုပ် နာမ်ရှိတာတွေကို ပုဂ္ဂိုလ်အနေနဲ့ခွဲပြသော် အသချေ်လဲမက တော့ပါ။ အဲဒါတွေဟာလဲ ရုပ်နာမ် ၂-ပါးက ထွက်ထွက် လာတဲ့ အသချေ်တွေပါ။ အနန္တတွေပါ။

(၂၀၇)(ဈ) (လောကဓါတု)အဲဒါပါဠိလိုဘဲ။(လော ကဓါတ်)အဲဒါပမာလိုဘဲ။လောကတခုလုံးဟာ ဓါတ်တမျိုး ဘဲရှိသည်။ရင်းဓါတ်တမျိုးကို ခွဲသော်အနန္တ ကဘဲ ကျယ် သွားမည်။

(ည) ပေါ်တဲ့ဓါတ်တခုထဲက ဝိနည်းငါးကျမ်း၊ သုတ် ၃-ကျမ်း၊ အဘိဓမ္မာ ၇-ကျမ်း၊ ပိဋကတ် ၃-သွယ်၊နိကာယ် ငါးဖြာ၊အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)လောက် ကျယ်ပြန့်လာသည်။

(ဋ) ကောဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီက တော၊အဘိညာယ၊ သံဗောဓါယ၊ နိဗ္ဗာနာယ၊ သံဝတ္တတိ။) ကေနိပါတ်အင်္ဂုတ္တိုရ်နှင့်ဝိသုဒ္ဓိမဂ်အဋ္ဌကထါ တရားတခုထဲက ခွဲချဲ့လာလိုက်ထာ အသချေ်လဲမကပါ။ အနန္တလဲမကပါ။ နားလည်ထားကြပါ။

(ဌ) ကောယနော အယံခေါဘိက္ခဝေ၊မဂ္ဂေါ၊သတ္တာနံ ဝိသုဒ္ဓိယာ၊ သောကပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါ မနဿာနံ၊ အတ္ထင်္ဂမာယ၊ ဉာယဿအဓိဂမာယ၊ နိဗ္ဗာနဿ

သစ္စိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။] မဟာ
သတိပဋ္ဌာနသုတ်တော်။ နံပါတ်-၂၀၄၊ ကြောင်းရေ-၁၈
ဇံမူမှ၊ ၎င်းပေါ်သတိထား ဒုက္ခခံရှုရ၊စိတ်ကသိနေရ၊ ၎င်း
၃-ပါး၌ အထယ်၊ ဒြပ်၊ ပုံစံ၊ သဏ္ဌာန်မရှိရ၊ ငါ,သူ,လူ,နတ်,
ပုဂ္ဂိုလ်,သတ္တဝါလဲမရှိသဖြင့် ဓါတ်တရား၊သတိပဋ္ဌာန်ဖြစ်၍
နေပါပြီ တက်ပါပြီ။

(၃) ကေဂ္ဂတါအင်္ဂါ ၆-ပါးကို စိတ်တခုထဲနေအောင်
ယူထားလို့ ကေဂ္ဂတာ ဖြစ်သည်။ သမာဓိဖြစ်သည်။ ၎င်းမှ
ကျယ်ကျယ်လာလိုက်ထာ အနန္တမကတော့ပါဘူး။

(၁) ယခုပြခဲ့ပြီးသားတွေကိုထောက်၍ (သေိ)ပေါ်
လျှင်၊အာရမ္မဏပစ္စယော၊ တခုသာယူပြီး။၎င်းတခုထဲမှ ကျင့်
တိုင်း-ကျင့်တိုင်း ထွက်ထွက်လာ၍ အားလုံးပါပြီ။ ပြည့်စုံ
ပ ပြီ။ တခုမှမကျန်တော့ပါ။ (သာဓကမှာ)သတ္တံ၊သဗ္ဗညုနံ
ကောလပရိပုဏ္ဏံ၊ ပရိသုဒ္ဓံ၊ ပရိယောဒါတံ။) ပါဠိတော်
များစွာမှာတွေ့ရသည်။ အနက်နဲ့လဲပြည့်စုံပါတယ်။ သဒ္ဒါနဲ့
လဲပြည့်စုံပါတယ်။ထက်ဝန်းကျင်မှပြည့်စုံပါတယ်။ စင်ကြယ်
ပါတယ်။ ပြိုးပြိုးပြက်ပြက် ဉာဏ်ရောင်လဲ ထွက်နေပါပြီဟု
သိကြပါ။ (တခုမှများစွာ ဖြစ်လာကြရပုံ ပြချက်ပါဘဲ။)

## (၂၀၈) ဤ၀တ္ထုလို မဖြစ်ကြပါစေနှင့်

### ဆင်းရဲသားနှင့်သူဌေးသား

ရှေးရှေးအနှစ် ၄၀-လောက်တုန်းက မြို့တမြို့မှ သူဌေး
သားတဦးဟာ မိဘအားကိုးနှင့် လယ်ယာ,မိုးမြေ,ရွှေ,ငွေ

ဆန်ရေစပါး အားကိုးနှင့် ခေတ်ပညာသင်တော့လဲ မြို့ပိုင်ရာထူးလောက် ရရုံမျှသာ သင်၍ အိမ်ထောင် ပြုတော့လဲ ပစ္စည်းငွေကြွယ်သော သူဌေးသမီးနှင့် အိမ်ထောင်ပြုလျက် မြို့ပိုင်ရာနှင့် ကျေနပ်၍နေသည်။ ။တဦးကား မိမဲ့-ဖမဲ့ ဖြစ်၍ ဘုန်းတော်ကြီးတပါးက ထောက်ပံ့၍ခေတ်ပညာသင်ရသည်။ဘေးဘီက ဘာကိုမှ အားကိုးစရာမရ၍ ပညာကိုဘဲ မနားမနေကြိုးစားရာ(စကောလာရှစ်)ရသည်။ ဇတိုင်ဘင်နှင့် အင်္ဂလန်ပြည်၊ အမေရိကန်ပြည်သို့သွားရသည်။ပြန်လာတော့ အတွင်းဝန် ဖြစ်လာရသည်။ သူဌေးသားမှာတော မြို့ပိုင်လောက်သာ မိမဲ့-ဖမဲ့သားမှာတော့ အတွင်းဝန်ဖြစ်၍နေသည်။ဘုရားထူးရမှာလဲခက်ခဲ၊ မထူးဘဲနေရမှာလဲခက်ခဲသဖြင့် များမကြာမီပင် ရာထူးကနှုတ်၍ ကိုယ်ပိုင်အလုပ်နှင့် ခပ်ကုပ်ကုပ်နေရသည်။ ဒီလိုမဖြစ်စေနှင့်။

## (၂၀၉) သားတော် ၄-ပါးနှင့်ဘုရင်ကြီး

ဘုရင်ကြီးမှာ သားတော် လေးပါးရှိတယ်။ ညီလာခံစဲတော့ သားတော် လေးပါးကို မိမိကြိုက်ရာဆုကိုတောင်းကြတော့ဟု ခွင့်ပြုသည်။ သားတော် အကြီးဆုံးကား ငါဟာ အိမ်ရှေ့မင်းသဲဖြစ်ခဲ့ပြီ၊ ဘုရင်မဖြစ်မီ တခုခု ပိုမိုရအောင် တောင်းမည်ဟုကြံစီ၍ ဆင်-၀၀၀၊ မြင်း-၁၂၀၀၊ လူ-၂ သောင်းတောင်းသည်။ ဘုရင်ကလဲပေးသည်။ (၂)ဒုတိယ သားတော်ကား အကိုကြီးတောင်မှ ဤမျှသာတောင်းသည်

ရင်းထက်ပိုမိုဘောင်း၍ မလျှော်ဟု ဆင်-၄၀၀၊ မြင်း-၈၀၀ လူ-၉၀၀၊ တောင်းသည်။ ပေး၏။ (၃) တတိယ သားကလဲ လျှော့ပေါ့၍ ဆင်၃၀၀၊ မြင်း-၆၀၀၊ လူ-၇၀၀၊ တောင်း သည်။ ပေး၏။ (၄) စတုတ္ထအငယ်ဆုံး သားတော်ကား ကံ ချင်းစာလျှင် ငါ့ဟာအညံ့ဆုံးတည်း။ ဉာဏ်ကွန့်မှလျှော်မည် ဟု ကြံစီ၍ ကျွန်တော်မှာ ဘယ်အားမှမရှိပါ။ ကံကလဲ ငယ်ပါသည်။ ဉာဏ်အတွက် ဘုရင့်ရာထူးကိုသာ ပေးပါဟု တောင်းတော့ ဘုရင်က (ဂတိအတိုင်း) ပေးသဖြင့် အထွေး ဆုံးဟာ ကံကညံ့ပေမဲ့ ဉာဏ်အတွက် ဘုရင်ဖြစ်သွားသည်။ သို့ကြောင့် ကံထက်၊ ဉာဏ်ကသာလွန်ပုံကို မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် သက်သေပြကြပါကုန်လော့။

## (၂၁၀) အရှင်ပေါဋ္ဌိလနှင့် ခုနစ်နှစ်အရွယ် ရဟန္တာရှင်သူငယ်

အရှင်ပေါဋ္ဌိလမှာ ပိဋကတ် ၃-သွယ်၊ နိကာယ်ငါးဖြာ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) တတ်မြောက်ပေ မဲ့ ကလျာဏပုထုဇဉ်လောက်ဘဲမြင့်နေသည်။ စာပေဘက်က တလုံးမှ မရသေးသော (၇) နှစ် ရှင်သူငယ်မှာ ရဟန္တာအထိ ဖြစ်ထားသည်။ အောက်တန်း ပရိယတ်နှင့် အလယ်တန်း ပဋိပတ်ခြားနားနေပုံပြသည်။

## (၂၁၁) အရှင်မဟာသီဝနှင့်အရှင်စူဠပန် ၂-ဦး၊တို့၏ဖြစ်ပုံ

အရှင်မဟာသီဝမှာ ပိဋကတ်၌ ဘုရင်ဖြစ်၍ (၁၈)ရပ်သောတိုက်တာတို့၌ စာချကြီးဖြစ်နေသည်။ ပဋိပတ်ဘက်သို့ပြောင်းလာခဲ့တော့ အနှစ်ပေါင်း (၃၀)လောက် ကျင့်မှ ရဟန္တာဖြစ်သည်။ စူဠပန်ကား တဂါထာကိုပင် မရနိုင်ပါ။ တာပေမဲ့ (ရဇောဟရဏံ)ကို ရွတ်ပြီး ပုဝါစုပ်ကို ပွတ်ရာ ဖေါက်ပြန်ပုံကိုသိ၍ အတွင်းအဇ္ဈတ္တသို့ ဉာဏ်စိုက်သဖြင့် တခဏနဲ့ ရဟန္တာဖြစ်ရသည်။

## (၂၁၂) သံဃသရဏဂံ ဏ္ဍာဝိ ချက်ချင်း လက်ငင်းလွတ်ရပုံ

သက္ကရာဇ် ၉၉၉-ခုနှစ်ကာစ၍၊ ၁၀၃၃-ခုနှစ်အထိ အင်းဝပြည်မှာ တောင်ဖီလာဆရာတော်ဆိုအလွန်တရာကျော်စော လှ ထငီပေါ်လှ၊ နာမည်ကြီးလှသည်။ဘုရင်ကပင် သာသနာပိုင်တင်ခံရ၏။အင်းဝပြည်၌ သူခိုးကြီးတဦးဟာ ဘယ်မှာဘဲ ခိုးခိုး မိရိုးမရှိပေ။ သူဌေးအိမ်မှာ ခဏ-ခဏအခိုးခံရသည်။ ၎င်းရပ်ကွက်က လူများသည်။ တွေးမိ၊တောမိ ကြံစီမိကြသဖြင့်တနေ့သ၌တော့စည်းဝေးကြတယ်၊ဦးကြီးတို့ ကျွန်တော်တို့ရပ်ကွက်ထဲက သူဌေးအိမ်မှာ ခဏ-ခဏ အခိုးခံခံနေရတယ်။သူဌေးက လုံလုံ-ခြုံခြုံသတိ ဝီရိယနှင့်နေလို့ သူခိုးဟာ ပစ္စည်းမရခဲ့သော် မုက္ခ၂ပင်ကျွန်တော်တို့ရပ်ကွက်ထဲ၌ ခိုးယူမည်။မလွဲပါ။အဲဒီတော့ သူခိုး၏မီးဟာသူဌေးအိမ်၌လောင်

နေတုန်းမှ ရပ်ကွက်ရှိလူများက ဝိုင်းဝန်း၍ ဖမ်းဆီးလျှင် သူခိုး၏မိန်းမဟာ ကျွန်တော်တို့အိမ်များသို့ ကူးစက်လာမည် မဟုတ်ပါ။ (အရပ်ကောင်းမှု၊ အလောင်းလှ) စကားပုံကဲ့သို့ အရပ်ကောင်းဖြစ်ကြဘို့အချိန်သို့ရောက်ပြီဟုဆိုချင်ပါသည် ယနေ့ညဉ့်ဘဲအားလုံးပုံးလျှို၍ သူခိုးကိုအမိဖမ်းကြစို့ရဲ့ဟု စည်းဝေးရင်းအဆိုသွင်းသည်။ တရပ်လုံးက ထောက်ခံကြ သည်။ ညအချိန်၌တရပ်ကွက်လုံးပုံးလျှို၍ချောင်းမြောင်း ၍နေကြသည်။ သူခိုးလဲအရင်ကနေ့များကဲ့သို့ ထင်မှတ်၍ခိုး ရအောင်လာသည်။ ။လူများက မခိုးရသေးမှီ ဖမ်းလျှင် အမျိုးမျိုးလှည့်ပတ်၍အလွတ်ရုံးထွက်နိုင်သည်။ ခိုးပြီးမှ သူ ခိုးလက်ထဲ၌ ခိုးရာပါပစ္စည်းနှင့်တကွ လက်ပူးလက်ကြပ်ဖမ်း မိလျှင် ဘယ်လိုမှဆင်ခြေ ဆင်လက် မကန်နိုင်ဟုဆုံးဖြတ်၍ အသွား၌မဖမ်းဘဲ ခိုးပြီး၍ပြန်လာမှတရပ်လုံးကဝိုင်းဝန်း၍ ဖမ်းကြသည်။ သူခိုးမှာပစ္စည်းနှင့်တကွအဖမ်းခံရ၍ငါတော့ မုချသေရတော့မည်ဟုဆုံးဖြတ်ချက်ချသည်။ သူခိုးကို မြို့ဝန် ထံသို့ခေါ်ပြီးအပ်ကြသည်။ မြို့ဝန်က၊ ဟယ်သူခိုးမောင်မင်း ဟာ ခိုးရာပါပစ္စည်းနှင့်တကွ အဖမ်းခံရပြီ၊ ဘာများပြော ချင်သေးသလဲ။

သူခိုးက။ ။မသေမှီကလေး ပြောချင်ပါသေးတယ်၊ ပြောလိုတာကတော့ ကျွန်တော့ကို ခိုးရာပါပစ္စည်းနဲ့မိထား ပါသည်၊ တာပေမဲ့ ကျွန်တော်ဟာ သာမန်မဟုတ်ပါ။ [တောင်ဖီလာသာသနာပိုင်ကြီးရဲ့တူအရင်းပါ]ဟူ သံဃ

သရဏဂုံမိတော့၏။ သေခါနီး၌သံဃာတော်ကို မှီခိုလေသည်၊ မြို့ဝန်၏စိတ်၌ဖြစ်သွားသည်မှာ ငါ့ကဥပဒေအတိုင်း သတ်စေဟု အမိန့်ပေးစေကာမူ တောင်ဖီလာ ဆရာတော်ကြီးကအလှူခံလိမ့်မည်၊ အလှူခံလျှင် ဘုရင်ပေမဲ့ လှူပေလိမ့်မည်။ ဒီလိုဖြစ်သော် ငါပေးတဲ့အမိန့်ဟာ ဘာမှမထိရောက်ဘဲ ရှင်း၏ဆွေမျိုးတွေကသာ ငါ့ကို ဆဲဆိုကဲ့ရဲ့ တော့မည်။ တောင်ဖီလာဆရာတော်၏ တူအရင်းဘဲဟုဆိုသဖြင့် မြို့ဝန်က ကဲကဲ၊ လုလင်များ သူခိုးမှ (၁) လက်ပြန်ကြိုးကိုဖြေကြတော့။ (၂) လက်ထိပ်ကိုဖြုတ်ကြတော့။ (၃) သံချောကျင်းကိုဖြုတ်ကြတော့။ (၄) ထိပ်တုံးကိုဖြုတ်ကြတော့ဟုအမိန့်ပေး၍ ကျွတ်လွတ်သွားတော့သည်။ တောင်ဖီလာ ဆရာတော်၏တူအရင်းဘဲဟု ပြောခြင်းဟာ (ပရိယတ္တိသာသနာတည်း၊ ဒါကြောင့် ဒီမျှသက်သာ သေးသည်) သူခိုးကိုကျောင်းသို့ ခေါ်သွားပြီး ဆရာတော်ကြီး၏ ရှေး၌ ဟုတ်မဟုတ်မေးမည်။ မေးတာဖြေမှ (ပဋိပတ္တိ သာသနာ ဖြစ်မည်ဟု)ပြောကာခေါ်၍သွားလေသည်။ ။ရှေးသို့ရောက်လျှင် ဆရာတော်ကြီးက ဘာကိစ္စလဲ မြို့ဝန်ရဲ့မေးလည်။

မြို့ဝန်က။ ။ဤသူဟာ ပစ္စည်းနဲ့တကွ အဖမ်းခံရသောသူခိုးပါ။ (တောင်ဖီလာဆရာတော်ကြီး၏ တူအရင်းဘဲ။)' ဟု ပြောသဖြင့် မှန်မမှန် ဟုတ်မဟုတ်လာပြီးလျှောက်ထားလာပါသည်တဲ့။ ။တောင်ဖီလာ ဆရာတော် ကြီးသည်။ သူခိုးကို သေသေချာချာကြီး ကြည့်ပြီးတော့ [စိတ်ထဲက

အင်းငါ့တူလဲမဟုတ်ချေ၊ ငါ့တူမဟုတ်ဘူးလို့ ပြောလျှင် ဒီသူခိုးနောင်သေရတော့မည်။ ငါမှာလဲ အာပတ်တခုခုနဲ့ငြိမနေမည်။ ငါ့တူပါဘဲလို့ပြောပြန်ကလဲ ငါဟာဝါကြိမ်တခါမျှမုသာဝါဒစကားမပြောကြားမိဘူးဘဲနှင့်ယခုမှဒီအာပတ်သင့်ရချေမည်။(မြွေမသေ၊ဒုတ်မကျိုး)စကားမျိုးနှင့်ပြောမှ ငါလဲလွတ်သူလဲလွတ်မည်ဟုကြံစီမိ၍အကြံယူလိုသဖြင့်ကျောင်းခမ်းထဲသို့ခဏမျှဝင်သွားသည်။ ပြန်ထွက်လာတော့တဖက်ကဒုတ်ကြီးနဲ့၊ တဖက်ကသစ်သားတောင်ဝှေးနှင့် မျက်နှာကလဲရှစ်ခေါက်ချိုးကြီးနှင့် ထွက်လာခဲ့ပြီး မြို့ဝန်၏အနီး၌ ရပ်၍စိတ်ဆိုးမာန်ဟန်ပြုပြီး ပျဉ်ကိုဒုတ်ကြီးနဲ့ ဆောင့်ပြီးတော့ဒီလူဟာ ငါ့တူမဟုတ်ဘူးလို့ ဘယ်သူပြောရဲသလဲဟု မာန်မဲတော့သည်။မြို့ဝန်နှင့်လူများလဲ ကျောင်းမှဆင်း၍ ပြေးကြသည်။ ။သူခိုးကပါပြေးမည်ပြုလျှင် နင်နေအုန်း၊နင်ဟာငါ့ကိုပင် သူခိုး၏ ဦးကြီးဖြစ်အောင် နာမည်ပျက်စေသည်။

[သူခိုးက သေဘေးကို ကြောက်လွန်းလို့ပါ ဘုရားဟုတောင်းပန်သည်။]

ဆရာတော်ကြီးက။ ။ကဲကဲ နင်လဲ အကျိုး ရှိအောင် ငါလဲ အကျိုးရှိအောင် ရဟန်းပြုပြီး ခေတ္တမျှ နေရမည်ဟုအမိန့်ပေးတော့။ ၊သူခိုးကလဲဝန်ခံသည်။ ဆရာတော်ကြီးက သံဃာများကိုအပ်ပြီး ချက်ချင်း ရဟန်းပြုပေးကြသည်။ ဝိုင်းပန်း၍ ကူညီအားပေးဆုမ္မကြရာ စေတနာသဒ္ဓါပေါက်၍ စာပေသင်ကြားသည်။ (၁၅)နှစ်လောကြာတော့ ရင်း

ဟာ စာချုပုဂ္ဂိုလ်ကြီးတဆူပင် ဖြစ်၍လာသည်။ (သံဃ သရဏံဂစ္ဆာမိကြောင့် ဘေးတွေကကျွတ်လွတ်ပြီး စာချကြီး အထိ မြင့်တက်၍သွားပါသည်။

## (၂၁၃) သစ်ပင်ခိုတောင် စိုစိုအိအိ

နွေကာလ ၁၂-နာရီ နာရီပြန်တချက်အချိန်တွင် လူတစု ဟာ လယ်ပြင်လမ်းဖြင့် ကူးသန်းကြရသည်။အောက်မြေက လဲပူလှသည်။ အထက်နေကလဲ ပူလှသည်။ ချွေးတွေကလဲ တရွှဲရွှဲနေသည်။တကိုယ်လုံးလဲ တဟိုက်ဟိုက်နေသည်။ သွား ရင်းဘင် မနီးမဝေး၌ရှိနေသော ညောင်ပင်ကြီး အောက်သို့ အားလုံးခိုပြီး နားနေရန်ရောက်ကြ၏။ သစ်ပင်ကြီးအောက် လဲရောက်ရော လေပြေကလေနှင့်ချွေးတွေလဲတိတ်၏။အထက် ပူ၊အောက်ပူလဲငြိမ်း၏။ အမောအဟိုက်လဲပြေ၏။ အဲဒါသစ် ပင်ကို ခိုလို့သစ်ပင်ကကျေးဇူးပြု၍မေးခြင်းပါဘဲ။ ။ဘုရား တရား သံဃာကိုနဲ့ခိုတော့လူဆယ်မျိုးဖြစ်သည်။လတ်လတ် ခိုတော့ နတ် ၆-မျိုးဖြစ်သည်။အကြီးစားခိုတော့ ဗြဟ္မာ၂၀ ဘုံသို့ရောက်ကြရသည်။ ပရမတ်နဲ့ဓါတ်နဲ့ကျင့်ပြီးခိုတော့ ၂၄ သင်္ချေ၊ ကုဋေ(၆၀) ဗိုလ်ခြေတသိန်းဖြစ်၍ အပြန်မရှိဘဲ။ ကျွတ်ကြ၊လွတ်ကြ၊ထွက်မြောက်ကြရသည် မဟုတ်တုံလော။

## (၂၁၄) ဤလိုသံဃာတော်လဲရှိတတ်သည်

ရှေးရှေးတရွာ၌ ရွာသားများသည်။ ကျောင်း ဆောက်ပြီး သံဃာတော် တပါးကို ပင့်ပြီး တင်ကြသည်။ ထိုသံဃာတော်ဟာ စာလဲတတ်လှ၏။ ဝိနည်းလဲရိုသေလှ၏။

အနေလဲကောင်းလှ၏။ အဟောကောင်း၊ အပြောကောင်း အင်္ဂါစုံလင်လှ၏။ ဥပမိရုပ်လဲကြည်ညိုဘွယ် ဖြစ်လှ၏။ ၎င်း သံဃာတော်က စည်းကမ်းထားသည်မှာ ဝါတွင်းမိုး ၄-လ ပတ်လုံး၊ ကျောင်းထဲ၌ ဘယ်သူ့နွားမှ လွှတ်မထားရဘူး။ လွှတ်မိတဲ့လူဟာ ကြိမ်ဒဏ်ခပ်မည်ဟု မျက်နှာမလိုက် ဥပဒေ ထားသည်။ ဒကာတဦးဟာ အားလုံးထက်ထူး၍ လှူဒါန်း သည်။ဘာမဆိုပြည့်စုံစေသည်။ ၎င်းဒကာမှာ ကိစ္စကြုံတော့ နွားများကို ဂိုင်းတန်နှင့် ကျောင်းထဲမှာ လှန်၍ထားပါ။ ငါ့မှာ ကိစ္စများနေသည်။ ဘုန်းကြီးပြောထားသည့်အတိုင်း ကျောင်းထဲက မျက်များကိုဝိပ်ပြီး ကျွေးမွေးဘို့ လူမရှိဘူး ဒီအတိုင်းပြုပါဟုခိုင်းသည်။

အစေခံက။ ။ဖြစ်ပါ့မလားဦးရယ်။ ဦး၏ဘုန်းကြီးက သိပ်ပြီး စည်းကမ်းကြီးတယ်ဗျ။

ဒကာ။ ။ကိစ္စရှိ ငါ၏တာဝန်ပါကွယ်။ ငါကအများ ထက်လှူရဲတဲ့လူပါ။ငါမျက်နှာကိုထောက်မှာပေါ့။သက်သက် လွှတ်ထားတာမှ မဟုတ်ဘဲ။ ဂိုင်းတန်နဲ့ လှန်ထားတာဘဲဟု ပြောသည်။

အစေခံလဲ ခိုင်းသမျှပြုပေးသည်။

ဘုန်းကြီးတရေးနိုး၍ ကျောင်းထဲ၌ နွားကိုမြင်သော် စိတ်ဆိုး၍ ငါကစည်းကမ်းထားပါလျက်နှင့် စည်းကမ်းကို လာဖျက်သည်။ ဟဲ့ မောင်ရှင်များ နွားကိုကျောင်းအောက် သို့ပို့၍ မျက်ကိုရိပ်ပြီး ကျွေးထားကြဟုခိုင်းသည်။

အစေခံလာပြီး နွားကိုယူတော့ မပေးလိုက်ဘဲ နွားကို အရှင်သခင်သာလာယူရမည်ဟုပြောလိုက်သည်။ ၎င်းဒကာ လာပြီးယူတော့ ဘုန်းကြီးက ဒကာ ငါ့ဆရာက စည်းကမ်း ထားတာကို သင်သိပါလျှက် စည်းကမ်းကို ပထမဖျက်သည်။

ဒကာ။ ။အား မ လပ် လွန်းလို့ ပို့မိတာမပါဘုရား။ ဘာမဆို တပည့်တော်ဘဲ အကုန်ခံပြီး လှူနေပါတယ်။

ဘုန်း။ ။သင်ဟာ အလှူသန်လို့ ခေါင်ကလှူကြီးဘဲ။ ခေါင်ကမိုးယိုလျှင် တံစက်မိတ်ကသာပြီး ယိုတော့မှာပေါ့။ (ဆန်ရင်းနာဖွတ်ရသတဲ့။) ဟုဆိုကာ ဒကာကို ကြိမ်ဒဏ် ပေးတော့သည်။(ဒကါလဲပြေးလေ၏ဘုန်းကြီးလဲလိုက်လေ ၏။) ပြေးသော ဒကာက (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ။)ဟု ၂-မျိုးကိုသာ ဆိုဆိုပြေးသည်။ (သံဃံ သရဏံ ဂစ္ဆာမိ။) တခုကားမပါ၍ ဘုန်းကြီးက ဒကာရပ်ပါဦး ငါမလိုက်တော့ဘူး။) ဒကာလဲရပ်၍နေတော့ ဘုန်းကြီးက သရဏဂုံ ၃-ပါးလုံးမဆိုဘဲ။ နောက်တပုဒ်ကို ဘာပြုလို့ ချွင်းချန်သလဲဟုမေးသည်။

ဒကာ။ ။ချွင်းချန်ရမှာပါဘုရား။ သံဃာကိုက လိုက် လိုက်ပြီး ရိုက်နေတော့။ (သံဃံ သရဏံ ဂစ္ဆာမိ။)မှ မရှိဘဲ ကိုးဘုရာ့ဟုလျှောက်သည်။

ဘုန်း။ ။အင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာမိကမရိုက်။ ဓမ္မံ သရဏံ ဂစ္ဆာမိကမရိုက်။ (သဖြင့်ထည့်ဆိုတယ်) သံဃာက

လိုက်လိုက်ရိုက်လို့(သံဃ ဆရဏ ဂစ္ဆာမိ)ဟု မဆိုဘူး။ယုတ္တိ ရှိပါပေသည်ဟုပြောပြီး နွားကိုပြန်၍ ပေးလိုက်သည်။

## (၂၁၅) ပရမတ်ကိုကျော်လွန်သွားမိတော့ ပညတ် ဒိဋ္ဌိနယ်ထဲသို့ ရောက်၍ မဟာဒုက္ခနှင့်တွေ့ကြရပုံ

[ဒိဋ္ဌိပရာမာသေနာတိ ဓမ္မသဘာဝံ၊ အတိက္ကမိတွာ၊ ဒိဋ္ဌိ ဝသေန၊ ပရာမာသေန။]

| (၁)ရှိတာကိုသိတယ် သမ္မာဒိဋ္ဌိအမြင် | (၂)မရှိတာကိုသိတယ် မိစ္ဆာဒိဋ္ဌိအမြင်တော့ |
|---|---|
| ဓါတ်ပေါ်သိ | လူ,နတ်,ပြဟ္မာဟုသိ |
| ရုပ်ကိုနာမ်ကသိ | လူ,နတ်,ပြဟ္မာတွေဟုသိ |
| လက္ခဏာရေးတွေသိ | ၎င်း |
| ပရိညာ ၃-ပါးသိ | ၎င်း |
| ဓါတ်လေးပါးသိ | ၎င်း |
| သစ္စာလေးပါးသိ | ၎င်း |
| ခန္ဓာ ၅-ပါးသိ | ၎င်း |
| ဓါတ် ၆-ပါးသိ | ၎င်း |
| ဓါတ် ၈-ပါးသိ | ၎င်း |
| ဓါတ် ၁၈-ပါးသိ | ၎င်း |

| | |
|---|---|
| အာယတန ၁၂-ပါးသိ | ရှင်း |
| ပဋိစ္စသမုပ္ပါဒ် ၁၉-သိ | ရှင်း |
| ပဋ္ဌာန်း ၂၄-ပါးသိ | ရှင်း |
| ပရမတ္ထ ၄-ပါးသိ | ရှင်း |
| သတိပဋ္ဌာန် ၄-ပါးသိ | ရှင်း |

တကယ်ရှိနေတဲ့ သဘာဝတရားတွေကို မတွေ့ကြ၊ မမြင်ကြ၊ မသိကြဘဲ။× ၃၁-ဘုံ၌ ရိုးရာဖြစ်နေသော လူဒြပ်နဲ့ လူအမည် နတ်ဒြပ်နဲ့၊နတ်အမည်။ ဗြဟ္မာဒြပ်နဲ့ ဗြဟ္မာအမည် သတ္တဝါဒြပ်နဲ့ သတ္တဝါအမည်တို့ကို မြင်နေကြ၊ သိနေကြခြင်းဟာ အတ္တဒိဋ္ဌိပါဘဲ။ သက္ကာယဒိဋ္ဌိပါဘဲ။ အတ္တာနုဝါဒ ပါဘဲ။အတ္တဝါဒုပါဒါန်ပါဘဲ။မိစ္ဆာဒိဋ္ဌိပါဘဲ။မိစ္ဆာဉာဏ်ပါ စိတ္တဝိပ္ပလ္လာသ ၄-ပါးပါဘဲ။သညာဝိပ္ပလ္လာသ ၄-ပါးပါဘဲ ဒိဋ္ဌိဝိပ္ပလ္လာသ ၄-ပါးပါဘဲ။မိစ္ဆာ ဝိတက်နယ်ကပါဘဲ။ သုတမယဉာဏ်၊မညတ်သိပါဘဲ။ သုတမယဉာဏ် သညာသိပါဘဲ။ စိန္တာမယဉာဏ် မိစ္ဆာ၊ ဝိတက်သိတွေပါဘဲ။ ယခုပြသော ဇယားပုံစံ၌ (၁)နံပါတ် အသိတွေကား သမ္မာဒိဋ္ဌိအမြင် ယထာဘူတအမြင်၊အရိယာအမြင်၊ပရမတ္ထအမြင်၊ သဘာဝ အမြင်၊ အဘိဓမ္မာအမြင်၊ ဉာဏ်အမြင်၊ ပညာသိပါဘဲ။

(၂) နံပါတ်ဇယါးက အမြင်အသိတွေကား ပုထုဇဉ် အမြင်၊မိစ္ဆာအမြင် ဝိပ္ပလ္လာသအမြင် အရှုးရှစ်ပါး၏အမြင် အနှမ်း ၃၂-ပါး။ ၄၂-ပါး။ ၆၆-ပါး၊ ၉၆-ပါးတို့ အသိ အမြင်ပါဘဲ။ဥပမာ နတ်သွီးပုံစံ အထယ်၊ ဒြပ်၊ သဏ္ဌာန်ကို

တော့ အမြင်သွားဘဲ။ မိစ္ဆာမြင်တည်း။x ၎င်းနှင့် သွီးထဲက စိတ် ၁၂၁-ပါး စေတသိက် ၅၂-ပါး၊ရုပ် ၂၈-ပါး၊ နိဗ္ဗာန် တရားကိုတော့ မမြင်ရပါ။ အစိဇ္ဇာ ဖုံးဝှက် ပိတ်ကာထား လေသည်။

## ပညတ်ကိုကျော်လွန်သွားတော့ ပရမတ် အရိယာနယ်သို့ရောက်ကြပုံ

## (၂၁၆) ခန္ဓာကိုယ်ထဲမှ တရားရှာ ဝိပဿနာရှုကြပုံ

[ပဉ္စက္ခန္ဓာ ဝိပဿနာဘူမိ။]ပဉ္စက္ခန္ဓာ၊ဖေါက်ပြန်ခံစား မှတ်သား စီမံ သိခဲပြန် ဆိုတဲ့ ဓါတ်ခန္ဓာ ငါးပါးသည်။ ဝိပဿနာဘူမိ၊ ဝိပဿနာဉာဏ်၏အောင်မြေတည်း။(ပထမ ၌)သမူဟ၊ ဃန၊ သန္တတိ၊ နာမ၊ သဏ္ဌာနဆိုတဲ့ ပညတ်ခန္ဓာ ကိုယ်ကြီးထဲမှ။ (ဒုတိယ) ဖေါက်ပြန်ခြင်း၊ ရူပက္ခန္ဓာ၊ခံစား ခြင်း၊ ဝေဒနက္ခန္ဓာ မှတ်သားခြင်း၊ သညက္ခန္ဓာ စီမံခြင်း၊ သင်္ခါရက္ခန္ဓာ၊ သိခြင်း။ ဝိညာဏက္ခန္ဓာ ဓါတ်ခန္ဓာ၊ ပရမတ် ခန္ဓာ၊ ဝါ၊သဘောတရား ခန္ဓာငါးပါးတို့ဟာ မရှုရဘဲနဲ့ပင် အနတ္တအနေနဲ့ ပေါ်ပြနေပါသည်။ (တတိယ) စိတ်-၁၂၁ စေတသိက်၅၂-ပါး၊ရုပ် ၂၈-ပါး၊နိဗ္ဗာန်အသင်္ချေတထောင် တစု။ (စတုတ္ထ၌)ကိလေသာ (၁၅၀၀)တစုတို့။ (ပဉ္စမ၌) လေ၊ ညှော်၊ အသံ၊ အနံ့ တစု။ (ဆဋ္ဌမ) ၌ ၉၆-ပါးသော ရောဂါဓါတ်တဲ့ သဘောတရားမကတစု။ (သတ္တမ) ၌၊ ဆာ

ခြင်း၊ငတ်ခြင်း၊ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ချင်ခြင်း၊ အိပ်ချင်ခြင်း၊ငိုက်ခြင်း၊ပျင်းခြင်း၊ပျော်ခြင်း၊ရေချိုးချင်ခြင်း အိမ်သာ သွား၊ချင်ခြင်း၊ ညောင်း ညာ ကိုက်ခဲ၊ တောင့် တင်း၊ယားခြင်း စူးခြင်း၊နာကျင်ခြင်း အစရှိသော သဘော တရားတွေဟာ ခန္ဓာကိုယ်ထဲမှ ပေါ်ပြ-ပေါ်ပြနှင့်အမြဲပင် ရှိနေကြသည်၊ အားလုံးသဘောတရား၊ ပရမတ်ချည်းဘဲ။

(၂၁၇) ယခုပြတဲ့ သဘာဝတရား အား လုံး တို့ ဟာ (ဓမ္မောဟိသဘာဝေါ)ဆိုတဲ့။ ပိဋကတ်အဌကထာပါဋ္ဌိနှင့် ညီညွတ်လှပါ၏။အနက်ကား။ဟို၊ပေါ်ပြသမျှတရားဖြစ်ပုံကို ပြသပါဦးအံ့။ ဓမ္မော၊ တရားဆိုတာသည်။ သဘာဝေါ၊ ပေါ်ပြနေတဲ့ သဘောပါဘဲ။ ခန္ဓာထဲမှ ယခုပေါ်ပြနေတဲ့ သဘောတွေဟာ တရားချည်းဘဲ။ ပရမတ်ချည်းဘဲဟု သိ ကြပါ။

(၂၁၈) ၎င်းပေါ်ပြတဲ့သဘောတရားတွေဟာ(ဓမ္မာနိ သတ္တာ၊နိဇီဝ၊သဘာဝေါ၊) ဆိုတဲ့အဌသာလိနီနှင့်ကိုက်ညီလှပါ ပေသည်။ (အနက်ကား)ဓမ္မာ၊ ပရမတ္ထတရား ၄-ပါးတို့ သည်။ နိသတ္တာ သတ္တဝါလဲမဟုတ်ကြပါ။ နိဇီဝါ၊ အသက် လိပ်ပြာလဲမဟုတ်ကြပါ။ သဘာဝေါ၊ သဘောမျှသာ ဖြစ်ကြ ကုန်၏၊ (ပေါ်သမျှသဘော ပရမတ်တွေချည်းဘဲ။) တဲ့။

(၂၁၉) ၎င်းသဘော သဘာဝတွေဟာ (ပရမတ္ထဓမ္မာ သဏ္ဍာနရဟိတာ။)ဆိုတဲ့ သုတ္တနိပါတ် အဌကထာနဲ့ညီညွတ်

လှသည်။ (အနက်ကား) ပရမတ္ထဓမ္မာ စိတ်စေတသိက်၊ ရုပ် နိဗ်လေးရပ် ပရမတ် တရားတို့သည်။ သဏ္ဌာနရဟိတာ၊ အထယ်ရော၊ ပုံစံရော၊ သဏ္ဌာန်ရောဆိုတဲ့ အတ္တပညတ်မှ ကင်းရှင်းကြကုန်၏။

(၂၂၀) ခန္ဓာကိုယ်ထဲမှ ရုပ်ပျက်၍ပြပြနေတာတွေဟာ တစက္ကန့် အချိန်ကလေးမှာပင် ကုဋေ ငါးထောင်ရှစ်ရာ၊ ရှစ်ဆယ် နှစ်ကုဋေနှင့် ၃-သန်း၊ ၅-သိန်း၊ ၂-သောင်း၊ ၉-ထောင် လေးရာ တဆယ် လောက်ဘဲ။ ပရမတ်ကပေါ်ပြ ပေါ်ပြ၍နေကြပါသည်၊ ဂဏန်းနှင့်ကား (၅၀၀၂×၃၅၂၉ ၄၁၀) တစက္ကန့်၌ တရားကပြပြနေပုံပါဘဲ။

(၂၂၁) ခန္ဓာကိုယ်ထဲမှ နာမ်တရားကလဲ ပြပြနေကြ သည်မှာ တစက္ကန့်အချိန် ကလေးမှာပင် (ကုဋေတသိန်း၊ မျ ပြနေသည် ပုံစံမှာ (၁၀၀၀၀၀၀၀၊၀၀၀၀၀၀) ပြနေပုံ။

(၂၂၂) ရင်းပြပြနေတဲ့ ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ ရှုရှု နေတော့ သိက္ခာပုဒ်တွေ လုံခြုံပုံ ဝင်ရောက်ပုံမှာ (၉၁၀၀× ၅၀၃၆၀၀၀) သိက္ခာဝင်နေပုံ ရနေပုံ။

(၂၂၃)

| | | |
|---|---|---|
| စာတလုံးဝင် | သိက္ခာတခုဝင် | ဓါတ်တလုံးဝင် |
| ဘုရားတဆူ | ဆူ-၁၀၀၀၊ အန္တရ | ဆူအသချေ |
| အန္တရတကပ် | ၇၉၃၆၀၀၀ | အန္တရ- ၇၉၃၆ |
| ပရိယတ်ပါဘဲ | ပဋိပတ်ပါဘဲ။ | ၀၀၀၊ ပဋိဝေဓ |

(၂၂၄) ပေါ်ပြတိုင်း သဘောတွေဘဲ၊ တရားတွေဘဲ၊ ပရမတ်တွေဘဲ၊ဓါတ်တွေဘဲ၊ ကလာပ်တွေဘဲ၊ သစ္စာတွေဟု တသတရားတွေဘဲ၊ဓမ္မတွေဘဲ အဘိဓမ္မတွေဘဲဟု ပေါ်တိုင်း ပင် သိသိခနတော့[ပညတ္တိံ ထပေတွာ]နှင့် ကိုက်ညီပါပြီ။ ဘာ့ကြောင့်လဲ အတ္ထပညတ်၊ သဒ္ဒပညတ်၊ သမူဟပညတ်၊ ဃနပညတ်၊ သန္တတိပညတ်၊ သဏ္ဌာနပညတ်၊ နာမပညတ်၊ ပုဂ္ဂလပညတ်စသော ပညတ်နယ်ကိုကျော်လွန်၍နေပါပြီတဲ့။ (ကျော်လွန်သွားတော့ကာ) [နိဗ္ဗတ္တိတ ပရမတ္ထ ဝသေန၊ ဝိသေသေန၊ ဝိဝိဓါဝါ၊ ပဿတီတိ၊ ဝိပဿနာ။]ဆိုတဲ့ ပါဠိနှင့်ကိုက်ညီပါပြီ။ ဆတ်ဆတ် ပေါ်ပြသော ပရမတ္ထတရား အစားစားကို သာလျှင် ရှုရ၍ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ ဝိသေသ၊ အားဖြင့်ရင်း။ ပရိညာ သစ္စာ ဝိသုဒ္ဓိ၊ စသော ဝိဝိဓ အားဖြင့်ရင်း ရှုနကြရသောကြောင့် ဝိပဿနာအစစ် အမှန် ကေန် ပဌမတန်း အမြင့်တန်း သဘောတရား အရိယာနယ်ထဲ၌နေရပါပြီတဲ့။

## ဘုရားမွေးတော့ ချက်ခြင်းကြီးရ
## (၂၂၅) ဘုရင်မွေးတော့ နေ့ခြင်းကြီးရ

(၁) ဂင်္ဂါမာလဇာတ်မှာ ရေသည်ကိုဘုရင်ကအိမ်ရှေ့ ရာထူးကိုပေးရာချက်ခြင်း၊လက်ငင်းပင်ကြီးမြင့်၍လာတော့ သည်။ (၂)မဟာအဿာရောဟဇာတ်မှာလဲ တောတွင်းသား

ကို ပြည်တဝက်ခွဲ၍ပေးရာ ချက်ချင်းလက်ငင်း ကြီးမြင့်လာရသည်။(၃)မောင်တုပ်ကို သီပေါမင်းကချီးမြှင့်ရာချက်ချင်းပင်(ရနောင်မြို့စား မင်းသားမောင်တုပ်)ဟူ၍ ကြီးမြင့်လာသည်။ ထို့အတူပင် ဘုရားကမေးတော့ ချက်ခြင်းပင်ကြီးရခြင်းကား ဘုရားက(၁)မိမိခန္ဓာကိုယ်မှာတနေရာတွင်သတိထား၊ သမာဓိထားရုံမျှနှင့် (အာစာရအရိယာ) ဖြစ်ပြီတဲ့။ (၂)ခန္ဓာကိုယ်ထဲမှ သေီ-ပူသီနှင့်ရုပ်နာမ်တွေရှုတော့(ဒဿနအရိယာ)ဖြစ်ပြီတဲ့။(၃)ရုပ်မှာနာမ်မှာ သဘောတရားသါရှိတယ်ဟုအမှန်သိခြင်း။X ငါ,သူ,လူ,နတ် ပညတ်မ ိုဘူးဟုပယ်ခြင်းကား(လိင်္ဂအရိယာဖြစ်) ပုံတည်း။ (၄)ပူသိ-ေသိရု်နာမ်၌ ဖြစ်ပျက်၊ အနိစ္စ၊ ဖြစ်ပျက်ဒုက္ခ၊ ဖြစ်ပျက်အနတ္တဟုဉာဏ်ဖြင့်သိခြင်းကား ပဋိဝေဓအရိယာ ဖြစ်ပုံပြနေပါသည်။ (ခုပြ ခုရ ဘုရားမေး ချက်ခြင်းကြီးပုံ)တည်း။

(၂၆) ပညတ်နဲ့ ပရမတ်ကွဲတွေ့ ဒိဋ္ဌိကွာ အရိယာဖြစ်ရပုံမှာ--

| | | | | | |
|---|---|---|---|---|---|
| ဆါး | သံပုရာ | တမါ | ငြုပ် | သကြား | ဝက်သါး |
| ငံ | ချင် | ခါး | စပ် | ချို | အီ |

| | | |
|---|---|---|
| ဘဲဥ | ပညတ်တန်းပြနေပုံ | ဆားကပညတ်ပါ။ ငံသ |
| ဆိမ့် | ပရမတ်တန်းပြနေပုံ | ဘောက ပရမတ်ပါ ကွဲနေ |

သည်။ သံပုရာကပညတ်ပါ။ ချင်သဘောကပရမတ်ပါ ကွဲပြသည်။တမာကပညတ်ပါ။ခါးသဘောက ပရမတ်ပါ။ ကွဲပြသည်။ငြုပ်ကပညတ်ပါ။စပ်သဘောကပရမတ်ပါကွဲပြသည်

သကြားကပညတ်ပါ။ချိုသဘောကပရမတ်ပါ။ ကွဲပြသည်။ ဝက်သားကပညတ်ပါ။အီသဘောကပရမတ်ပါ။ကွဲပြသည်။ ဘဲဥကပညတ်ပါ။ ဆိမ့်သဘောက ပရမတ်ပါ။ ကွဲပြသည်။ ဤခွဲ ပညတ်နှင့်ပရမတ်ဟုရောနေလျှင်ဒိဋ္ဌိပါ။ပညတ်နှင့်ပရမတ် မရောတာကိုသိလျှင် ဒိဋ္ဌိကွာ၍ သောတာပန်ပါဘဲ။ခုပြု-ခုရ ပါဘဲ။ဘုရားဓမ္မ ချက်ခြင်းကြီးပါဘဲ။ ခန္ဓာကိုယ်က ပညတ် ပါ။၎င်းအထဲကပေါ်ပြနေတဲ့ ဧသိ၊ ပူသိ၊ ယားသိ၊ စသော သဘော သဘာဝတွေကား ပရမတ်ပါဘဲ။ မရောဒါကို သိလို့ သောတာပန်ရပြီ ဒိဋ္ဌိကွာပါပြီတဲ့။

## ငါတို့၏အဖဘုရား သဗ္ဗညုတဉာဏ်နှင့်သိတယ်
## ဘုရားသား ငါတို့လည်း သူ့လိုသိရမည်

(၂၂၇)

သဗ္ဗေသင်္ခါရာအနိစ္စာမို့
သင်္ခါရနယ် ၃၁-ဘုံ၌
အနိစ္စတခုထဲသာရှိ။

(၂၂၈)

သဗ္ဗေသင်္ခါရာဒုက္ခာမို့
သင်္ခါရနယ် ၃၁-ဘုံ၌
ဒုက္ခတမျိုးထဲသာရှိ

(၂၂၉)

သဗ္ဗေဓမ္မာအနတ္တာမို့
သင်္ခါရနယ် ၃၁-ဘုံ၌
အနတ္တတမျိုးထဲသာရှိ

(၂၃၀)

ဓမ္မောဟိသဘာဝေါမို့
၃၁-ဘုံမှာသဘောတခုထဲရှိ

| (၂၃၁) | (၂၃၂) |
|---|---|
| သင်္ခတဓါတုစမို့<br>၃၁-ဘုံမှာ သင်္ခတဓါတ်ရှိ | သင်္ခတဓမ္မာမို့<br>၃၁-ဘုံမှာ သင်္ခတဓမ္မာရှိ |

| (၂၃၃) |
|---|
| လောကဓါတု စူဠမဟာအနန္တ<br>ဓါတ်သဘာဝရှိ ၃၁-ဘုံ၌ |

ယခု ပြသော ၇-မျိုးတို့ဟာ ၃၁-ဘုံမှာ တခုထဲနဲ့သာ ရှိနေကြတယ်။ စူဠလောကဓါတ်၌ရှင်း။ မဇ္ဈိမလောကဓါတ်၌ရှင်း။ မဟာလောကဓါတ်၌ရှင်း။ အနန္တလောကဓါတ်၌လဲ တခုစီနဲ့ ၇-မျိုးတွင် ရှိနေတယ်။ ၃၁-ဘုံအတွက် တခုစီသာမှတ်ရတာမို့။ အသိရလဲလွယ်လှသည်။ အမှတ်ရလွယ်လှသည်။ အပြောရလဲလွယ်လှသည်။ ယခုပြတဲ့ ၇ မျိုးထဲက အနိစ္စတမျိုးကိုထုတ်၍ မေးလျှင် [လူ့ဘုံမှာ ဘာသာရှိသလဲဖြေ အနိစ္စတမျိုးထဲသာရှိတယ်။ နတ်ဘုံမှာကော ဖြေ အနိစ္စတမျိုးထဲသာရှိတယ် ဗြဟ္မာ့ဘုံမှာကော ဖြေ။ အနိစ္စတမျိုးထဲသာရှိတယ်။ ၃၁-ဘုံမှာကော ဖြေ အနိစ္စတမျိုးထဲသာရှိတယ်။ စကြာဝဠာတခုလုံးမှာကော ဖြေ၊ အနိစ္စသာ။ စကြာဝဠာတသောင်းဆိုတဲ့ ဇာတိခေတ်မှာကော ဖြေ အနိစ္စသာ။ စကြာဝဠာ ကုဋေ တသိန်း၊ ဆိုတဲ့ အာဏာခေတ်မှာကော၊ ဖြေ အနိစ္စသာ။ စကြာဝဠာအနန္တဆိုတဲ့ ဝိသယခေတ်မှာကော ဖြေ၊ အနိစ္စသာ။ နိဗ္ဗာန်ကလွဲတဲ့ လောကီနယ် အားလုံးမှာကော ဖြေ၊ အနိစ္စသာရှိတယ်။] ဒီလိုသိလျှင် သဗ္ဗညုတ ရွှေဉာဏ်တော်

အမေးကို(ရတန်သရွေ့လောက်ရနေကြပါပြီ။) (အနိစ္စတခု ထဲဟုဖြေတာလို့)(၂)ဒုက္ခတခုထဲဖြေရာ၌ရဝ်း။ (၃)အနတ္တ တမျိုထဲဟုဖြေရာ၌ရင်း။ (၄)သဘောတမျိုးထဲဟုဖြေရာ၌ ရင်း။(၅) သခ်တဓါတ်တခုထဲဟုဖြေရာ၌ရင်း။ (၆)သခ်တာ ဓမ္မာဟုဖြေရာ၌ရင်း။ (၇) ဓါတ်သဘာဝတခုထဲဟု ဖြေရာ၌ ရင်း။ ပထမဖြေခဲ့သော နည်း၊နာ၊ဥပဒေကိုနည်းယူ၍ သဒ္ဒ ညတ အမေးကိုချနေကြပုံကိုဖြေပါလေ။ ဥပမာ[ ဝိနည်းဘာ လဲ ဓါတ်၊ သုတ္တန်ဘာလဲဓါတ်၊ အဘိဓမ္မာဘာလဲ့ဓါတ်၊ ပိ ဋကတ် ၃-ပုံ ဘာလဲဓါတ် နိကာယ်ငါးဖြာ ဘာလဲဓါတ်၊ အင်္ဂါ ၉-တန် ဘာလဲဓါတ်၊ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀) ကော ဘာလဲဓါတ်ဟု ပြောတော့ မမှားနိုင်၊ မငြင်းနိုင် အ မှန်ဆုံးဘဲ ] (ခေါကာဓမ္မော၊ ကောယနော၊ ကောဂုတာ၊ အတ္တဘောကော)ပါဠိအရှိကိုဖြေပြတာမို့ (အရင်းခံလဲဖြစ်) အမေးမှန်အဖြေမှန်သာတည်း။

## (၂၃၄) နာနာသတ္တာရ၊ ဥလ္လောကနဘောကြီး တွေ့နေကြရပုံ

လူတဦးကို ဆရာက တပည့်ရေ့၊ ဘာဘဲဖြစ်ဖြစ် ဓါတ် ချည်းဘဲ၊ ဓါတ်ဘဲရှုနေနိဗ္ဗာန်ကိုရမှာဘဲ မလွဲပါဘူးဟုပြော ပြတော့။ တပည့်ဟာ ဓါတ်၌ အာရုံစိုက်တော့သည်။ (၂) ဒုတိယဆရာက ဓါတ်တလုံးနဲ့ဘယ်မှာပြီးမလဲကွဲ့၊ ရုပ်နာမ် ရှုမှ နိဗ္ဗာန်ရတယ်ဟုတနိုင်ငံလုံးကပြောနေသားဘဲဟု ဟော ရာ။ ရင်းတပည့်ဟာ ဓါတ်ကိုလွှတ်၍ ရုပ်နာမ်ကို အာရုံပြု

တော့သည်။ ၎င်းကိုတတိယဆရာက အနိစ္စ၊ဒုက္ခ၊အနတ္တ ရှုမှ
ဟုပြောရာ၊ အနိစ္စ၊ဒုက္ခ၊ အနတ္တ၌ အာရုံကြပြန်တော့သည်။
၎င်းကို စတုတ္ထဆရာက ပရိညာဟောတော့ ပရိညာ၌ အာရုံ
ကြပြန်သည်။၎င်းကိုပဉ္စမဆရာက သစ္စာ ၄-ပါးဟောတော့
သစ္စာ ၄-ပါးသို့ ပါသွားပြန်သည်။ ၎င်းကို ဆဋ္ဌမ ဆရာက
ခန္ဓာ ၅-ပါးနဲ့ဟောတော့ ခန္ဓာ ၅-ပါး၌။ ၎င်းကို သတ္တမ
ဆရာက သတိပဋ္ဌာန် ဟောတော့ သတိပဋ္ဌာန်၌။ ၎င်းကို
အဋ္ဌမဆရာက သမ္မပဋ္ဌာန်၌ဟောတော့သမ္မပဋ္ဌာန်၌။၎င်းကို
နဝမ ဆရာက ဣဒ္ဓိပါဒ်ကို ဟောတော့ ဣဒ္ဓိပါဒ် ၄-ပါး၌။
ဣန္ဒြေ ၄ါးပါးဟောတော့ ဣန္ဒြေ၄ါးပါး၌။ ဗိုလ်၄ါးပါး
ဟောတော့ ဗိုလ်၄ါးပါး၌။ ဗောဇ္ဈင် ၇-ပါး ဟောတော့
ဗောဇ္ဈင် ၇-ပါး၌။ ဝိသုဒ္ဓိ ၇-ပါးဟောတော့ ဝိသုဒ္ဓိ ၇-
ပါးဟောတော့ ဝိသုဒ္ဓိ ၇-ပါး၌။ မဂ္ဂင် ၈-ပါးဟောတော့
မဂ္ဂင် ၈-ပါး၌။ ဗောဓိပက္ခိယ ၃၇-ပါးဟောတော့ ဗောဓိ
ပက္ခိယ ၃၇-ပါး၌။ ဉာဏ်စဉ် ၁၆-ပါးဟောတော့ ဉာဏ်စဉ်
၁၆-ပါး၌ ဒီပုံ ဆရာအစားစား၏ ဟောတာကိုသာ လိုက်
လိုက်နေတော့သည်။ (မျက်နှာများတဲ့ ပြည့်တန်းဆာမလို
ဘဲ) တခုမှအရာမထင်တော့ပါ။ [ဇောက်ချပြီး လုပ်ထာ
ရယ်လို့မရှိတော့ပါ] သမာဓိပျက်နေသည်၊ အာရုံတွေပြား
နေလျှင် (ဥဒ္ဒစ္စ)သာ ဖြစ်နေတော့သည်။ အဲဒါ နာနာ
သတ္တာရဉလ္လာကန ပထမဘေးကြီးနဲ့ ရင်ဆိုင်ရပုံပါဘဲxx
ဒုစ္စရိတဘေးဆိုတာ ဒီလိုစိတ်ပြန့်နေဒါကိုမရိပ်မိဘဲ တခြား

ဝါဒသမားတွေကို ထိခိုက်ပြုမိတော့ ကာယကံ၊ ပြောဆိုမိတော့ ဝစီကံ၊ စိတ်က ပြစ်မှားမိတော့ မနောကံကြီးတွေဆိုက်၍ ဒုစရိုက်ဆယ်ပါးတွင် တပါးပါး၌ငြိရှိနေပြန်သည်။ ဝိနိပါတဘေးဆိုတာ ဂတိမမြဲဘဲ ဟိုဂတိနဲ့၊ ဒီဂတိနဲ့ ကျချင်ရာကျ၊ ရောက်ချင်ရာသို့ရောက်ရောက်နေတော့သည်။ အပါယဘေးဆိုတာ ၎င်းကံတို့ကြောင့်အပါယ် ၄-ဘုံ၌ဖြစ်ရခြင်းကိုဆိုသည်။ ယခုပြတဲ့ ဘေးကြီး ၄-ပါးနှင့် ရင်ဆိုင်၍ ဒုက္ခရောက်ပြီးနေကြရတော့သည်။

## (၂၃၅) အာကာသပေါက်၊ ဃံနပျောက် တန်းရောက်အရိယာ

| | |
|---|---|
| က၊ခ၊ဂ၊ဃ၊င | အဲဒါအက္ခရာအာကာသပါဘဲ |
| ၁၊၂၊၃၊၄၊၅ | အဲဒါဂဏန်းအာကာသပါဘဲ |
| သိ၊တာ၊ဝေ၊ချုပ် | အဲဒါဖရမတ္ထအာကာပါဘဲ |
| စိတ်၊စေ၊ရုပ်၊နိဗ္ဗာန် | အဲဒါနာမပညတ်အာကာသပါဘဲ |
| ဝေ၊ပူ၊ယား၊ကျင် | အဲဒါသဘာဝအာကာသပါဘဲ |
| ပေါ်၊တွင်း၊သွား၊ကြော | အဲဒါဌာနအာကာသပါဘဲ |
| မိမ္မမရှိ၊ယောကျ်ားမရှိ | အဲဒါပဟာနအာကာသပါဘဲ |
| နာမ၊ပစ္စယ၊သမ္မသာန | အဲဒါဉာဏအာကာသပါဘဲ |
| စက္ကန့်၊စက္ကန့်၊စက္ကန့်ရှု | အဲဒါကမ္မအာကာသပါဘဲ |

အာကာသဆိုတာတခုနဲ့တခုပိုင်းခြားနေတာပါ၊ မရောအောင်ခြားထားတာပါ၊ ပျဉ်တွေခင်းတော့ ပျဉ်တခုနဲ့ တ

ခုမှာ အကြားရှိရှိနေသည်။ ၎င်း ၂-ခုတို့၏ (အကြားခြား နေတာကိုဘဲအာကာသ) ဟုခေါ်ရသည်။ သင်္ဂြိုဟ်ရုပ်ပိုင်း၌ (ပရိစ္ဆေဒရုပ်)ဟုနာမည်တပ်သည်။ ယခုပြတဲ့(အာကာသ) နမူနာ ၉-ခုကိုသိလျှင် အာကာသတိုင်း၌ဉာဏ်ရှိမည်။ဥပမာ သဲထဲ ရေချကြည့်တော့ ရေတွေဟာ သဲအကြားထဲ ဝင်၍ ပျောက်သွားမည်။ ၎င်းသဲအကြားကို (သဲအာကာသ) ဟု ခေါ်ရသည်။ ဥပမာ (ဆန်ဆေးတောင်းထဲ ဆန်တွေထည့် ပြီးရေ၌ချကြည့်တော့)ဆန်အကြားမှရေတွေပေါ်လာမည် ဤ၌ ဆန်တွေ၏ အကြားသည် (ဆန်အာကာသ) ပါဘဲ။ (ဥပမာ) ရေထဲသို့ခဲချကြည့်ပါ၊ ရေထဲ၌ ခဲမြုပ်သွားမည်။ (ရေအာကာသ) ရှိလို့ပါ။ (ဥပမာ) ကျောက်ဖျာထဲ ခဲထဲ နေပူတွေဝင်၍နေသည်။ ၎င်းအပူဓါတ်ဟာ (အာကာသ) လမ်းဖြင့်ဝင်နေလို့ပါ။ (ဥပမာ) သံတုံးထဲ မီးဝင်၊ နေပူ ဝင်၍ပူနေတာလဲ (အာကာသ) ဖြင့်ဝင်ကြတာပါ(ဥပမာ) ချွေးတွေထွက်တာလဲ (အာကာသပေါက်မှ)ချွေးထွက်တာ ပါ။ [ပသာဒဓါတ်တခုထဲမှာXပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာဟူ၍ဓါတ် ၈-ပါးပါလာ ရာ၊ ဓါတ် ၈-ပါးခြင်းမရောတာ၊ ခြားနေတာ၊ အာကာသ ရှိလို့ပါဘဲ။ အာပေါဓါတ်မှာ အာကာသ ၇-နဲ့၊ တေဇော ဓါတ်မှာ အာကာသ ၇-နဲ့၊ ဝါယောဓါတ်မှာ အာကာသ ၇-နဲ့]စိတ်တခုတခုမှာ စေတသိက် ၃၈၊ ၃၇၊ ၃၆၊ ၃၅၊ ၃၄၊ ၃၂၊ ၃၁၊ ၃၀ ဟူ၍အသီးသီး ရှိကြရာဝယ် အာကာသ ၃၇

နဲ့ပါတဲ့၊ (၃၈)ပါး၌အာကာသ ၃၇-ပါးရှိရာ ၃၇-စသည်တို့၌ တပါးစီလျှော့၍ အာကာသယူကြပုံကို ဉာဏ်၌ကြမါလေ၊ (အာကာသပေါက်၊ ဃနပျောက်၊ တန်းရောက်၊ အရိယာ)ဟူသောသက်ာနှင့်အညီအရကြိုးစားကြပါ။

(ဥပမာ) အဖျော်ရည်ဖန်ခွက်ထဲ၌ ထည့်ပြီး မျက်စိဖြင့်ကြည့်သော် (အာကာသ) ကိုမြင်ကြရပါ။ ၎င်းဖျော်ရည်ကိုသျှာပေါ်တင်ပြီးကြည့်တော့ (၁) အရေကရေဘဲ၊ (၂) ချဉ်ချဉ်ကသံပုရာသတ္တိဘဲ၊ (၃) ချိုချိုကသကြား၏သတ္တိဘဲ (၄) လေးလေးကဆား၏သတ္တိဘဲ၊ (၅) မွှေးမွှေးက နှင်းရေနံ့၏သတ္တိဘဲဟု (သတ္တိအာကာသ) ကိုလျှာ၏ဓါတုဘေဒ၊ ဆရာကြီးကခွဲပြနေသည်။ (ဥပမ၈) ဇလုံထဲရေထည့်ပါ၊ နောက်မှနွားနို့ထည့်ပါ၊ ရေနှင့်နို့ဟာ (ရောနေ၍) ဃနဖြစ်သည်။ ၎င်းဃနကို (အာကာသ) ဖြစ်အောင် (ရေနွားနို့) ရောနေရာသို့ သံပုရာအရေကိုထည့်မွှေတော့ နွားနို့သာသုံးလာခဲလာ၍ ရေကတခြားဖြစ်လာသည်။ (ဃနမှ) အာကာသပြုပြပုံနမူနာတည်း။ (ဥပမာ) ချဉ်ပါ၊ ဆားပါ၊ အချိုမပါသော ဆေးတခွက်ကို ရောလျက် (ဃန) သဘောဖြင့်သောက်ပေမဲ့ (၁)ချဉ်ကဗဟိဒ္ဓပထဝီကိုဖျက်၍(အာကာသ) ပြုပေးသည်။ (၂) ဆားက အဇ္ဈတ္တ ပထဝီကိုဖျက်ဆီး၍ (အာကာသ) ပြုပေးသည်။ (၃) အချိုကအပူကိုငြိမ်း၍ပေးသည်။ (၄) ကျန်ရှိသောဆေးက (အား)ကို ခွန်အားကို ပြုစေသည်။ (၅) အခါးကဝါယောကိုအားပေးသည်။ အဲဒါ

လို ဆေးတခွက်ကပေမဲ့ (သတ္တိအာကာသ) အမျိုးမျိုးပြု၍ နေပါပေသတည်း။

## (၂၃၆) အဓိပတိပစ္စယောနဲ့ နောက်ပါ အချေအရံသဘောများ

(၁) အလောင်းတော်။ အာ၊ ဗော၊ ကာ၊ ယ၊ ဆံ၊ ရွှေ၊ ကဏ်၊ ဖွ ါးဖက်ဘော် ၇-ပါးတည်း။

(၂) (သမ္မာဒိဋ္ဌိ) ပ္ပ၊ ဝ ါ၊ ကံ၊ အာဝ ါ၊ တိ မိ၊ မဂ္ဂင် ၈-ပါး၌ဖွ ါးဖက်တော် ၇-ပါးတည်း။

(၃) (ဝိပဿနာ) တိ၊ ဓ ၊ ဝီ၊ ပီ၊ ဒ္ဓိ၊ မိ၊ ဥ၊ ဗောဇ္ဈင် ၇-ပါးဖွ ါးဖက်တော်တည်း။

(၄) (ဝိပဿနာ) သီ စိ၊ ဒိ၊ ကင်၊ မ၊ ပ ဉာ ဝိသုဒ္ဓိ ၇-ပါး ဖွ ါးဖက်တော်တည်း။

(၅) (နာမရူပ) ပ၊ သံ၊ ဥ၊ ဘင်၊ ဘ၊ အာ၊ နိ၊ မု၊ ပ၊ သင်၊ အ၊ ဂ၊ မ၊ ဖ၊ ပစ္စ၊ ဉာဏ်စဉ် ၁၆-ပါးဖွ ါးဖက်တော့။

(၆) ပထဝီဓါတ်၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဝံ၊ ဂံ၊ ရ၊ ဩ၊ ဓါတ် ၇-ပါးကဖွ ါးဖက်တော်တော့။

(၇) အာပေါဓါတ်၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဝံ၊ ဂံ၊ ရ၊ ဩ၊ ဓါတ် ၇-ပါးကဖွ ါးဖက်တော်တော့။

(၈) တေဇောဓါတ်၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဝံ၊ ဂံ၊ ရ၊ ဩ၊ ဓါတ် ၇-ပါးကဖွ ါးဖက်တော်တော့။

(၉) ဝါယောဓါတ်၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဝံ၊ ဂံ၊ ရ၊ ဩ၊ ဓါတ် ၇-ပါးကဖွ ါးဖက်တော်တော့၊

(၁၀) အဆင်း၌ ပ၊ အာ၊ တ၊ ဝ ါ၊ စံ၊ ဂံ၊ ရ၊ ညြ၊ ဓါတ် ၇ ပါးကဖွါးဖက်တော်တွေ။

(၁၁) အနံ့၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဝံ၊ ဂံ၊ ရ၊ ညြ၊ ကျန် ၇-ပါး ကဖွါးဖက်။

(၁၂) အရသာဓါတ်၌ ပ၊ အာ၊ တ၊ ဓါ၊ ဝံ၊ ဂံ၊ ရ ညြ၊ ကျန် ၇-ပါးကဖွါးဖက်။

(၁၃) ညြဇာဓါတ်၌ ပ၊ အာ၊ တ၊ ဝ ါ၊ ဂံ၊ ဂံ၊ ရ၊ ညြ၊ ကျန် ၇-ပါးကဖွါးဖက်။

(၁၄) ကာမ၊ ဒါန၊ သီလပြု စိတ်တစ်၊ စေတသိက် ၃၈-ပါးဖွါးဖက်။

(၁၅) ရူပ၊ သမထပြု စိတ်တစ်၊ စေတသိက် ၃၅-ပါး ဖွါးဖက်။

(၁၆) အရူပ၊ သမထပြု စိတ်တစ်၊ စေတသိက် ၃၀-ပါးဖွါးဖက်။

(၁၇) လောကုတ္တရာ၊ စိတ်တစ်၊ စေတသိက် ၃၆-ပါး ဖွါးဖက်။

နမူနာပြရပါမူ ငါတို့၏ဘုရားအလောင်းတော်ကြီးဟာ ဖွါးမြင်လာတော့ (အာ) အရှင်အာနန္ဒာ၊ (ဗော) ဗောဓိ ပင်၊ (ကာ) ကာဠုဒါယီအမတ်။ (ယ) ယသော်ဓရာ မိဖု ရား။ (ဆန်) ဆန္နအမတ်။ (ရွှေ) ရွှေအိုးကြီး လေးလုံး။ (ကဏ်) ကဏ္ဍကမြင်းတော် ဖွါးဖက်တော် ၇-ပါးနှင့်မပါဘဲ ကျန်သောနမူနာ (၁၇) အထိခေါင်းဆောင်ကအဓိမတိဘဲ၊

နောက်လိုက်ဖွါးဖက်တော်များက (ပစ္စယောဘဲ)ဟု (အဓိပတိနဲ့) ပစ္စယော ဖွါးဖက်တော်တွေကိုခွဲခွဲသိကြပါ။

## (၂၄၇) ပညတ်နဲ့ ပရမတ်ပြပါဦးမည်

(က) အမည်မှာ ပြဟ္မာတဲ့ နာမပညတ်ပါဘဲ။ ၎င်းအတွင်း၌ရှိနေသောသဘောတရားတွေကား-

| ဇ္ဇာ သံ ဝိ နံ သ ဖ ဝေ | ကျာ ဥ ဘ | ဇာဇမသ ပ ဒု ဒေါ ဥ ၁ဇ |
|---|---|---|
| အဝိဇ္ဇာဒိဋ္ဌိ | တဏှာ | မာန |

(ခ) အမည်မှာ နတ်တဲ့ နာမပညတ်ပါဘဲ။ ၎င်းအတွင်းရှိနေသောပရမတ်တွေမှာကား-

| ဇ္ဇ သံ ဝိ နံ သ ဖ ဝေ | ကျာ ဥ ဘ | ဇာဇမသ ပ ဒုဒေါ ဥ ၁ဇဒု |
|---|---|---|
| အဝိဇ္ဇာဒိဋ္ဌိ | တဏှာ | မာန |

(ဂ) အမည်မှာသူတဲ့နာမပညတ်ပါဘဲ။ ၎င်းအတွင်း၌ရှိသောပရမတ်မှာကား-

| ဇ္ဇ သံ ဝိ နံ သ ဖ ဝေ | ကျာ ဥ ဘ | ဇာဇမ သ မ ဒု ဒေါ ဥ ဒု ၁ဇ |
|---|---|---|
| အဝိဇ္ဇာဒိဋ္ဌိ | တဏှာ | မာန |

(ဃ) အမည်မှာသတ္တဝါတဲ့နာမပညတ်ပါဘဲ။အတွင်း၌ရှိသောပရမတ်မှာကား-

| ဇ္ဇာ သံ ဝိ နံ သ ဖ ဝေ | ကျ ဥ ဘ | ဇာဇမသ ပ ဒု ဒေါ ဥ ဒု ၁ဇ |
|---|---|---|
| အဝိဇ္ဇာဒိဋ္ဌိ | တဏှာ | မာန |

ဖြဟ္မာဘဲ၊ နတ်ဘဲ၊ လူဘဲ၊ သတ္တဝါဘဲဟု နာမည်ပညတ် တပ်ထားပေမဲ့ အတွင်းမှာတော့ ပဋိစ္စသမုပ္ပါဒ် ၁၁-ပါး၊ ၁၉-ပါးပင် တကယ် ရှိပါတယ်။ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ်မှာ [အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဒုက္ခက္ခန္ဓသဆိုတဲ့ သဘောတရားတွေ ၁၁-ပါးနဲ့ ၁၉-ပါး ဘဲရှာလို့ တွေ့ရပါတယ်။ နာမည်တပ်ထားသော (ဗြဟ္မာ၊ နတ်, လူ, သတ္တဝါ) ဟူသော ပညတ်ကားမရှိပါ။ ရှိနေတဲ့ ပဋိစ္စသမုပ္ပါဒ်၌လဲ အဝိဇ္ဇာက ဝေဒနာအထိ အဝိဇ္ဇာနဲ့ ဒိဋ္ဌိ သဘာဘိုပါဘဲ။ တဏှာ၊ ဥပါဒါန်၊ ဘဝကား တဏှာသတ်ဘို့ ပါဘဲ။ ဇာတိကဒုက္ခက္ခန္ဓသအထိကား မာနသတ်ဘို့တည်း။ အဝိဇ္ဇာဒိဋ္ဌိသတ် ၇-ပါးကား သောတာပန်၊ သကဒါဂါမ် တည်ဘို့ရဘိုပါဘဲ။ (တဏှာ, ဥပါဒါန်, ဘဝ) ၃-ပါးကား အနာဂါမ်တည်ဘို့ပါဘဲ။ ဇာတိကစ၍ဒုက္ခက္ခန္ဓသအထိကား ရဟန္တာဖြစ်ဘို့ပါဘဲ။ အသေးစိပ်ပြနိုင်သမျှပြလေ၊ ရှင်းလေ ပြလေရှင်းလေ အဝိဇ္ဇာဒိဋ္ဌိကွာလေပါဘဲ။

## (၂၃၈) ပညတ်နဲ့ ပရမတ်ခွဲပြဦးမည်

## သေသေချာချာကြည့်ကြပါ

| | |
|---|---|
| မိမ္မ ၁၅၁၀-မီး | ယောကျ်ား ၁၅၀၀-မီး |
| ပြဟ္မာ ၁၅၀၀-မီး | နတ် ၁၅၀၀-မီး |

ဤပုံစံ၌ မိမ္မတဦးကို ယူပြသဖြင့် မိမ္မတိုင်း အတူကဲ့လဲ့သိ ဘို့ပါဘဲ။ မိမ္မတဦး၌ပင် ၁၅၀၀-မီး လောင်ခြင်းခံစားနေရသည်။ မိမ္မတိုင်း၌လည်း ၁၅၀၀-မီးကိုယ်စီနှင့်ပါဘဲ။ ယောကျ်ားတဦး ၌ပင် ၁၅၀၀-မီးလောင်၍နေရာ ယောကျ်ားတိုင်း၌လည်း ၁၅၀၀ မီး ကိုယ်စီနှင့်ပါဘဲ။ နတ်တဦး၌ပင် ၁၅၀၀-မီး လောင်၍ နေရာ နတ်တိုင်း၌လည်း ၁၅၀၀-မီးကိုယ်စီနှင့်ပါဘဲ။ ပြဟ္မာတဦး၌ပင် ၁၅၁၀-မီးလောင်နေပေရာ ပြဟ္မာတိုင်း၌ ၁၅၀၀ မီး၊ ကိုစီနှင့်ပါဘဲ။ ဒီပုံဖြစ်နေသော် ၃၁-ဘုံ အားလုံးဟာ ကိလေသာမီး ၁၅၀၀၊ ကိုယ်စီနှင့် မီးပုံကြီး ဖြစ်၍နေသည်။ ပညတ်နှင့်ပရမတ်ခွဲသော် မိမ္မ၊ ယောကျ်ား၊နတ်၊ပြဟ္မာ၊ အမည်၊ ကံသဒ္ဒပညတ်မပါဘဲ မိမ္မဒြပ်၊ ယောကျ်ားဒြပ်၊ နတ်ဒြပ်၊ ပြဟ္မာဒြပ်က အတ္ထပညတ်မပါဘဲ ၎င်းတို့ အတွင်းမှာ ရှိသော (၁၅၀၀) သဘောကသာလျှင် ပရမတ် တရားပါ ပညတ်နှင့် ပရမတ်ကား မရောပါ၊ ဒိဋ္ဌိကွာပါပြီ။ (ပညတ် ပရမတ်၊ မရောစပ်၊ ဆတ်ဆတ်ဒိဋ္ဌိကွာ) လက်ာကြည့်ကြပါ

(၂၇၉) ယေစဗုဒ္ဓါအတီတာစ
သမုဒ္ဒါဝါဠုကူပမာ
ဒါနံဝအာဒိံ ကတွာ
သံဗောဓိဥ္စလဘန္တိတေ
စိန္တိတံသတ္တသင်္ချေယျံ
နဝသင်္ချေယျဝါစိကံ
ကာယဝါစံ စတုချေယျံ
ဗုဒ္ဓတ္တံ ဥပမာဂမိ။

ပထမဂါထာကား ဗုဒ္ဓအပဒါန် ပါဠိတော်ကြီးမှ ဒုတိယဂါထာကား သောတတ္ထကိ ပါဠိတော်မှ (အနက်ကား)သမုဒ္ဒဝါလုကူပမာ၊ သမုဒ္ဒရာသဲလုံးနှင့်အမျှ ပွင့်တော်မူကြကုန်သော။ အတီတာ၊ လွန်လေပြီး ကုန်သော။ ယေစဗုဒ္ဓ၊ အကြင် ဘုရားရှင်အပေါင်းတို့သည်။ ဒ္တတ္ထိသန္တိ၊ ရှိကြကုန်၏။ တေဗုဒ္ဓါ၊ ထိုသမုဒ္ဒရာ:ဝါလုသဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်အပေါင်းတို့သည်။ ဒါနံဝ၊ ဒါနပါရမီအစချီသော ပါရမီအပြား ၃၀တို့ကိုသာလျှင်။အာဒိံကတွာ၊အစအမှူးအကြီးပြုကြကုန်၍။ သံဗောဓိံ၊သဗ္ဗညုတာ ရွှေဉာဏ်တော်ကြီးကို။ လဘန္တိ၊ ရတော် မူကြမကုန်၏။ (ဒုတိယဂါထာအနက်ကား)ဗောဓိသတ္တော၊ဘုရားလောင်းသည်။ သတ္တသင်္ချေယျံ၊ ၇–သင်္ချေပတ်လုံး။ စိန္တိတံ၊ စိတ်ဖြင့်ကြံစီ၍ ဘုရားဆုကိုပြုတော်မူခဲ့၏။ နဝသင်္ချေယျံ၊ကိုးသင်္ချေပတ်လုံး။ ဝါစိကံ၊ နှုတ်မြွက်၍ဘုရားဆုကို ပြုတော်မူပေ၏။ စတုချေယျံ၊၄–သင်္ချေနှဲ့ကမ္ဘာတသိန်းပတ်လုံး။ ကာယဝါစံ၊ ကိုယ်ရောနှုတ်ရော၊ဘုရားဆုကို ပြုတော်မူ၍။ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ ဥပမာဂမိ၊ ကပ်၍ရောက်တော်မူလေပြီ။

(က) သံသရာတုန်းက သမုဒ္ဒရာဝါဠု၊ သဲစုမကသော ဘုရားတွေပွင့်ကြကုန်ပြီ။ (၂) ၇-သင်္ချေစိတ်ဖြင့် ဆုယူတုန်းကလဲ ပြဟ္မဒေဝဘုရားကစ၍ ဘုရားပေါင်း (၁၂၅၀၀၀) လောက်ပွင့်၍သွားကြပြီ။ (၃) ၉-သင်္ချေတုန်းကလဲ ပေါရာဏဂေါတမဘုရားကစ၍ဘုရားပေါင်း(၃၈၇၀၀၀)လောက်ပွင့်ကြပြီ။ (၄)သင်္ချေတုန်းကလဲ(တဏှင်္ကရာ၊မေဓင်္ကရာ၊ သရဏင်္ကရာ၊ဒီပင်္ကရာကစ၍ (၁၂) ဆူပွင့်ကြကုန်ပြီ။(၅)ကမ္ဘာတသိန်းတုန်းကလဲ ပဒုမုတ္တရစသော ဘုရားပေါင်း (၁၇) တို့ပွင့်ကြကုန်ပြီ (သံဗုဒ္ဓဂါထာ) အရမှာ [၇-သင်္ချေ၊ ၉-သင်္ချေ ၄-သင်္ချေ၊ ကမ္ဘာတသိန်းအတွင်း၌ ဘုရားပေါင်း (၅၁၂၀၂၈)ပွင့်၍သွားကြပြီ။ တာပေမဲ့၊ ငါတို့ရရှိထားတဲ့ ဘဒ္ဒကမ္ဘာမျိုးမတွေ့ခဲ့ရပါ။ ငါတို့သာ ပါရမီကောင်း၊ ကံကောင်း၍ ဘဒ္ဒကမ္ဘာနှင့် ကြုံကြိုက်ကြရပါသည်။

| | | |
|---|---|---|
| (၂၄၀) | ငါးဆူပွင့်ကြ ဘဒ္ဒကမ္ဘာ | ငါတို့ဟာ |
| | ကံကဆောင်ပို့ ငါတို့ရောက်လာ | ငါးဆူပွင့်တဲ့ |
| | ကံလှ၊ဈာန်လှ၊ဉာဏ်လှသုံးဖြာ | ဘဒ္ဒ က မ္ဘာ |
| | အလှဆုံး ထိပ်ဆုံးနေကြတာ။ | ကြီးထဲသို့ ကံ |

ကပို့လို့ရောက်လာကြသည်။ပါရမီဖြည့်ပုံ၊ပါရမီရင့်ပုံ၊ ပါရမီများပုံ၏သက်သေပါအဲ။ ငါတို့ဟာ ဘုရားငါးဆူ၏ အမွေတော်ကြီးများကို ရထိုက်၊ရသင့်လှပါ။ (၂)၄-ဆူပွင့်သော ကမ္ဘာထဲက လူ့၊နတ်၊ပြဟ္မာတွေမှာ ၄-ဆူ၏ အမွေနှင့်သာ

ထိုက်တန်ကြသည်။ ငါတို့မှာ ငါးဆူ၏အမွေကိုရမှာပါ။ (၃) ၃-ဆူပွင့်သော ကမ္ဘာထဲက လူ့,နတ်,ဗြဟ္မာ,တွေမှာ ၃-ဆူ သော ဘုရား၏အမွေနှင့်သာ ထိုက်တန်ကြပါတယ်။ ငါတို့ ကား ငါးဆူ၏ အမွေပါ။ (၄) နှစ်ဆူပွင့်သော ကမ္ဘာထဲက လူနတ်ဗြဟ္မာတွေမှာ ၂-ဆူ၏အမွေနှင့်သာထိုက်တန်ကြသည်။ ငါတို့ကား ငါးဆူ၏အမွေပါ။ (၅) တဆူပွင့်သော ကမ္ဘာထဲ က လူနတ် ဗြဟ္မာတွေမှာ တဆူ၏အမွေနှင့်သာ ထိုက်တန်ကြ တယ်။ ငါတို့မှာ ငါးဆူ၏အမွေပါ။ (၆) သုညကမ္ဘာထဲက လူ့ နတ်,ဗြဟ္မာတွေမှာ ဘယ်အမွေမှမရထိုက်ကြပါ။ ငါးတို့ ကား ငါးဆူ၏အမွေပါ။ (ဒါ့ကြောင့်သုညကမ္ဘာတဆူပွင့် ကမ္ဘာ ၂-ဆူပွင့်၊ ကမ္ဘာ ၃-ဆူပွင့်၊ ကမ္ဘာ-၄ ဆူပွင့်ကမ္ဘာ ရှင်းမျိုးထဲက လူတွေထက်၊ နတ်တွေထက်၊ ဗြဟ္မာတွေထက် ပင် ငါတို့ကကံလဲသာ ဈာန်လဲသာ ဉာဏ်လဲသာ ပါရမီလဲ သာ၍နေကြသည်။ ဒါ့ကြောင့် ဝိပဿနာနဲ့ငါးဆူ၏အမွေ တော်ကြီးများကိုယူထားကြပါ။

(၂၄၁) [ဘဒ္ဒကမ္ဘာဆိုတာမျိုးဟာ] ယသ္မိံ မနကပ္ပေ၊ ပဉ္စ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ၊ သောဘဒ္ဒကပ္ပေါတိဝုစ္စတိ၊ သောပနံအတိဒုလ္လ ဘောတသ္မိံ ကပ္ပေ၊ ယေဘုယျေနသတ္တာ၊ ကလျာဏာ သုခဗဟု လာဟောန္တိ၊ ယေဘုယျေန၊ တိဟေတုကာ၊ကိလေသကျွယံ၊ ကရောန္တိ၊ဒွိဟေတုကာ၊ သုဂတိဂါမိနောဟောန္တိ၊ အဟေတု ကာ၊ ဟေတုံပဋိလဘန္တိ၊ တသ္မာသောကပ္ပေါ ဘဒ္ဒကပ္ပေါတိ ဝုစ္စတိ။] (သောတတ္ထကီပါဠိ ၇-ကြောင်းရေ၊ ၂၃-သုမ္မ။)

ရှင်းပါဠိကိုမြန်မာပြန်သော်။အကြင်ကပ်၌ငါးဆူကုန်သော ဘုရားရှင်ကြီးတို့သည် ဖြစ်ပေါ်လာကြကုန်၏။ထိုကပ်ကမ္ဘာကို၊ ကောင်းမြတ်သော ကမ္ဘာကြီးဟူ၍ဆိုအပ်၏။ ထိုကပ်ကမ္ဘာမျိုးကို အလွန်မင်ရခဲလှသည်။ ထိုဘဒ္ဒကမ္ဘာ၌ များသောအားဖြင့် သတ္တဝါတို့သည်။ ကောင်းမြတ်သော စိတ်ထားနှင့် ချမ်းသာခြင်းများကြကုန်၏။ ဘဒ္ဒကမ္ဘာမှာများသောအားဖြင့် တိဟိတ်တွေသာ ဖြစ်လာကြကုန်၏။ ထို့ကြောင့် ကိလေသာ၏ကုန်ခမ်းခြင်းကိုပြုကြကုန်၏။ (ဝိပဿနာနဲ့ကိလေသာကို ကုန်ခမ်းစေကုန်၏ဟူလို။) အကယ်၍ ဒွိဟိတ်ပုဂ္ဂိုလ်များ၊ နဲနဲ-ပါးပါး ရှိစေဦး၊တော့ ရှင်းဒွိဟိတ်ပုဂ္ဂိုလ်တို့သည်။ လူ့နတ်ပြဟ္မာဘုံသို့သာ သွားကြကုန်၏။ အကယ်၍များ အဟိတ်ပုဂ္ဂိုလ် တယောက်တလေ ရှိစေဦးတော့။ ထိုအဟိတ်ပုဂ္ဂိုလ်ဟာ ဟိတ်ကိုရ၍ ကျွတ်လွတ်နိုင်တော့သည်။ထို့ကြောင့် တိဟိတ်လဲမဂ်ဖိုလ်ရရော၊ ဒွိဟိတ်လဲလူနတ်ပြဟ္မာရောက်ရော၊ အဟိတ်လဲဟိတ်နှင့်ပြည့်စုံခြင်းကိုရရော၊ ဤဂုဏ်တို့ကြောင့် ရှင်းကမ္ဘာကို ဘဒ္ဒကမ္ဘာကြီးလို့မှည့်ခေါ်ဂုဏ်ပြုကြရသည်။ ငါတို့သည်။ ဘဒ္ဒကမ္ဘာကြီးထဲ၌ကြုံလာ၍ ဘုရားငါးဆူတို့၏အမွေကိုယူနိုင်ကြသည်။ ဘုရား ၅-ဆူတို့၏ အမွေတော်ကြီးများကို (မရလျှင်မနေတော့ပါ အရဘဲယူမည်ဟု သတိနဲ့၊ သမာဓိနဲ့၊ သေဆုံတဲ့ ပညာနဲ့ ကြိုးစားပြီး အမွေကိုယူကြပါ။

(၂၄၂) အပါယ်ဘဝကတောင်မှ အမွေယူ၍ ၂-ဘဝ

နဲ့ ကျွတ်လွတ် သွားကြပါပြီ။ [မြွေ ၂-ဘ၀၊ ဖါး ၂-ဘ၀၊ ငှင်းနည်းပင် နွား၊ ဆင်၊ မြင်း၊ ကြက်မ၊ ကျေးသား ဇီးကွက် မျောက် ၂-ဘ၀ စီပါတဲ့။ သီဟိုဠ်ကျွန်းက လင်းနို့ သား ၅၀၀ ၂-ဘ၀ပါတဲ့။ ဇမ္ဗူဒိတ်ကလင်းနို့ သား ၅၀၀-တို့မှာ အန္တရကပ်တကပ်လုံးနတ်ပြည်မှာနေကြသည်။ကဿပဘုရား၏ လက်ထက်တော်ကစ၍ ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်အထိပင် နတ်ပြည်၌ ဖြစ်ကြသည်။ (ဒါန၊ သီလ သမထပြုကြသောနတ်များထက်။) ငှင်းနတ်များက သာလွန် တန်ခိုးကြီးမားစွာနှင့် နေကြရသည်။ ရုပ်သံ၊ နာမ်သံမျှကို ကြားနာကြရလို့ပါ၊ ငှင်းမြွေ၊ ဖါး၊ နွား၊ ဆင်၊ မြင်း၊ မျောက် စသောအပါယ်ဘုံသားတို့မှာ ရုပ်သံ-နာမ်သံကိုနားကသာ ကြားရသည်။ ဇောရှိသော မနောက ဒါရုပ်ဘဲ၊ ဒါနာမ်ဘဲဟု မသိကြပါ။ နားကကြားရတာတော်မှ အန္တရတကပ်လုံး နတ်ပြည်၌ကြာကြာကြီးနေနိုင်ကြသည်။ (ဒါသီထနတ်တို့ကို လွှမ်းမိုးနိုင်ကြသည်။ ပဥ္စဂ္ဂပုဏ္ဏား လင်မယား တစုံဟာလဲ နားကသာရုပ်သံ-နာမ်သံကိုကြားရသည်။ ဇောရှိတဲ့မနော က ရုပ်သံနာမ်သံဟာ ပရမတ်ဘဲ၊ ကလာပ်ဘဲ၊ ဓါတ်ဘဲဟု မသိကြပါ။ နားကြားရုံမျှနှင့်ပင် အန္တရကပ်တခုလုံး ကဿပ မှ ဂေါတမအထိ ကြာကြာကြီးနတ်ပြည်၌နေနိုင်တော့သည် အသံကြားရုံနဲ့ရကြပုံပါတဲ့။

## (၂၄၃) ဘဒ္ဒကမ္ဘာကြီးနှင့်ကြုံကြိုက်လျှင်

ဘဒ္ဒကမ္ဘာကြီးနှင့် ကြုံကြိုက်လျှင် ဘာကို လုပ်ရမှာလဲ။ အရေးကြီးတဲ့ အနုသယဖြုတ်ပါ။

| ဝီတိက္ကမကိလေသာ ဒါန သီလနဲ့သတ် | ပရိယုဋ္ဌာနကိလေသာ သမထ၊ သမာဓိနဲ့သတ် |

| အနုသယကိလေသာ ပညာဉာဏ်နဲ့သတ် |

သတ္တဝါတဦးတဦးမှာ ယခုပြတဲ့ ကိလေသာ သုံးထပ် ရှိနေခဲ့ရတယ်။ ဝီတိက္ကမကိလေသာတို့ကို ဒါန သီလနဲ့ သတ်သေသည်။ ပရိယုဋ္ဌာန ကိလေသာတို့ကို သမထ၊ သမာဓိနဲ့ သတ်သေရသည်။ အနုသယကိလေသာတို့ကို ပညာ ဉာဏ်နဲ့ သတ်သေရသည်။ ငါတို့ဟာ တသံသရာလုံးပင် ဝီတိက္ကမကိလေသာတို့ကို ဒါန၊ သီလနဲ့ သတ်သတ်လာခဲ့ကြသည်။ ပရိယုဋ္ဌာနကိလေသာတို့ကို သမထ၊ သမာဓိနဲ့သတ်သတ်လာခဲ့ကြသည်။ [အနုသယကိလေသာတို့ကိုတော့ ပညာဉာဏ်နဲ့ မသတ်ခဲ့မိသောကြောင့် ယခုအထိ သတ္တဝါပုထုဇဉ်ဘဝနဲ့ နတ်ပုထုဇဉ်ဘဝနဲ့ ဗြဟ္မာပုထုဇဉ်ဘဝနှင့် နေခဲ့ရသည်။ မကျွတ်နိုင် မလွတ်နိုင် မထွက်မြောက်နိုင်ကြသေးပါ။

## (၂၄၄) အနုသယကိလေသာတို့ကို ပညာဉာဏ်နဲ့သတ်ကြပုံမှာ။ တဏှာ မာန ဒိဋ္ဌိအနုသယ ၃-မျိုးကို ဈာပနပြာချပြစ်ပုံ။

[ကထံနုခေါဘန္တေ၊ ဇာနတော၊ ပဿတော၊ ဣမသ္မိဉ္စ

သဝိညာဏကေ၊ကာယေ၊ဗဟိဒ္ဓိစ၊သဗ္ဗနိမိတ္တေသု၊ အဟံကာရ၊မမံကာရ၊မာနာနုသယာနဟောန္တိ။] ခန္ဓဂေါ၊ ယုတ်ပါဠိ တော်။ရာဓသုတ်တော်မှ။အရှင်ရာဓက မြတ်စွာဘုရားကိုမေး ပုံ။ ဘုန်းတော်အလွန်တရာ ကြီးမြတ်လှသော အရှင်ဘုရား ဝိညာဉ်သိရှိ၍နေသော ဤကိုယ်ခန္ဓာအတွင်း၌ရင်း။ အပြင် ကအလုံးစုံကုန်သော နိမိတ်တို့၌ရင်း။ အဟံကာရ ဒိဋ္ဌိ အနု သယစွဲတွေ။မမံကာရ တဏှာ အနုသယအစွဲတွေ၊မာနာနုသ ယ အစွဲတွေကိုပြုတ်ဘို့ရန် ဘယ်တရားကို ကိုယ်တွေ့အားဖြင့် သိသိထားမှ ဉာဏ်အမြင်အားဖြင့် မြင်မြင်ထားမှ ရင်းအစွဲ ၃-မျိုးတွေပြုတ်မှာလဲ ဘုရားတဲ့မေးပုံ။ ။ဘုရားကဖြေပုံ ကား[ယံကိဉ္စိ ရာဓ ရူပံ၊အတီတာနာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ၊ ဗဟိဒ္ဓါဝါ၊ ဩဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ၊ပဏီတံဝါ ယံဒူရေဝါ၊သန္တိကေဝါ၊ သဗ္ဗံ ရူပံ၊ နေတံမမနေသောဟမသ္မိ နမေသောအတ္တာတိ၊ ဧဝမေတံ၊ ယထာဘူတံ၊ သမ္မပ္ပညာယ ပဿတိ၊ ဇေ၀ခေါရာဓ၊ ဇာနတော၊ ပဿတော၊ဣမသ္မိဉ္စကာ ယေ၊ဗဟိဒ္ဓါစ သဗ္ဗနိမိတ္တေသု၊အဟံကာရ၊မမံကာရ၊ မာနာ နုသယာ၊ နဟောန္တိ။] ခန္ဓာဂုဏ်ယုတ်ပါဠိတော် ရာဓသုတ် တော်မှ။ ။ချစ်သားရာဓ၊ အလုံးစုံသော၊ အတိတ်ရုပ်၊ အနာဂါတ်ရုပ်၊မစ္စုပ္ပန်ရုပ်၊အဇ္ဈတ္တရုပ်၊ဗဟိဒ္ဓရုပ်၊ ဩဠာရိက ရုပ်၊သုခုမရုပ်၊ဟီနရုပ်၊ပဏီတရုပ်၊ဒူရေရုပ်၊ သန္တိကေရုပ်သည် ရှိ၍နေသည်။ ဤအလုံးစုံသော ရုပ်တဆဲ့တမျိုးကို ငါဟာ မဟုတ်၊ငါ့ဟာမရှိ။(တဏှာအနုသယဖြုတ်ပုံ) ငါမင်းသား

မဟုတ်။(မာနအနုသယဖြုတ်ပုံ)ငါပင်မရှိ၊ ငါမဟုတ်၊ ဒိဋ္ဌိအနုသယဖြုတ်ပုံ။ အဲဒါလို ကိုယ်တွေ့ ယထာဘူတဉာဏ်ဖြင့် သိသိမနေသော် သမ္မပညာဖြင့် မြင်မြင်နေသော် တဏှာ အနုသယစွဲရော၊မာနအနုသယစွဲရော၊ဒိဋ္ဌိအနုသယစွဲရော၊အရှင်းပြုတ်သွားလေသည်။ ချစ်သားရာဓတဲ့။

## အရှင်ရာဟုလာအား အနုသယအစွဲ ၃-ပါး ဖြုတ်စွါစေပုံ

(၂၄၅) [ပထဝီဓါတုယေဝသာ နေတံမမ၊နေသော ဟမသ္မိ၊ နမေသောအတ္တာတိ၊ ယထာဘူတံ၊ သမ္မပညာယ ဒဋ္ဌဗ္ဗံ ။]စတုက္ကအင်္ဂုတ္တိုရ်ပါဠိတော် ရာဟုလာသုတ်တော်မှ။ ချစ်သားရာဟုလာ သင်ရှုနေသော ပထဝီသဘော ဓါတ် တရားဟာ ငါ့၊သူ့၊လူ့၊နတ်ပညတ်မရှိဘဲ အမှားမကပ်ဘဲ။ ပထဝီဓါတ်သဘောမျှသာ ရှိ၍နေသည်။ ပထဝီဓါတ်ဟာ ငါ၏ဥစ္စာလဲမဟုတ်ပြီ။ (တဏှာအနုသယကိုဖြုတ်ပုံတည်း) ဤပထဝီဓါတ်ဟာ ငါမဝင်းသားလည်း မဟုတ်ပြီ (မာန အနုသယလိုဖြုတ်ပုံတည်း။)ဤပထဝီဓါတ်ဟာ ငါငါ၊သူသူ လူလူ၊နတ်နတ်ဟုထင်မှတ်စရာလဲမရှိပြီ။ (ဒိဋ္ဌိအနုသယဖြုတ် ပုံတည်း။ (ဇယားနဲ့ပြရပါမူ။)

| | | |
|---|---|---|
| နေ့တံမမပါဠိဖြင့် | နေသောဟာမသ္မိ | နေသောမေအတ္တာ |
| တဏှာအနုသယဖြုတ် | မာနအနုသယ | ဒိဋ္ဌိအနုသယဖြုတ်ပုံ |
| တဏှာပပဉ္စဖြုတ် | မာနပပဉ္စဖြုတ် | ဒိဋ္ဌိပပဉ္စဖြုတ် |
| တဏှာဂါဟဖြုတ် | မာနဂါဟဖြုတ် | ဒိဋ္ဌိဂါဟဖြုတ် |
| တဏှာမညနာဖြုတ် | မာနမညနာ | ဒိဋ္ဌိမညနာဖြုတ် |

(၂၄၆) သမုဒယသစ္စာကိုမပယ်၍ ဒုက္ခသစ္စာတွေဆက်ဆက်ဖြစ်နေပုံမှာ--။

[ကတမဉ္စ ဘိက္ခဝေ၊ ဒုက္ခသမုဒယံ၊ အရိယသစ္စံ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ၊ ဒုက္ခသမုဒယံ အရိယသစ္စန္တိ။] အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် မဟာဝဂ်၊ တိတ္ထာယတနသုတ် ဆဋ္ဌမူမှ။ နံပါတ်(၁၇၈) ဘာသာပြန်စာအုပ် နံပါတ်(၁၉၆)၌ပါရှိပုံ။ ။ဒုက္ခအားလုံးကိုဖြစ်စေ တတ်သော အရိယ သမုဒယသစ္စာ၊ အဘယ် တရားပါနည်း။ (အဖြေမှာ) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည်။ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည်။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်သည်။

သင္ဠာယတနကြောင့် ဖဿဖြစ်သည်။ ဖဿကြောင့် တဏှာဖြစ်သည်။ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် ဘဝဖြစ်သည်။ဘဝကြောင့် ဇာတိဖြစ်သည်။ ဇာတိကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဒုက္ခက္ခန္ဓာတွေ အဆက်ဆက်လည်၍ ဖြစ်ဖြစ်နေတော့သည်။အဲဒါပဋိစ္စသမုပ္ပါဒ်ဟာ ဒုက္ခကိုဖြစ်စေတတ်သော၊ သမုဒယသစ္စာဖြစ်ပုံပါဘဲ။

(၂၄၇) သမုဒယသစ္စာကိုပယ်၍ ဒုက္ခသစ္စာမဖြစ်တော့ဘဲ နိရောဓဖြစ်ရပုံမှာ--

[ကတမဥ္စဘိက္ခဝေ၊ဒုက္ခနိရောဓံ၊ အရိယသစ္စံ၊ အဝိဇ္ဇာယတွေဝ၊ အသေသ၊ ဝိရာဂနိရောဓာ၊ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ၊ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ၊ နာမရူပနိရောဓော၊ နာမရူပနိရောဓာ၊ သဠာယတနနိရောဓော သဠာယတနနိရောဓာ။ဖဿနိရောဓော၊ ဖဿနိရောဓာ၊ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော၊ တဏှာနိရောဓာ။ ဥပါဒါနနိရောဓော ဥပါဒါနနိရောဓာ။ ဘဝနိရောဓော၊ ဘဝနိရောဓာ။ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ဇရာ၊မရဏ၊သောက၊ ပရိဒေဝ ဒုက္ခ၊ ဒေါမနဿုပါယာသါ နိရုဇ္ဈန္တိ၊ဧဝမေတဿ၊ကေဝလဿဒုက္ခက္ခန္ဓဿနိရောဓော ဟောတီတိ၊ဣဒံ ဝုစ္စတိဘိက္ခဝေ၊ ဒုက္ခနိရောဓံ အရိယသစ္စံ။]

အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် မဟာဝဂ် တိတ္ထာယတနသုတ်တော် ဆဋ္ဌမူနိပါတ်-၁၇၇၊ဘာသာပြန်စာအုပ် နိပါတ်

၁၉၆ ဌာ၊ ပါရှိသည်။ ဒုက္ခနိရောဓအရိယသစ္စာ နိဗ္ဗာန်တရား ကား အဘယ်တရားပါနည်း။ အဝိဇ္ဇာ၏သာလျှင် အကြွင်း အကျန်မရှိ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်ရသည်။ သင်္ခါရ ချုပ်ခြင်းကြောင့်၊ ဝိညာဉ်ချုပ်ရသည်။ ဝိညာဉ်ချုပ်ခြင်း ကြောင့် နာမ်ရုပ်ချုပ်ရသည်။ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတန ချုပ်ရသည်။ သဠာယတန ချုပ်ခြင်းကြောင့် ဖဿချုပ်ရသည်။ ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်ရသည်။ ဝေဒနာချုပ်ခြင်းကြောင့် ဥပါဒါန်ချုပ်ရသည်။ ဥပါဒါန် ချုပ်ခြင်းကြောင့် ဘဝချုပ်ရသည်။ ဘဝချု ခြင်းကြောင့် ဇာတိချုပ်ရသည်။ ဇာတိချုပ်ခြင်းကြောင့် ဇရာ၊ မရဏ၊ သောက ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဒုက္ခက္ခန္ဓာ တွေချုပ်ရသည်။ ချုပ်သားတို့ ဤသို့ချုပ်ခြင်းကို ဒုက္ခနိရောဓ အရိယာသစ္စာ၊ နိဗ္ဗာန်ဟုဆိုရပါသည်။

## (၂၄၈) ဒုက္ခအားလုံးချုပ်ရာဖြစ်သော နိရောဓနိဗ္ဗာန်ဆိုတာ

(၁) ခန္ဓာကိုယ်ထဲမှာဘာဘဲပေါ်ပေါ်-တွေ့တွေ့၊ တခု ခုကို ဒါဟာ ဒုက္ခသစ္စာဘဲဟု ရှုရှုနေဘို့သာ ဝိပဿနာအလုပ် ပါ။ (၂) ဒုက္ခသစ္စာဘဲဟု အမှန်သိလျှင် သမ္မာဒိဋ္ဌိဝင်လာ၍ မဂ္ဂသစ္စာဖြစ်သည်။ (၃) မဂ္ဂသစ္စာဖြင့် အမှန်သိလျှင် သမုဒ ယသစ္စာအမှားတွေကိုသူ၏သဘာဝနဲ့ပယ်သွားမည်။ (၄) အ မှား သမုဒယသစ္စာကို ပယ်လျှင် လွတ်မြောက်ခြင်း ဒုက္ခ ချုပ် ငြိမ်းခြင်း နိရောဓသစ္စာကို ရရလာမည်။ အဲဒါသစ္စာ

၄-ပါး။ခန္ဓာထဲ၊စိတ်ထဲဝင်ပုံတည်း။ (တနည်း) ဘာဘဲပေါ် ပေါ် ဒုက္ခသစ္စာပါဘဲ၊ဒင်းဒုက္ခသစ္စာကိုရှုတာဟာ မဂ္ဂသစ္စာ မဂ်ရပြီဟူလို။ ဒုက္ခသစ္စာကိုမလိုချင်တာက သမုဒယသစ္စာ ပါဘဲ။ ဒင်းသမုဒယသစ္စာကိုရှုလျှင် နိရောဓသစ္စာဖြစ်လာ သည်။အဲဒီတော့ ဒုက္ခသစ္စာနဲ့ မဂ္ဂသစ္စာကတတွဲပါ။× သမုဒယသစ္စာနဲ့ နိရောဓသစ္စာကတတွဲပါ။ (တနည်း) သမုဒယကြောင့် ဒုက္ခဖြစ်သည်။ အကြောင်း-အကျိုး တတွဲပါ။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံတည်း။×မဂ္ဂကြောင့် နိရောဓဖြစ်သည်အကြောင်း-အကျိုးတတွဲပါ။ ပဋိစ္စသမုပ္ပါဒ်ပါဘဲ။ဒီပုံအနည်းနည်း ခွဲခွဲပြီး သိထားကြပါလေ။ မဂ္ဂသစ္စာကို မဂ်တရားဟုခေါ်သည်။ နိရောဓသစ္စာကို နိဗ္ဗာန်တရားဟုခေါ်သည်။

## (၂၄၉) လူနတ်ဗြဟ္မာတွေ မိစ္ဆာဒိဋ္ဌိမှလွတ်မလွတ်

အရှင်ရာဟုလာသည်၊ ၇-နှစ်အရွယ် တုန်းက မြတ်စွာဘုရားထံ၌ မိဘအမွေကိုတောင်းလာသည်။ မြတ်စွာဘုရားက ရှင်ပြုပြီး ပထမအမွေ ပေးလိုက်သည်။ ရာဟုလာဟာ ရှင်ကလေးဖြစ်လာသည်။ ဆယ်ပါးသီလလုံခြုံသည်။ ဒဏ် ၁၀-ပါးလုံခြုံသည်။ စုဒ္ဒသခန္ဓကဝတ် (၁၀) လုံခြုံသည်။ သေခိယ ၇၅-ပါးလုံခြုံသည်။ တာတောင်မှ မြတ်စွာဘုရားက ချစ်သားရာဟုလာ၊ သင်ဟာ မိစ္ဆာဒိဋ္ဌိ ရှစ်ပါးမှလွတ်ပါစေဟု မိန့်တော်မူသည်။ [အရှင်ရာဟုလာက ကြံစီသည်။ ငါဟာ ကိုရင်လဲဖြစ်ပြီ၊ ဆယ်ပါးသီလလဲပြည့်ဝပြီ၊ ဒဏ် ၁၀-ပါးလဲလုံခြုံပြီ။ လိင် ၁၀-ပါးလဲလုံခြုံပြီ။ စုဒ္ဒသခန္ဓက

ဝဂ် (၇၀)လဲပြည့်ပြီ။ သေခိယ ၇၅-လဲ လုံခြုံသည်။ တာ တောင်မှ ငါ့ကိုမိစ္ဆာဒိဋ္ဌိရှစ်ပါးမှ မလွတ်သေးဘူးတဲ့။ မိစ္ဆာ ဒိဋ္ဌိ ၈-ပါးမှ လွတ်အောင်နေပါတဲ့။ ဘယ်လိုနေမှ မိစ္ဆာ ၈-ပါးမှလွတ်မှာလဲ မေးလျှောက်မှ အတပ်အမှန် သိရတော့ မည်ဟု။ ကြံစီပြီးမေးလျှောက်သည်မှာ (ကထံနုခေါ ဘန္တေ ဇာနတော၊ ပဿတော၊ မိစ္ဆာဒိဋ္ဌိ ပဇဟတိ။]တဲ့။ ခမည်း တော်မြတ်စွာဘုရားအဘယ်တရားကို သိသိနေမှ ဘယ်တရား ကို မြင်မြင်နေမှ မိစ္ဆာဒိဋ္ဌိ လွတ်မှာလဲအရှင်ဘုရားဟု မေး လျှောက်သည်။ဒီလိုမေးတော့ မြတ်စွာဘုရားက ဖြေပြသည် မှာ (ပထဝီဓါတုံခေါရာဟုလ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ မိစ္ဆာဒိဋ္ဌိ ပဇဟတိ။)ဟု၊ ဖြေပြတော်မူသည်။ ချစ်သားရာဟုလာ ပထဝီဓါတ်သဘောကို အနိစ္စနဲ့တွဲတွဲပြီး ကိုယ်ရေတွေဖြင့် သိသိနေပါမှ ဉာဏ်ဖြင့်မြင်မြင်နေပါမှ မိစ္ဆာ ဒိဋ္ဌိမှ ကျွတ်မယ်မယ် ထွက်မြောက်မယ်တဲ့။]အဲဒါကို တနှစ် လုံး တဘဝလုံး ဖဘ်ဖတ်ပြီးတော့ စဉ်းစားကြပါ၊ ဝေဘန် ကြပါလေ။

## (၂၅၀) မိစ္ဆာဒိဋ္ဌိရှိ၍နေလျှင် အပါယ် လေးပါး၌နေရမည်တဲ့.

[မိစ္ဆာဒိဋ္ဌိံ ပုရေက္ခိတွာန သတ္တာဂစ္ဆန္တိဒုဂ္ဂတိံ။]ဓမ္မပဒ ပါဠိတော်မှ အနက်ကား။မိစ္ဆာဒိဋ္ဌိံ၊မိစ္ဆာဒိဋ္ဌိကို။ပုရေက္ခိတွာ န၊ရှေ့သွားပြုခြင်းကြောင့်။သတ္တာ၊လူ နတ် ဗြဟ္မာ သတ္တဝါ တို့သည်။ဒုဂ္ဂတိံ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့

အပါယ်လေးဘုံသို့ ဂစ္ဆန္တိ၊ မိစ္ဆာ ကတွန်းလှန်သဖြင့် ဂျွန်းပြန် ကါ ကျရောက်ကြလေကုန်တော့သတည်း။

(၂၅၁) သေသိ၊ ပုသိ၊ ယားသိ၊ စသည်တို့ကား မဂ်ဉာဏ် ပါဘဲ။ (ကောမဂ်ပါဘဲ သိဉာဏ်ပါဘဲ။) အရာရာဒီပုံသိကြ ပါ။

(၂၅၂) ဒါန၊ သီလ၊ သမထဆိုတာ ပြန်တွေးကြည့် လျှင် စိတ်၌ကပ်၍ ပြနေသည်။ ဝိပဿနာတရားကား ဒီလို မဟုတ်ဘဲ။ ရုပ်၌ပေါ်ပြ စိတ်၌ကပ်ပြ၊ ဒွန်တွဲ၍ ပြသည်။ ပရမတ်မို့ ဒီပုံကွဲနေတာပ ါ။

(၂၅၃) သတိထားတုန်း သမာဓိရတုန်း၌ ငယ်ထိပ်မှာ ဖြစ်ပေမဲ့။ ။ပရမတ်ပေါ်၊ ဓါတ်ပေါ် ကလာပ်ပေါ်တော့ ဥပမာ ခြေဖျားမှာ ဒူးမှာ ဒီပုံ ဌာနကွဲပြား၍ ပေါ်ပြကြ သည်။ ငယ်ထိပ်၌ သတိ၊ သမာဓိစိတ်ဟာ ကာမဇောပါဘဲ။ ခြေမှာ ဒူးမှာ နဖူးမှာ ပရမတ်ပေါ်တာကား အပ္ပနာဇော ပါဘဲ။

(၂၅၄) (သေ်) ရုပ်နာမ် ပရမတ်ကို စက္ခု၊ သောတ ဃာန၊ ဇိဝှာ၊ ကာယ၊ မနဟူကုန်သော ကာမဇောဖြင့်တွေ့ တာမဟုတ်ပါ။ ဝိညာဉ်သိ ၆-ပါး၊ ဒွါရ ၆ ပါး၊ သညာ ၆-ပါး၊ ဖဿ ၆-ပါး၊ ဝေဒနာ ၆-ပါး၊ စိတ် ၆-ပါး၊ ာမဇောများ၏ အရာမဟုတ်ပါ။ ။ရင်းပြင် ဝိညာဉ်သိ ဘဲ ာသိ၊ ဒိဋ္ဌိသိ၊ ဝိတက်သိ၊ သုတမယဉာဏ်သိ၊ စိန္တာမယ ိ၊ကိစ္စများမဟုတ်ကြပါ။ အမှန်မှာ (သတိနဲ့၊ သမာဓိနဲ့

ပညာနဲ့သာ)တွေ့ကြရ၊ သိကြရ၊ မြင်ကြရသော ပရမတ်တွေ ပါဘဲဟု သိထားကြပါ။

(၂၅၅) ပရိကမ္မသမာဓိ၊ ဘာဝနာ သမာဓိ၊ အပ္ပနာ သမာဓိ ၃-ပါးတွင် စိတ်ကိုသတိနဲ့ဖမ်းစဉ် လစ်ပြေး-လစ်ပြေးနှင့် စိတ်နွားကရှေ့က၊ သတိနွားရှင်က မျက်ရိပ်မပြတ်ဘဲ၊ လိုက်နေတယ်။ မိတ္တာနှင့်ပြန်ခေါ်လာပြီး ငယ်ထိုး၌ ထားရသည်၊ ဤလိုသမာဓိမျိုးကား ပရိကမ္မသမာဓိဟုခေါ်ရသည်။(၂)ဒီနေရာ၌ စိတ်ကိုထားတော့ စိတ်ဟာဒီနေရာ၌ဘဲ ငြိမ်ဝပ်၍ တည်နေတယ်။ ၎င်းသမာဓိမျိုးကို ဘာဝနာ သမာဓိဟုခေါ်ရသည်။ဓါတ်ပေါ်တော့စိတ်မပြေးတော့ဘဲ အာရုံ၌သာ သတိနဲ့၊သမာဓိနဲ့၊ပညာနဲ့တွဲတွဲပြီး ဝိထိသာကျကျနေသည်။ အာရုံကားမပြောင်းပါ၊ ဉာဏ်သာပြောင်းပြောင်းနေသည်။ အဲဒါ အပ္ပနာသမာဓိပါ၊ သမာဓိခမ်း၌ ပြစဉ်က [သမထ-၄၀၊ ဝိဇ္ဇာ၊ အဘိညာဉ်၊ သမာပတ်၊စျာန် ကိုးစျာန်၊ မြေလျှိုး မိုးပျံ၊ တန်ခိုးစျာန်၊ ပြဟ္မာ ၂၀-ဖြစ်၊ ရှေးကမ္ဘာ ၄၀-မြင်၊နောက်ကမ္ဘာ ၄၀-မြင်၊ ကမ္ဘာပေါင်း (၈၄၀၀၀)နေရစသော အကျိုးတွေကိုရင်း။သမာဓိ ၃-ပါး ကပေးပေးနေပါသည်။

(၂၅၆) သတိ၊ သမ္မာသတိ ၂-မျိုး။× သမာဓိ၊ သမ္မာ သမာဓိ ၂-မျိုး။ပညာ သမ္မာဒိဋ္ဌိ ၂-မျိုး၊ ဒွိစုံ-ဒွိစုံကို ခွဲခြား သိပါမှ ပြောပြကြပါ။မသိဘဲ၊မကွဲဘဲ၊သောကောရောရော ပြောမိလျှင် ဝန်လေးသူပါသည်။ ။